www.burmeseclassic.com



www.burmeseclassic.com

# ပြည့်ပိုင်မှူးအိမ်

# အချစ်ရဲနှကွတ်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၇၇)၊ ၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၃၇၉၅၃၇

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၀၈၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၄၆၀၅၀၉

| | | |
|---|---|---|
| အဖုံးပန်းချီ | - | အာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၃၉၀၀) |
| | | ၇၇/ခ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |


www.burmeseclassic.com

*မင်းမြတ်နိုးရင် အရာရာဟာ လှတာချည်းပါပဲ။*

***ဂျင်းအနိုး***

*Things are beautiful if you love them.*

***Jean Anouilh***

www.burmeseclassic.com

www.burmeseclassic.com



*နင့်ကိုချစ်တာကို*
*ဘာကြောင့်လို့*
*သက်သေပြဖို့ လိုသေးလို့လား။*
*တကယ်လို့ ... လိုတယ်ဆိုရင်လည်း*
*ရှေးရေစက်ဆိုတာကြီးကိုပဲ*
*လက်ညှိုးထိုးပြရမယ်ထင်တယ်။*
*ငါ ချစ်မိနေတော့ မင်းဘာလုပ်လုပ် အရာရာဟာ လှနေတယ်။*

**အာကာထွန်း**

တော်ထင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရက်ရာဇာတွေ
ပြဿဒါးတွေဆိုတာ
အခုမှ ပေါ်တာမဟုတ်ဘူးလေ
စျေးသုံးလွယ်လို့မရသလို
ရှေးထုံးဆိုတာလည်း ပယ်လို့မရဘူး။

ချစ်သက်နှင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မွေးနေ့မို့ ဘုရားသွားချင်စိတ် အားကြီးလွန်းသဖြင့် အာကာထွန်း ရွှေတိဂုံဘုရားကို စောစောထွက်လာခဲ့သည်။ စောစောထလေ့မရှိသောအ ဆောင်အတူနေ ဘော်ဒါများကို အားနာသဖြင့် အာကာ မနှိုးခဲ့ဘဲ တစ်ယောက် တည်း လာခဲ့ခြင်းဖြစ်သည်။

ရှေ့တည့်တည့်မှ မြင်နေရသော မြင်ကွင်းက စိတ်ဝင်စားစရာ။ အင်မတန်လှသော ကောင်မလေးတစ်ယောက်။ ပုတီးကို တဒေါက်ဒေါက် စိပ်နေသည်။ သူမကိုင်ထားသော ပုတီးက သာမန် အများကိုင်နေကျ ပုတီး ထက်ကြီးသည်။

အာရုံကို ပုတီးစိပ်ရာတွင်နှစ်ထားသော သူမ၏ သွင်ပြင်မှာ အေးချမ်း လှသည်။ မျက်လွှာစုံချထားသဖြင့် ရှည်လျားကော့ညွတ်နေသော သူမ၏ မျက် တောင်များကရှင်းလင်း လှပနေသည်။

အာကာထွန်း အချိန်အကြာကြီး ဘုရားရှိခိုးပြီးသည်အထိ သူမ ပုတီး စိတ်၍မပြီးသေး။ အာကာလည်း ကြည့်ကောင်းကောင်းဖြင့် မသိမသာခိုး ကြည့်နေမိခြင်းဖြစ်သည်။ နည်းနည်းလေးကြာလာတော့ အာကာပျင်းလာ သည်။ နေရာနှင့်နီးသော တနင်္လာထောင့်မှာ ဘုရားအား ရေသပ္ပာယ်ရန် ထထွက်လာခဲ့မိသည်။ အာကာ့မိခင်မှာ တနင်္လာနေ့ဖွားမို့ အမေ့အတွက် ရည်စူးကာ အာကာ ကုသိုလ်ပြုရန် ရည်ရွယ်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူအတွက် ရည်စူးပြီး မိခင်၏အသက်စေ့ ရေခွက်ဖြင့် ရေခပ်ကာ ဘုရားအားရေသပ္ပာယ်နေမိသည်။ ထိုအချိန် ဘေးမှာလာရပ်သော သူမကို မြင်တော့ အာကာ၏ရင်ထဲမှာ လှပ်ခနဲ ခုန်သည်။

အာကာရေခွက်ကို မှတ်ကာ ရေတွက်ရင်း သူမလာရပ်သဖြင့် အာရုံပြောင်းသွားမိကာ မေ့သွားသည်မို့ 'ကျွတ်'ဟု စုပ်သပ်မိကာ အစမှပြန်၍ ရေသပ္ပာယ်ရန် ပြင်သည်။

'ဒီမှာ၊ အဲဒီရေခွက်အနီလေး ကျွန်မကို ပေးပါလား၊ ရှင်က ဒီအစိမ်းရောင်လေးနဲ့ လှူပေါ့'

ဆည်းလည်းသံလေး။ ရုပ်ရည်လှပသော သူမမှာ ဤသို့ သာယာ သောအသံကိုလည်း ပိုင်ဆိုင်ပါလားဟု အာကာတွေးမိသည်။

'ခင်ဗျာ'

အာကာ မကြားယောင်ပြုကာ 'ခင်ဗျာ' လိုက်သည်။

'ကျွတ်၊ အဲဒီရေခွက် အနီရောင်လေးနဲ့ ကျွန်မဘုရားကို ရေသပ္ပာယ်ချင်လို့ ဒီရေခွက်အစိမ်းနဲ့ လဲပေးပါလားလို့ပြောတာ'

'ဩော်'

BURMESE CLASSIC .com

အာကာ ဒီလောက်ဆိုသဘောပေါက်သည်။ စောစောက ပုတီးကြီးကြီးနဲ့ စိပ်နေကတည်းက တစ်ခုခုပဲဟု သူတွေးမိပြီးသား၊ အခုလည်းအစိမ်းရောင်တွေထဲမှာ ရှားရှားပါးပါး တစ်ခွက်တည်းရှိသော ဒီအနီရောင်လေးနဲ့မှ ဘုရားကိုရေသပ္ပာယ်ချင်သည်ဆိုတော့ ယတြာခြေတာပဲ ဖြစ်မည်ဟု အာကာတွက်မိသည်။

'ဟို ခဏလေးနော် ကျွန်တော်က ကျွန်တော့်အမေအတွက် လှူပေးနေတာပါ၊ ဒီအနီရောင်နဲ့ လှူမှ ဖြစ်လို့ပါ'

'ဩော် ဒီလိုလား ရပါတယ်၊ ကျွန်မ စောင့်ပါ့မယ်'

သူမက အလိုက်သင့်ပင် ပြန်ပြောရင်း ဘေးမှ ခပ်ခွာခွာလေးရပ်စောင့်နေသည်။ အာကာစိတ်ထဲမှာ သူမကို စချင်စိတ်ဖြစ်နေမိသည်။ စောင့်လက်စနဲ့ သူမ ဆက်စောင့်နေရအောင် ဘယ်လိုလုပ်ရပါ့ဟု အာကာတွေးသည်။ ဖျတ်ခနဲ အဖေ့ညီ ဦးကျော်နိုင်ကို သတိရလိုက်သည်။

'ဟုတ်ပြီ၊ သူ ဆက်စောင့်နေပါစေ၊ ဦးလေးအတွက်ပါ တစ်ခါတည်း လှူပေးလိုက်မယ်'

အာကာက တွေးရင်း လက်တန့်နေသည်ကို သူမက ပြီးပြီအထင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



'ပြီးပြီလား'ဟု မေးရင်း ကပ်လာသည်။

'ဟုတ်ကဲ့ ပြီးပြီ ဒါပေမဲ့'

အနီရောင်ခွက်လေးဆီ လက်လှမ်းနေသော သူမ၏လက်က 'ဒါပေမဲ့' ဆိုသောစကားကြောင့် လမ်းတစ်ဝက်မှာပင်တုန့်ခနဲ လေထဲမှာ ရပ်တန့်သွားသည်။ အလိုမကျသလို အာကာ့ကို မျက်မှောင်ကုပ်၍ကြည့်သည်။

'ဟို ကျွန်တော့် ဦးလေးအတွက်လှူဖို့ ကျန်သေးတယ်၊ ခဏလေး စောင့် လက်စနဲ့ စောင့်ပါဦးဗျာ၊ နော်'

အာကာ၏ ပြောင်ချော်ချော် မျက်နှာပေးဖြင့် ပြောသောစကား ကြောင့် သူမကမျက်စောင်းမသိမသာထိုးရင်း၊

'ရပါတယ်စောင့်ရတော့မှာပေ့ါ'ဟု ခပ်ဆောင့်ဆောင့်ဖြေသည်။

အာကာ၊ ဘုရားအားရေသပ္ပာယ်နေစဉ် အချိန်အတွင်း နှုတ်ခမ်း အနည်းငယ်စူကာ ရပ်စောင့်နေရှာသော သူမ၏ပုံစံမှာ ရယ်စရာကောင်းလို့ နေသည်။

'ရော့ ရော့ ပြီးပြီ'

BURMESE CLASSIC .com

အာကာကမ်းပေးသော ရေခွက်ကို သူမက လှမ်းယူသည်။ သူမ လှမ်း အယူ အာကာက ပြန်ရုပ်လိုက်သည်။ ပါးစပ်မှလည်း 'နေဦးဗျ၊ ကျန်သေးတယ်' ဟု စပ်ဖြဲဖြဲ ဆိုလိုက်သည်။ လက်လှမ်းသော သူမလက် ရှက်သွားသည်။

'လုပ်ပြန်ပြီ၊ ဘာလဲ ဒီတစ်ခါ ရှင့်အဘွားအတွက်လား'

သူမက စိတ်မရှည်ဟန်ဖြင့် ငေါ့တော့တော့ ဆိုသည်။

'မဟုတ်ဘူးဗျ၊ ကျွန်တော့်အဘိုးအတွက်ပါ'

သူမက အာကာ့အဖြေကြောင့် မျက်စောင်းကို ထိုးသည်။

'ရှင် တမင်ကပ်နေတာ မဟုတ်လား၊ ဒီရေခွက်အစိမ်းနဲ့ လှူလည်းရ ရဲ့သားနဲ့'

'မဟုတ်ပါဘူး၊ ဒါဆို ခင်ဗျားကျတော့ရော၊ ခင်ဗျား ဒီရေခွက် အစိမ်း နဲ့လှူရင်လည်း ရတာပဲလေ'

'အဲဒါ ရှင်နဲ့ မဆိုင်ပါဘူး၊ ကျွန်မအကြောင်းနဲ့ ကျွန်မရှိလို့ပေါ့'

' ပြီးတာပဲလေ၊ ကျွန်တော်လည်း ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပဲ'

ပြောရင်း အာကာ ဘုရားကို စ၍ ရေသပ္ပာယ်ပေးသည်။ တကယ် လည်း အာကာ့ အဖေဘက်က အဘိုး ဦးကျားလှိုင်က တနင်္လာသား၊ စိတ်တို



www.burmeseclassic.com

www.burmeseclassic.com



တိုနှင့် ရပ်စောင့်နေသော သူမ၏ မျက်နှာထားကြောင့် အာကာ ရယ်ချင် ပက်ကျိ ဖြစ်နေမိသည်။ ဆုံးသွားတာ ကြာပြီဖြစ်သော အဘိုးဖြစ်သူကတော့ ‘ငါ့မြေး တော်လှချည့်’ ဟု ထင်နေပေလိမ့်မည်။

‘ရော့ ရော့ ပြီးပြီ’

အာကာလှမ်းပေးသော ရေခွက်အနီလေးကို သူမ ကြောင်ပြီး ကြည့်နေသည်။ သူမစိတ်ထဲမှာ လှမ်းယူလိုက်ပြန်ရင်လည်းစောစောကလို လက်ပြန်ရုတ်သွားမှာကို ကြောက်နေဟန် တူသည်။

‘ရော့ လေ’

အာကာ၏ နောက်တစ်ခေါက် ပြောရင်း လှမ်းအပေးကြောင့် သူမ လက်ကို မရဲတရဲ လှမ်းသည်။ ရေခွက်အနီးသို့ သူမ၏လက် ရောက်လုရောက်ခင် အချိန်တွင် အာကာက ‘မယူလည်းနေပေါ့’ ဟု ဆိုရင် လက်ကိုပြန်ရုပ်ကာ ရေခွက်များ စီကာလှူထားသော နေရာတွင် ပြန်ထားလိုက်သည်။ လေထဲမှာ လက်အလှမ်းနှင့်ပင် သူမ ရှက်သွားပြန်သည်။ လူကြီးရှက်တော့ ရယ်ဆိုသလို ပင် သူမက ရှက်ပြုံးပြုံးသည်။ အာကာ့ကိုလည်း မျက်စောင်းထိုးသည်။

ထိုမျက်စောင်းက အာကာ့ရင်ဘတ်ကို ‘အုန်း’ခနဲ မှန်သည်။ အာကာ မယောင်မလည်ဖြင့် သူမကို စောင့်နေမိသည်။ ဘယ်ကိုပြန်မှာလဲ၊ ဘယ်ကလဲ ဆိုတာ သိချင်စိတ်က ပြင်းပြနေသည်။

ဒီနေ့ ဤသို့ ဘုရားဖူးရင်း လိပ်ဥတူးရင်းအချိန်ကုန်သွားမှာကို အာကာ မစိုးရိမ်မိ။

သူမက ဘုရားအား ရေသပ္ပာယ်ပြီးသည်နှင့် နောက်သို့အလှည့် ခိုး ကြည့်နေသော အာကာနှင့် အကြည့်ချင်းဆုံသည်။ ဖျတ်ခနဲ သူမ မျက်လွှာကို ချသွားသည်။ အာကာ့ ရင်ဘတ်ထဲမှာတော့ ဆတ်ခနဲ ခုန်သွားသည်ပေါ့။ သူ တစ်သက်တာမှာ ဘယ်မိန်းကလေးကိုမှ ဒီလိုမျိုး ခိုးကြည့်ကာ အာရုံ မစိုက်ခဲ့ ဖူးတာကိုး။

သူမက ရွှေတိဂုံ အရှေ့မုခ် စောင်းတန်းမှ လှေကားထစ်များအတိုင်း ဆင်းသွားသည်မို့ အာကာ ဝါးတစ်ရိုက်စာလောက်ခွာကာ မသိမသာ လိုက်ရ သည်။

ဘာ့ကြောင့်မှန်းတော့ မသိ၊ အာကာ့ကိုယ်မှာ အင်အားတစ်မျိုး စီးဝင် လျက် စိတ်လက်ပေါ့ပါးကာ သူမနောက်သို့ လိုက်နေရသည်ကိုပင် သူပျော် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ခိုစာရောင်းသော ကလေးထံဝယ် 'မ' သဘာဝပီပီ ဈေးဆစ်နေသည်။

'မင်းက လေးဗူးတစ်ရာဆိုလို့ မမက ဝယ်မလို့လုပ်တာ၊ မင်းက နို့ဆီဗူးနဲ့ မပေးဘဲ ဒီငါးသေတ္တာဗူးသေးသေးလေးနဲ့ပဲ ပေးတော့ နည်းတာပေါ့၊ တစ်ရာ လေးဗူးကို နို့ဆီဗူးနဲ့ မရဘူးလား'

' အာ မမကလည်း ဒီလိုပဲ လူတိုင်းအော်ရောင်းနေကြတာပဲ၊ ဒီလိုလုပ်ဗျာ အဲဒီဗူးနဲ့ ငါးဗူးယူလိုက်ဗျာ၊ ဟိုနို့ဆီဗူးနဲ့ လေးဗူးတော့ မလုပ်လိုက်ပါနဲ့၊ မကိုက် လို့ပါ'

'အေးပါ၊ အေးပါ'

သူမက ခိုစာရောင်းသော ကောင်လေးကို မျက်စောင်းဖြင့် ချစ်စနိုးပြောရင်း ခိုစာ ပဲများထည့်ထားသော ဗူးကိုယူကာ ခိုများရှိရာ ပက်ကြဲရင်းကျွေး သည်။ ခိုများက သွယ်လှသော သူမ၏လက်ထဲမှ ဖွားခနဲ ဖွားခနဲကျလာသော ပဲများကို အလုအယက် စားနေကြသည်။

အာကာလည်း ထိုကလေးထံမှာပင် ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

' ချာတိတ် မင်းရဲ့ ခိုစာ ဘယ်လိုရောင်းလဲ '

' လေးဗူးတစ်ရာပါ အစ်ကို'

' ဘယ်ဗူးနဲ့လဲ '

အာကာ၏ အမေးကြောင့် ကောင်လေးက ခေါင်းကိုကုတ်သည်။ ထို့နောက် သူမဘက်ကို တစ်ချက်ခိုးကြည့်လိုက်သေးသည်။

'ဒီဗူးနဲ့ပါ'

BURMESE CLASSIC .com

မရဲတရဲဖြင့် ဗူးသေးလေးကို ညွှန်ပြသည်။

' သူ့လိုပဲ ငါးဗူးတစ်ရာထားပေါ့'

ကောင်လေးက ရက်ရက်ရောရောပင် ခေါင်းကို အခါခါညိတ်၏။

သူမက ပါးစပ်မှ ပွစိပွစိရွတ်ကာ ခိုစာကျွေးနေရင်းက 'သူ့လိုပဲ' ဟုပြောရင်း အာကာ လက်ညှိုးညွှန်မိသဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်သော်လည်း ပါးစပ်မှ ရွတ်ဖတ်နေသည်ကိုမူ ရပ်တန့်မသွားပေ။

ဗေဒင် ယတြာကို တော်တော်ကြီး စိတ်ဝင်စားသည်ဆိုတာကို 'မြေကြီးလက်ခတ်မလွဲ' အာကာ သိလိုက်ရသည်။

'ဟဲ့ အဆစ်လေးတစ်ဆုပ်လောက် ပေးပါလား၊ ဟိုဘက်က မစားရရှာဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောရင်း ခိုစာသည်ရှေ့မှာ သူမ၏ လက်ဖဝါးလေးကို ဖြန့်သည်။ 'မ' သဘာဝဆိုတော့ အဆစ်တောင်း ဝါသနာကလည်း ပါသည်ကိုး။ ဒါမျိုးစောင့်နေသော အာကာ၊ ရက်ရက်ရောရော ပေးရန် ခိုစာသည်လေး ပြင်နေတုန်းကို သူ့လက်ထဲမှာ ကြဲရန် ဆုပ်ထားသော ပဲများကို သူမ လက်ဖဝါးလေးထဲ 'ဆတ်'ခနဲ ခပ်သွက်သွက် ထည့်ပေးလိုက်သည်။

သူမ၏ နူးညံ့လှသော လက်ဖဝါးနှင့် ထိလိုက်ရချိန် လျှပ်စီးခါတ် ကိုယ်ထဲ စီးဝင်သွားသလို အာကာ့မှာ ရှိန်းခနဲ။

သူမက လျှပ်တစ်ပြက် ဖြစ်လာသော အဖြစ်ကြောင့် ခိုစာကို လက်ထဲမှာ ကြောင်တောင်တောင်လေး ဆုပ်ကိုင်ထားဆဲ။ အာကာ့ကိုလည်း ဝေခွဲရ ခက်သောဟန်ဖြင့် တစ်ချက်ကြည့်သည်။ ထိုအကြည့်ကိုပင် သူမ 'ဆတ်'ခနဲ လွှဲကာ လက်ထဲမှ ခိုစာကို ခိုများရှိရာသို့ ခပ်ဆောင့်ဆောင့်ပက်သည်။ စောစောတုန်း ကလို ပွစိပွစိတော့ မရွတ်။

မျက်စောင်းကိုလည်း ဒိုင်းခနဲ ထိုးလိုက်သေးသည်။ ထို့နောက် သူမ လက်ကိုင် အိတ်လေးကို ဖွင့်ကာ ခိုစာဖိုးပေးရန် ငွေရှာနေသည်။ အိတ်ထဲသို့ လက်ထည့်ကာ မွှေရင်း 'ကျွတ်' ဟု စိတ်မရှည်သလို စုပ်သပ်သည်။ သူမ၏ လက်ကို အိတ်ထဲမှ နှုတ်လိုက်ချိန် တစ်ထောင်တန်တစ်ရွက်ပါလာသည်။

'စောစောက နှစ်ရာတန်တစ်ရွက် ကျန်တာ ဘယ်ရောက်သွားလဲမသိဘူး။ မင်းမှာတစ်ထောင်တန် အမ်းဖို့ အကြွေရှိလား ကလေး'

'အခုမှ ဈေးဦးပေါက်တာဗျ၊ အကြွေမပြောနဲ့ ငွေကို တစ်ပြားမှ မရှိသေးဘူး'

သူမ၏ အဆိုကို ခိုသည်ကလေးက ခပ်ဘွင်းဘွင်းပင် ဖြေ၏။

'ရော့ ရော့ ညီလေး သူ့အတွက်ပါ ယူထားလိုက်'

အာကာ့ အသံကြောင့် တစ်ထောင်တန်လေးကိုင်ကာ ဘေးဘီကြည့်ရင်း စိတ်ညစ်နေသော သူမနှင့် ခိုစာသည်ကလေးက အာကာ့ကိုရော အာကာ့ လက်ထဲက နှစ်ရာတန်လေးကိုပါ ကြည့်သည်။

' ဟား ကျေးဇူးတင်လိုက်တာ အစ်ကိုရာ၊ ဒီလို ခပ်စောစောအချိန်က ဆိုင်ခင်းတာ ဘာညာနဲ့ အလုပ်ရှုပ်လို့ ဘယ်သူကမှ အကြွေလဲချင်တာ မဟုတ်ဘူးဗျ'

ဝမ်းသာအားရဖြင့် ခိုစာသည်ကလေးက ပိုက်ဆံကို ခပ်သွက်သွက် လှမ်းယူ ရင်း အားပါးတရ ဆိုသည်။ သူမကတော့ တစ်ခုခုကို အလိုမကျသလို



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးကို တွန့်လျက် အာကာ့ကို ကြည့်သည်။

'ကျေးဇူးပဲ'

ဝတ်ကျေတန်းကျေ သဘောမျိုးဖြင့် သူမက ကျေးဇူးစကားကို တိုတိုနှင့် တုတ်တုတ် ဆိုသလို ခပ်တိုတိုပင် ပြောသည်။ ဘယ်ဘဝက ပါရမီ ကုသိုလ်ကံကြောင့် မှန်းတော့မသိ၊ ထိုခပ်ဆောင့်ဆောင့်ပြောသော သူမ၏ အသံကိုက ချစ်စရာကောင်း လွန်းသည်ဟု အာကာတွေးသည်။

အာကာက သူမကို ပြန်ပြုံးပြလိုက်သည်။ သို့သော် ပြုံးပြလိုက်သော အာကာ၏ အပြုံးတစ်ဝက်မှာပင် သူမက လှည့်ထွက်သွားပြီ ဖြစ်သည်။ အာကာ့ မှာ နင်တင်တင်ကြီး ကျန်ခဲ့သည်။ Half Feel ဆိုတာက ဒါမျိုးပဲ နေမှာဟု အာကာတွေးရင်း သူမနောက်ကို မယောင်မလည်လိုက်သည်။ ရေတာရှည်လမ်းဟောင်းလေးအတိုင်း သူမလျှောက်သည်။

သူမ၏ လမ်းလျှောက်ဟန်မှာ ခုခေတ် မော်ဒယ်(လ်)တွေလို သွက်သွက်လက်လက် မဟုတ်၊ အဲ ရှေးခေတ်စတိုင်လို နွဲ့နွဲ့ကွေးကွေးကြီးလည်း မဟုတ်။ မနွဲ့မမြန်လေးဖြင့် ကြည့်ကောင်းသည်။ လမ်းလျှောက်တာကိုက ချစ်ဖို့ကောင်း သော သူမပါပေ။ ဆံနွယ်မတိုမရှည်လေးက လေအဝှေ့မှာ တစ်ချက်တစ်ချက် လွင့်မျောသည်။

သူမက ကျောမလုံသလို နောက်ကိုတစ်ချက်လှည့်ကြည့်သည်။ ဤသို့ လှည့်ကြည့်မည် မထင်ထားသော အာကာမှာ ရုတ်တရက် တောင့် တောင့်ကြီး ဖြစ်သွားသည်။

ဘာစိတ်ကူးပေါက်သည်မသိ၊ ရှေ့မှလာသော Taxi ကို သူမ လှမ်းတား သည်။ ကားသမားနှင့် ဈေးစကားပြောပြီး နောက်ခန်းကို သူမခပ်သွက်သွက် ဝင်ထိုင်သည်။ ကားက 'ဝူး'ခနဲ မောင်းသွားချိန်မှာတော့ အာကာလည်း Taxi ကို ကျီးကန်းတောင်းမျှော်ရှာရသည်။ မတွေ့။ ဒီနေ့ ဒီအချိန်မှာမှ ကြုံကြုံဖန်ဖန် Taxi က အနီးအနားမှာ တစ်စီးမှမတွေ့။

အာကာ ခေါင်းကိုသာ ခပ်ကြမ်းကြမ်းကုပ်မိသည်။

ဘာပြောပြော သူ့အနေနှင့် မွေးနေ့လက်ဆောင်အဖြစ် ကံတရားက ဖန်တီးပေးသော သူမနှင့် ဆုံလိုက်ရခြင်းက အချိန်အတော်ကြာသည်အထိ မငြိမ်းခဲ့သော နှလုံးသားက ရင်ခုန်သံ စည်းချက်မှားနေခြင်းဖြင့် အာကာ့ကို ခံစားမှု တစ်မျိုး ဖန်ဆင်းပေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ မျက်စောင်းက
ပန်းပေါင်းကုဋေကို
ပွင့်စေခဲ့တာပေါ့

ငါ့ရဲ့အချစ်ပန်းကိုပါ
ပွင့်လန်းစေခဲ့တဲ့ ကောင်မလေးရေ
နင့်နာမည် မသိသေးဘဲနဲ့ကိုပဲ
နင့်ကိုငါ ချစ်တယ်၊ (နင် အပြစ်ဆိုချင် ဆိုစေတော့)

လွယ်လွယ်သာ နင်မမေ့တတ်ဘူးဆိုရင်
ငါ့ကိုမြင်တိုင်း မျက်စောင်းထိုးပါဦး။
ရှုမဆုံးနိုင်တဲ့ ငါ့ရင်ဘတ်ထဲက
အချစ်ပန်း လှလှလေးတွေ
တစ်သက်စာ ပွင့်သွားအောင်....



www.burmeseclassic.com

www.burmeseclassic.com



# ၂

'ပေဒင်တွေ ယတြာတွေ အရမ်းယုံတဲ့သူဆိုတာတော့ဖြစ်နိုင်လောက် တယ်၊ အခု အာကာ ပြောသလို ဆိုရင်ပေါ့'

ရဲလေးဟု ခေါ်သော အဆောင်အတူနေ ဘော်ဒါက ဆိုသည်။

'ကြည့်လုပ်ဦးနော်၊ ဟို သိုက်တွေ ဘာတွေက ဘာညာတွေ ဖြစ်နေမှဖြင့်၊ အမလေးဗျာ ပြောရင်းဆိုရင်း ကြက်သီးတောင် ထလာပြီ'

သရဲ အင်မတန်ကြောက်တတ်သော စောခိုင်ဆိုသော ရှယ်တူဖြစ်သူ အဆောင်နေ ဘော်ဒါကလည်း သူ့ဝသီအတိုင်း သူ့လိုရာသူ ဆွဲကာပြောသည်။ ပြောပြီး သူ့နောက်ကိုပင် ကျောမလုံသလို လှည့်ကြည့်လိုက်သေးသည်။

'ဟာကွာ မင်းကတော့ လုပ်ပြီ၊ ဘယ်ကသိုက်ကရမှာလဲကွ၊ ရှိရှိသမျှ ဘာညာတွေက မင်းအခန်းမှာပဲ ရှိတာလေ၊ မင်းကို သူတို့က ခွာနိုင်ကြတာ မဟုတ်ဘူး'

အဆောင်မှာ အသက်အကြီးဆုံးဖြစ်သော ကိုလှခိုင်ကပင်ကြောက်ပါသည်ဆိုမှ ဖြဲခြောက်သော သဘောဖြင့် စောခိုင်ကိုကြည့်ရင်း ပြောသည်။

' ခင် ခင်ဗျားဗျာ မဖြစ်နိုင်တာ'

စောခိုင်က ဘေးဘီကို ကြည့်ကာပြောရင်း အာကာ့ဘေးမှာ လာကပ်ထိုင်သည်။

'ဘာ မဖြစ်နိုင်တာလဲ'



www.burmeseclassic.com

'အမလေးဗျ'

ကပ်လာသော စောခိုင်၏ ခါးကိုတို့ရင်း အာကာခြောက်လိုက်သဖြင့် စောခိုင် 'အမလေးဗျ' တ သည်အထိ လန့်ဖျပ်သွားသည်။ နဂိုကတည်းက ကြောက်နေသည်ကိုး။

'ခင် ခင်ဗျားတို့ကလဲဗျာ မီးလောင်ရာ လေပင့်ပဲ၊ ကြောက်ပါ တယ်ဆိုမှ ဖြဲခြောက်ကြသေးတယ်'

စောခိုင်က ရင်ဘတ်ကို ဖိရင်းဆိုသည်။ လေသံက ဒေါသသံ မစွက်တစွက်။ လေသံမာမာဖြင့်လည်း သူ့ခမျာ စိတ်မတိုရဲ။ အရေးအကြောင်း ညကြီးအ ချိန်မတော် အပေါ့အလေးသွားချင်ရင် ဒီလူတွေပဲ အားကိုးနေရသည် မဟုတ်ပါလား။ သူတစ်ယောက်တည်း ဘယ်တုန်းကမှ မသွားရဲခဲ့။ ကြောက်တတ်သူကျမှ လာပြီး ညည အချိန်မှသာ အိမ်သာက သွားချင်သည် မဟုတ်ပါလား။

'ဖြဲပြီး မခြောက်ပါဘူးကွာ၊ ရိုးရိုးလေးပဲ ခြောက်တာပါ'

'အေးလေ မင်းကိုက ကြောက်လည်းကြောက်သေးတယ်၊ ဖတ်လိုက်တဲ့ စာအုပ်တွေကလည်း သရဲတစ္ဆေ စာအုပ်၊ လျှို့ဝှက်သည်းဖိုနဲ့ ဂမ္ဘီရ စာအုပ်တွေ ချည်းပဲ'

'ဒါတော့ ဟဲဟဲ စိတ်ဝင်စားတာကိုး'

အာကာနှင့် ရဲလေး၏ အပြောကို စောခိုင်က စပ်ဖြဲဖြဲဖြင့် ချေပသည်။

' ဒါဆို ငါ့ညီ အာကာအတွက် ကုန်ကြမ်းတစ်ခု ရသွားတာပေါ့၊ ဝတ္ထုတစ်ပုဒ်တော့ ဖြစ်လာမှာ သေချာတယ်'

'အာ အစ်ကိုလှနိုင်ကလည်း ဘယ်သူမှန်းလဲ မသိ၊ ဘယ်ကမှန်းလဲ မသိဘဲ နဲ့ ဘယ်လိုလုပ် ကုန်ကြမ်း ဖြစ်လာမှာလဲဗျ'

ကိုလှနိုင်၏ အပြောကို အာကာက ငြင်းသည်။ စာရေးဆရာ လုပ်ရန် ဆိုသော ရည်ရွယ်ချက် အင်မတန်ကြီးမားသော အာကာက ဘာပြောပြော 'ကုန်ကြမ်း' ဆိုတာကို ထည့်ကာထည့်ကာ ပြောတတ်လွန်းသဖြင့် ကိုလှနိုင်က တမင် စခြင်းဖြစ်သည်။

'မင်းကလည်း အဲဒီလို ဘာမှ မသိလိုက်ရတဲ့ Feel ကိုက ဘာနဲ့မှ မတူတဲ့ ကုန်ကြမ်းပေါ့ကွ'

စောခိုင်က ဆရာကြီးလေသံဖြင့် အာကာ့ကို ခပ်ထန်ထန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းက မသိဘဲ ဝင်ပါပြန်ပြီ၊ အဲဒီ 'ကုန်ကြမ်း' ဆိုတဲ့အရာကို မင်းက ဘယ်လောက် နားလည်ထားလို့လဲ၊ ရှင်းပြပြန်တော့လည်း နားလည်မှာ မဟုတ်၊ နွားကို ပလာတာ ကျွေးတာက စားဦးမယ်'

ပြန်လည်နှိပ်ကွပ်သော အာကာ့၏ စကားကြောင့် စောခိုင်က မျက်မှောင် ကုတ်ကာ ပွစိပွစိ ရွတ်သည်။

'အဲဒါတွေ ငြင်းနေတာနဲ့ လိုရင်းက ပျောက်ကုန်ပြီ၊ ဘာတဲ့ အာကာ မင်းပြောတဲ့ ကောင်မလေးအကြောင်း ဆက်ပါဦး'

ရဲလေးက အာကာ့စကားကို ဆက်ရန် ထောက်ပေးသည်။

'သူ Taxi ပေါ်တက်ပြီး ထွက်သွားတာနဲ့ ဇာတ်လမ်းက ပြတ်သွားပြီလေ၊ ငါလည်း သူ့နောက်လိုက်ဖို့ပဲ၊ ဖြစ်ချင်တော့ အဲဒီနေရာမှာ ဘာ Taxi တစ်စီးမှကို မတွေ့ဘူးကွာ၊ ငါလည်း လိုင်းကားစီးပြီးတော့ပဲ ပြန်လာခဲ့တာပေါ့'

အာကာ၏ စကားကြောင့် စောခိုင်က 'ဟက်' ခနဲ ခပ်ထေ့ထေ့ ရယ်သည်။ လှောင်၍ရယ်လိုက်ခြင်းပင် ဖြစ်သည်။ အာကာက ခပ်ထန်ထန် မျက်ခုံး ပင့်ရင်းကြည့်တော့ သကောင့်သားက ရယ်ဖြဲဖြဲ လုပ်နေသည်။

'မင်းအမြဲ လိုင်းကားစီးနေကျပဲ ဥစ္စာ၊ ဒီတော့ လိုင်းကားရပ် ထွက်နေတဲ့ မင်းကို Taxi က လာပါ့မလား စာရေးဆြာရ'

စောခိုင်က အရယ်တစ်ဝက်ဖြင့်ပင် အာကာ့ကို နှိပ်ကွပ်လိုက်သေးသည်။ 'စာရေးဆြာ' ဟု နှိပ်ကွပ်လိုက်သဖြင့် အာကာက တွန့်ခနဲဖြစ်ကာ စောခိုင်ကို ဘုကြည့်ကြည့်သည်။

'အင်း ရေစက်မကုန်ရင်တော့ ပြန်ဆုံမှာပေါ့ကွာ၊ နဖူးစာ ပါရင်တော့ ဘယ်လိုရှောင်ရှောင် မလွတ်နိုင်ပါဘူး'

ကိုလှနိုင်ကြီး ပြောလိုက်သော စကားကြောင့် အာကာ့မျက်နှာ ဝင်းပလာသည်။ ဒါမျိုးကိုမှ သူက ကြားချင်သည်ကိုး။ ဟုတ်သည်လေ ရေစက်ဆိုတာ ရှိသေးသည်။ သူမနှင့် ပြန်မဆုံနိုင်တော့ဟု အတတ်မဆိုနိုင်။

ကိုလှခိုင်ကို အာကာ ထိုင်ရှိခိုးချင်လုမတတ် ကျေးဇူးတင်သွားမိသည်။ ဘာပဲပြောပြော သူမနှင့် ပြန်ဆုံချင်နေသည်ကတော့ အမှန်ပင်။ အာကာ၏ မျက်လုံးတို့ မှိတ်လိုက်သော်လည်း အာရုံ၌ ရှင်းလင်းစွာ ထင်ကျန်ဆဲဖြစ်သော သူမ၏ ပုံရိပ်ကား အာကာ့ ရင်ဘတ်ကို 'နွေး'ခနဲ ဖြစ်သွားစေသည်။ ဒါ အချစ် များလားဟု အာကာတွေးမိသည်။ ရင်ခုန်မှုကတော့ ချိုမြိန်လျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ၃

ဒုတိယအကြိမ် အာကာ သူမနှင့် ဆုံသောနေရာကတော့ Junction 8 ရှိ J' Donuts မှာပဲ ဖြစ်သည်။ ဘယ်ဘဝက ရေစက်လဲတော့ မသိ။ ဒီတစ် ခေါက် သူမနှင့်ဆုံတွေ့ခြင်းကလည်း ယခင်တစ်ခေါက်ကဲ့သို့ပင် ပြေပြေပြစ်ပြစ် မဟုတ်။

မုန့်အများကြီးထဲမှာမှ တစ်ခုတည်းကျန်သော ချောကလက်လို မုန့်လုံး ပုံစံမုန့်က တစ်လုံးတည်းသာကျန်သည်။ အာကာက သူမကို မမြင်သေးသလို သူမဘက်ကလည်း အာကာ့ကို မမြင်ခဲ့။ ထိုတစ်ခုတည်းကျန်သော မုန့်လုံးလေး ကို နှစ်ယောက်ပြိုင်တူ လက်ညှိုးထိုးမိပြီးခါမှ တစ်ယောက်ကိုတစ်ယောက် ကြည့်မိ ခြင်းဖြစ်သည်။

'သြော်'

သူမ 'သြော်' ဆိုတာကို အံကြိတ်သံဖြင့်ဆိုသည်။

'သြော် ဟော်ဟော်'

အာကာက သူ့ထက်ကဲကာ 'သြော် ဟော်ဟော်' သော ပြောင်စပ်စပ် အမူအရာကြောင့် သူမက မျက်စောင်းထိုးသည်။

'ဒီမှာ အစ်မ ညီမက အရင်လာတာဆိုတော့ အဲဒီမုန့် ညီမကိုပေး သိလား၊ မြန်မြန်လေး ဗိုက်ဆာနေပြီ'

သူမက ခပ်သွက်သွက်ပြောရင်း လက်ညှိုးမှုကို ယူသည်။ မုန့်ကောင်



www.burmeseclassic.com

www.burmeseclassic.com



တာမှ ဝန်ထမ်းအစ်မက အာကာ့ကို အားနာသလို တစ်ချက်ကြည့်သည်။

'ဟာ မရဘူးလေ၊ အရင်လာတယ်ဆိုပေမယ့် ခင်ဗျားကအရင်မှ မမှာတာ၊ ကျွန်တော်မှာတော့မှ အဲဒီလိုလုပ်တာတော့ ဘယ်ရမလဲ'

အာကာ့အပြောကြောင့် သူမ ဆွေ့ဆွေ့ခုန်သွားသည်။ သူမအနေနှင့် တခြား တစ်ယောက်ယောက်သာဆိုလျှင် အလျှော့ပေးမည်။ အာကာ့ကိုတော့ လုံးဝ အလျှော့မပေးဘူးဟူသော ပုံစံမျိုးဖြင့် အာကာ့ကို စိန်ခေါ်ကြည့်ကြည့်သည်။

'အစ်မ ညီမကို ပေးနော် ညီမကအရင်မှာတာ'

'အစ်မ ကျွန်တော့်ကို ပေးနော် ကျွန်တော်က ဦးဆုံးမှာတာ'

' မဟုတ်ဘူး အစ်မ ညီမအရင်မှာတာ သူက နောက်မှမှာတာ'

' မဟုတ်ဘူး အစ်မ ကျွန်တော် အရင်မှာတာလေ'

တစ်ယောက်တစ်ပေါက် လုပြောနေသဖြင့် မုန့်ကောင်တာမှ အစ်မက ရယ်လည်းရယ်ချင် စိတ်လည်းညစ်သွားဟန်ဖြင့် လက်အိတ်စွပ်ထားသော လက်ဖြင့် ဦးထုပ်ဆောင်းထားသော ခေါင်းကိုကုတ်သည်။

'တစ်ယောက်က တခြားမုန့်ကို စားပါလား'

ထိုအစ်မကြီးက ပြေလည်ပါစေတော့ ဆိုသောသဘောဖြင့် ညှိနှိုင်းပေး သည်။ သူမက သက်ပြင်းကို ခပ်ဆောင့်ဆောင့်ချသည်။

' စား စား ရှင်ပဲ စားလိုက်တော့'

' စားပါ၊ မင်းပဲစား မစားဖူးဘူး မဟုတ်လား'

' အောင်မာ အောင်မာ ရှင်သာ မစားဖူးတာ၊ ရုပ်ကိုက တောသားမြို့တက်လာတဲ့ပုံနဲ့ဟွန်း '

ငြင်းမယ့်ငြင်းတော့ နှစ်ယောက် ပြိုင်တူ ထိုမုန့်ကို မယူကြတော့ပြန်။

'ပြောပေါ့၊ ခင်ဗျားကမှ တုပ်ရော တောရုပ်အစစ်၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး'

'တောက်'

အာကာက ဘာရယ်မဟုတ် စိတ်ထဲပျော်ပျော် ရှိသည်မို့ စနေသည်ကို သူမကတော့ စိတ်တကယ်ဆိုးသည်။ 'တောက်' ကိုပင် ခပ်ပြင်းပြင်း ခေါက်သည်။

'အောင်မြတ်လေး ကြောက်စရာကြီး'

အာကာက တမင်ပင် သူမ ဒေါသကိုဆွသည့်သဘောဖြင့် ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွန့်ရင်း မုန့်ကောင်တာမှ အစ်မကို လှမ်းပြောလိုက်သည်။ ထိုအစ်မကြီးကတော့ အာကာတို့နှစ်ယောက်ကို ပြုံးဖြီးဖြီးဖြင့် ကြည့်သည်။ ရယ်ချင်စိတ်ကို ထိန်းထား ဟန်တူသည်။ သူမကတော့ မျက်စောင်းကိုသာ 'ဒိုင်း'ခနဲ ထိုးသည်။ အာကာ အဆောင်မှ ဘော်ဒါများကို ဖျတ်ခနဲ သတိရလိုက်သည်။ ကိုလှနိုင်ကြီးပြောသော 'ရေစက်'ဆိုတာ ဒါပဲဖြစ်မည်ဟုလည်း သူတွေးမိသည်။

'စတော်ဘယ်ရီ မစ်(ဒ်) ရှိတ် တစ်ခွက်'

'အစ်မရေ ကျွန်တော့်ကိုလည်း တစ်ခွက်'

သူမမှာသလို လိုက်မှာသည်မို့ သူမက အာကာ့ကို ဘုကြည့်ကြည့်သည်။ အာကာ 'တိုက်ဆိုင်သွားတာကိုး' ဆိုသော သဘောဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

သူမက ငွေကိုရှင်းပြီး မုန့်နှင့် အအေးထည့်ထားသော ဗန်းကို ကိုင်ကာ လှည့်ထွက်သွားသည်။ အာကာ့ကို လှည့်၍ပင်မကြည့်။ အာကာကလည်း ငွေအမြန်ရှင်းရင်း သူမဘယ်သွားသည်ကို လိုက်ကြည့်သည်။ လူကလည်း ဒီနေ့မှ အင်မတန်ကို ပြည့်နေသည်မို့ ခုံလွတ်က မရှိ။ သူမ မုန့်ဗန်းလေးကိုင်ကာ ဟိုဒီ ကြည့်နေသည်။

လေးယောက် စားပွဲဝိုင်းမှာ အတွဲတစ်တွဲ ထထွက်သွားသည်။ သူမက ခပ်သွက်သွက်ပင် ထိုစားပွဲဆီ လျှောက်သွားသည်။ အာကာလည်း ကောင်တာမှ အမ်းသော ငွေကို အမြန်ယူကာ လွတ်နေသေးသော သူမနှင့် ဘေးချင်းယှဉ် လျက်ခုံမှာ ဝင်၍ ထိုင်လိုက်သည်။ သူမက တစ်ချက် မသိမသာ မျက်စောင်းဖြင့်ကြည့်ပြီး ခုံကိုလည်လိုက်ကာ အာကာ့ကို ကျောပေးကာ ထိုင်သည်။အာကာ စချင်လာသည်မို့ အအေးခွက်ကို ကိုင်ကာ တစ်ဖက်လှည့်သောက်နေသော သူမ၏ မုန့်နှင့် သူစားပြီးသော တစ်ဝက်သာ ကျန်သော မုန့်ကို လဲလိုက်သည်။

သူမက အာကာ့ဘက် လုံးဝမကြည့်ဘဲ မုန့်ကို ကောက်ကိုင်သည်။ စားဟန်ပြုလိုက်ပြီးမှ မုန့်ကို မျက်မှောင်ကုပ်ကာ ကြည့်သည်။ ထို့နောက် ဒေါသဖြစ်ကာ အာကာ့ကို ကြည့်သည်။ အေးဆေးစွာဖြင့် အအေးသောက်လိုက်၊ မုန့်စားလိုက် လုပ်နေသော အာကာ့ကို ကြည့်ကာ နှုတ်ခမ်းကို ကိုက်သည်။ အာကာက မသိသလို သူမကို တစ်ချက်ကြည့်လိုက်ပြီး 'စားပါဦးလား' ဆိုသော ပုံစံဖြင့် မုန့်ကို မြှောက်ပြတော့ ပြောင်ချော်ချော် အာကာ့ဟန်ကိုကြည့် ကာ သူမ ရယ်ချင်ပက်ကျိဖြစ်သွားသည်။ သို့သော် စိတ်ဆိုးနေသည်မို့ ရယ်ချင်စိတ်ကို ဖုံးကာ တမင်ပင် မျက်နှာကို ချီထားသည်။ လက်ထဲမှ မုန့်ကို ပစ်ကန်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ခပ်ဆောင့်ဆောင့် ပြန်ချသည်။ ထို့နောက် သူမ၏ ဘေးလွယ်အိတ်လေးကို ယူကာ ဆတ်ခနဲ ထထွက်သွားသည်။ အာကာလည်း လက်ကျန်အအေးကိုဖြတ်ကာ သူမနောက် ဒရောသောပါး လိုက်သည်။

သူမက J' Donuts နှင့် ကပ်နေသော City mart လေးထဲဝင်သွားသည်။ အာကာ မယောင်မလည်ဖြင့် နောက်ကလိုက်သည်။ ဒါကို သိသော သူမက ဘုကြည့်ပြန်ပြန်လှည့်ကြည့်သည်။ ဒါကိုပင် အာကာက မသိယောင်ပြုကာ စာအုပ်ကောင်တာနားတွင် စာအုပ်ကြည့်နေဟန်ဆောင်နေလိုက်သည်။

စာအုပ်မှ မျက်လုံးပြန်ခွာရင်း သူမကို ရှာကြည့်တော့ မတွေ့တော့။ လူများသော အချိန်မို့ သူမကို လွယ်လွယ်မတွေ့၊ အာကာ Roll တစ်ခုချင်းစီကို စေ့စေ့စပ်စပ် လိုက်ကြည့်လိုက်ရှာသည်။ မတွေ့။

ငွေရှင်းသော ကောင်တာများတွင် ရှိလို ရှိငြား အာကာ လိုက်ကြည့်သည် မတွေ့။ အာကာရင်ဘတ်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည်။ စာအုပ်ကို ဖွင့်လျက်တန်းလန်း ဘယ်ရော ညာပါ ကိုင်လျက် တောင်သွား မြောက်သွား လုပ်နေသော အာကာ့ကို အရောင်းဝန်ထမ်းတချို့က မသိမသာ လိုက်ကြည့်နေသည်မို့ အာကာ သိလိုက်သောအခါ အာကာရှက်သွားမိသည်။ စာအုပ်ကောင်တာသို့ပြန်သွားကာ ထိုစာအုပ်ကို ပြန်ထားလိုက်သည်။ စိတ်ထဲမှာတော့ ပျောက်သွားသော ကောင်မလေးကို သတိရလျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၄

‘ငါပါဦး နှစ်ကြိမ်တွေ့တာ နှစ်ကြိမ်စလုံး ဘုနဲ့ဘောက်ဖြစ်ခဲ့ တာတော့ ဟုတ်ပါပြီ၊ အဲဒီလူရဲ့ပုံစံက ဘယ်လိုလဲ မိရဲ့လား’

ချစ်သက်နှင်းတစ်ယောက် ကြူကြူနွယ်မေးသော အမေးကြောင့် ထိုလူ၏ ပုံရိပ်ကို အာရုံ၌ ဖျပ်ခနဲ ပြန်မြင်မိသည်။

‘အင်း ချောတော့ တော်တော်လေး ချောတယ်ဟ၊ ဆွဲဆောင်မှုလည်း ရှိတယ်။ အဲ ဒါပေမယ့် ငါပြောသလိုပေါ့ မျက်နှာပိုးကတော့ မသေဘူး၊ ပြောင်စပ်စပ်နဲ့’

‘ အင်း တော်ရုံ တန်ရုံဆို ချောတယ်၊ ဖြောင့်တယ် မပြောတဲ့ မိသက်နှင်း အခုတော့ ဒီတစ်ယောက်ကျမှ တော်တော်လေး ချောတယ်လို့ ကောက်ချက်ချ တယ်ဆိုတော့ ငါ အဲဒီလူကို မြင်ချင်လိုက်ပါဘိ မိကြူရယ်၊ ကိုရီးယား မင်းသား နဲ့များ တူနေမလားလို့’

‘ နင်ကတော့ အဲတာပဲ၊ ဘာပြောပြော ကိုရီးယားမှ မပါရင် ပြီးကို မပြီးဘူး’

တ နှင့် သ တစ်ချက်တစ်ချက် မကွဲသော မော်လမြိုင်သူလေး မေသန္တာကို ကြူကြူနွယ်က ချစ်စနိုးဖြင့် စသည်။

‘အဲဒီလူကလည်း တော်တော် ကံကောင်းတာပဲဟ၊ နင်တစ်ယောက်တည်း သွားလာတဲ့အချိန်နဲ့ချည်းပဲ တိုးနေတယ်။ ငါတို့နှစ်ယောက်ပါမှ



www.burmeseclassic.com

www.burmeseclassic.com



ဆုံကြည့်ပါ လား၊ တေချင်စော်နံသွားမယ်'

'သေချင်စော်ပါဟယ်'

' အေး အေး တေချင်စော်ဟဲ့၊ တက်နင်းရဲ့'

မေသန္တာ၏ အမှားကို ချစ်သက်နှင်း ပြင်ပေးရာမှ သူမအမည်ပါ 'သက် နှင်း'မှ 'တက်နင်း' ဖြစ်တော့သည်။

'ဟဲ့ မိကြူ မေသန္တာလုပ်မှပဲ ငါ့နာမည်လည်း တက်နင်း ဖြစ်တော့မယ်၊ ဘာကို၊ ဘာကို တက်နင်းရမလဲ မသိဘူး'

'ဩော် သူက တက်နင်းဆိုတော့လည်း နင်က တက်နင်းပေးလိုက်ပေါ့ ဟုတ်တယ် မဟုတ်လား မေတန်တာ'

ကြူကြူနွယ်က 'မေသန္တာ'ကို 'မေတန်တာ' ဟု ပြောကာစလိုက် သဖြင့် မေသန္တာက ကလေးတစ်ယောက်လို နှုတ်ခမ်းကို စူသည်။

'တူများကို ဆို တအားပြောချင်ကြတယ်'

'အေးလေ မိကြူရယ်၊ တို့ကို သအား မပြောပါနဲ့ဟဲ့'

'အေးပါ တက်နင်းရယ် '

' ဟီးဟီးဟီး ' ' ဟီး ဟီး '

သူမတို့ ဝါးလုံးကွဲ ရယ်လိုက်ကြသည်။

'ငါ့အထင်တော့ သူဟာ ဗုဒ္ဓဟူးသားပဲ ဖြစ်ရမယ်'

' ဘာဖြစ်လို့လဲ '

ချစ်သက်နှင်းအပြောကို မေသန္တာက မေးသည်။

'ဗုဒ္ဓဟူး တစ်နေ့သုံးခါရှူး' လို့ စာဆိုရှိတယ်မဟုတ်လား၊ ဒီလို မျက်နှာ ရှူး၊ မျက်နှာပြောင်က ဗုဒ္ဓဟူးကလွဲလို့ ဘာနေ့သား ဖြစ်ဦးမှာလဲ'

'အင်္ဂါဟူးသား ဖြစ်မှာပေါ့'

ချစ်သက်နှင်း၏ ထင်မြင်ချက်အပြောကို ကြူကြူနွယ်က ဝင်နောက် သည်။

'ငါ အတည်ပြောတာ၊ ပထမ တစ်ခေါက်တွေ့တာက ရွှေတိဂုံမှာဆို တော့ 'ရ၊ ယ၊ လ၊ ဝ' ဆိုတာ ဗုဒ္ဓဟူးလေ၊ နောက် Junction 8 မှာ တွေ့တဲ့နေ့ ကလည်း ဗုဒ္ဓဟူးနေ့ဆိုတော့'

'ဖြစ်နိုင်ပါသတဲ့ ဗေဒင်ဆရာမကြီးရယ်၊ ရှင်လည်း ဒါနဲ့ပဲ တစ်နေကုန် တယ်၊ ဘာပဲဖြစ်ဖြစ် ရှင့်ယူဆချက်တွေက ဗေဒင် ဘာညာတွေနဲ့ လွတ်ကို မလွတ်ဘူး၊ အံ့သြတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ကို ယုံလွန်းသော ချစ်သက်နှင်းကို မေသန္တာက ချစ်စနိုးဖြင့် ချစ်သက်နှင်း၏မေးကို ကိုင်ရင်းဆိုသည်။ သူမတို့ သုံးယောက်က ညီအစ်မတွေလို ချစ်ကြသည်။ အမျိုးသမီး ဘော်ဒါမှာဆုံကြပြီး ကျယ်ကျယ်ဝန်းဝန်းနှင့် သီးသန့်နေချင်သဖြင့် လှည်းတန်းက ဤတိုက်ခန်းလေးကို စုငှားကာ နေကြခြင်း ဖြစ်သည်။

ချစ်သက်နှင်းက တောင်ကြီးမှ ဖြစ်သည်။ ရှမ်း၊ ပအိုဝ်မလေးဖြစ်ကာ မေသန္တာက မော်လမြိုင်မှ ဖြစ်သည်။ ကြူကြူနွယ်ကတော့ တောင်ငူသူလေး ဖြစ်သည်။

မိဘမောင်နှမများနှင့် ခွဲနေရချိန်။ ဤသို့သော စိတ်တူ ကိုယ်တူ ရွယ်တူ သူငယ်ချင်းများ အတူနေရတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြင့် နေရထိုင်ရ အဆင်ပြေလှသည်။

အလုပ်လုပ်သော ကုမ္ပဏီကလည်းအတူတူ၊ သွားအတူ၊ လာအတူနှင့် တကယ့် ညီအစ်မအရင်းများသဖွယ် ဘာကိစ္စမှ မကွယ်မဝှက်ဘဲ စိတ်ရင်းမှန်နှင့် ပေါင်းဖြစ်ကြခြင်းဖြစ်သည်။

မနက် ကုမ္ပဏီမှ ဖယ်ရီကား လာကြိုသည်နှင့် သူမတို့ ကုမ္ပဏီသို့သွားကာ အပြန်ကျတော့လည်း ဖယ်ရီဖြင့်ပင် ပြန်လာကြသည်။ ရုံးပိတ်ရက်များမှာတော့ ရုပ်ရှင်ကြည့်ခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည်တို့ကို အမြဲအတူ သွားနေကြ။

ဒီလိုအမြဲ အတူတူသွားလာနေရာမှ ခဲရာခဲဆစ် ချစ်သက်နှင်း တစ်ယောက်တည်း သွားမိသော အချိန်မှာမှ ထိုလူနှင့် ဆုံသည်။ ဆုံတာကမှ တစ်ခါတည်း မဟုတ်၊ နှစ်ခါတောင်။

အာရုံဝယ် လာလာထင်သော ထိုလူ၏ ပုံရိပ်ကို ချစ်သက်နှင်း ပြုံပြုံစွာ ခေါင်းထဲမှ နှင်ထုတ်မိသည်။

တော့်တော့်ကို မုန်းဖို့ကောင်းတဲ့လူ။

* * *



www.burmeseclassic.com

www.burmeseclassic.com



၅

3 ဂုံစင်တာရှိ J' Donuts မှာ အာကာနှင့် သူမတို့ တတိယအကြိမ်ဆုံတွေ့ဖြစ်သည်။ ဆိုင်ထဲသို့ ဝင်ရန် အာကာတို့သုံးယောက်က စက်လှေကားဘက်မှအလာ၊ သူမတို့က မျက်နှာချင်းဆိုင်ဘက်မှအလာ တည့်တည့်ကြီး လာတွေ့သည့်အခါမှာ အာကာက တအံ့တဩဖြင့် ကြောင်တောင်တောင် ကြည့်နေသလို၊ သူမကလည်း တအံ့တဩပင် ပြန်လည် ကြည့်နေခဲ့သည်။ အာကာက လျှောက်လက်စ ခြေလှမ်းများ တုန့်သွားသည်မို့ ဘေးမှာပါလာသော ရဲလေးနှင့် စောနိုင် ခြေလှမ်းတုန့်သွားသလို သူမတို့ အုပ်စုလည်း ခြေလှမ်း တုန့်သွားကြသည်။

သုံးယောက်ချင်း သုံးယောက်ကြည့်မိကြချိန် စတင်အသက်ဝင်ကာ ဝမ်းမြောက် ဝမ်းသာဖြင့် နှုတ်ဆက်ကြသူတို့မှာ ရဲလေးနှင့် ကြူကြူနွယ်။

'ဟာ ကြွယ်ကြွယ်နူ'

'ဟာ ကိုရဲလေး '

'နင့်အမေကတော့ ပြောသား၊ မိကြူဆီ ရောက်ရဲ့လားတဲ့၊ နင့် လိပ်စာက ပြောင်းသွားတော့ ငါလည်း နင်ဘယ်မှာနေမှန်းကို မသိလိုက်တာ'

'ဟုတ်တယ် ကိုရဲလေးရဲ့ အခုမိကြူက လှည်းတန်းမှာ'

'ဘာ'

'လှည်းတန်းမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ငါတို့လည်း လှည်းတန်းမှာပဲလေဟာ အဆောင်ပဲလား'

' မဟုတ်ဘူး၊ အခန်းငှားနေကြတာ'

ထို J' Donuts ဆိုင်ရှေ့အဝင်မှာပင် ရဲလေးနှင့် ကြူကြူနွယ်တို့ ဝမ်းသာအားရ စကားလက်ဆုံကျနေကြသည်။ ဘေးမှာ ပါလာသော အဖော်များ ကိုပင် မေ့လျော့လျက်။

'ဟကောင် ရဲလေး ဆိုင်ထဲရောက်တော့မှ ဆက်ပြောလေ ကြော်ငြာဝင်တာတော့ မဟုတ်ဘူး၊ ဆိုင်ရှေ့မှာ မတ်တပ်ကြီး မကောင်းပါဘူး'

' ဩော် အေး ဟုတ်သားပဲ လာကြလေ'

အာကာ ပြောသောစကားကြောင့် ရဲလေးက 'လာကြလေ' ဟု သူမတို့ အုပ်စုကို ခေါ်ရင်း ဆိုင်ထဲ ဝင်ကြသည်။ တစ်ယောက်တစ်ပေါက် မှာကြပြီး ကျသင့်ငွေကို ရဲလေးက ဇွတ်ရှင်းသည်။ တနင်္ဂနွေနေ့မို့ လူပြည့်သော ဆိုင်လယ် ခေါင်မှာ ဗန်းလေးတွေ ကိုင်ရင်း နေရာလွတ်ရှာကြသည်။

ကံကောင်းထောက်မစွာပင် လေးယောက်ဝိုင်း တစ်ဝိုင်းထသွားသဖြင့် ထိုနေရာကို ရလိုက်ကြသည်။ အပိုထိုင်ခုံနှစ်လုံးကို ယူကာ သူတို့ဝိုင်းဖွဲ့ ထိုင်လိုက်ကြသည်။

'ဆက်ပါဦး မိကြူ နင်တို့က တိုက်ခန်းငှားနေကြတာဆိုတော့ အဆင်ကောပြေရဲ့လား၊ ကျယ်ကျယ်ဝန်းဝန်းကော ရှိရဲ့လား'

'ပြေတယ်၊ အခန်းလည်းကျယ်တယ်၊ . . . . . . . နားမှာလေ'

' ဩော် သိပြီ သိပြီ ဒါဆိုရင် ငါတို့အဆောင်နဲ့ သိပ်မဝေးဘူးပေါ့ဟ၊ အေး နောက်မှ လာလည်မယ်'

သူတို့နှစ်ယောက် စကားကို ရွှမ်းရွှမ်းဝေအောင် ပြောနေသလောက် ဘေးမှ အဖော်များကတော့ တစ်ဖက်ကို တစ်ဖက် အကဲခတ်နေကြသည်။ အာကာကတော့ စိတ်ထဲမှာ ကြိတ်၍ ဝမ်းသာနေမိသည်။ ဒီအတိုင်းဆို သူမနှင့် ရင်းနှီးရန် အခွင့်အလမ်းများစွာ ရလေပြီ။ ' ရင်းနှီးပြီးရင်တော့' ဆိုသော အတွေး ဖြင့် အာကာပြုံးမိသည်။

ပြုံးနေသော အာကာကို ကြည့်ကာ သက်နှင်းကတော့ မျက်စောင်းထိုးသည်။ ဘယ့်နှယ် ဒီလူနဲ့ ဆုံမှဆုံတတ်ပလေ။

'ကြော် စကားပြော ကောင်းနေတာနဲ့ မိတ်ဆက်ပေးဖို့ မေ့နေတယ်'

ကြူကြူနွယ်က စကားပြောနေရာမှ ရုတ်တရတ် မိတ်ဆက်ပေးဖို့ သတိရကာ ဆိုသည်။



www.burmeseclassic.com

'ရပါတယ်၊ မေ့လက်စနဲ့ မေ့သာမေ့လိုက်'

ချစ်သက်နှင်းက ဇွတ်ကြီးကိုပဲ အငေါ်တူးပြီး ရွဲ့ပစ်လိုက်သည်။ ဟုတ်သည်လေ ကြည့်ပါဦး၊ ဟိုလူ့ကို မိတ်ဆက်ပေးမည်အသံကြားတာနဲ့ ဂဏှာမငြိမ် ဖြစ်နေပုံများ။

မထင်မှတ်ထားသော ချစ်သက်နှင်း၏ တားမြစ်စကားကြောင့် ကြူကြူနွယ်မှာ အားပါးတရ စကားပြောဟန်ပြုနေရာမှ လက်ညှိုးကရဲလေးကို အထိုး လိုက်ကြီးဖြင့် တွန့်ခနဲ ဖြစ်သွားသည်။ လက်ညှိုး အထိုးခံထားရသည့် ရဲလေးက လည်း ထိုနည်းတူ တွန့်ခနဲ၊ အာကာဆို မျက်နှာတောင် ပျက်၍သွားသည်။

'ဟဲ့ သက်နှင်း၊ အလကား ကိုကြီး သူက အဲဒီလိုပဲ ရုပ်တည်ကြီးနဲ့ အရမ်းနောက်တတ်တာ'

ကြူကြူနွယ်က ပျက်သွားသော အနေအထားကို ဇွတ်ဆွဲစိသည်။ သက်နှင်းလည်း အားနာသဖြင့် ခေါင်းငုံ့လျက်ကြီး ဖြစ်သွားသည်။ ရဲလေးက ခေါင်းငုံ့နေသော သက်နှင်းကို မေးငေါ့ကာ ခေါင်းမကောင်းဘူးလားဟု အမူအရာဖြင့် ကြူကြူနွယ်ကို မေးသည်။ ကြူကြူနွယ်က 'ရှူး' ဆိုသော ပုံစံကို အသာ လုပ်ပြသည်။ မေသန္တာကတော့ အူကြောင်ကြောင်ဖြင့် ကြည့်နေသည်။

'ဟဲ မေသန္တာ ဒါ ငါ့အစ်ကို ကိုရေးလဲ၊ အဲလေ ကိုရဲလေးတဲ့၊ တောင်ငူကပဲလေ၊ ကြားလားဟဲ့ သက်နှင်း၊ ကိုရဲလေး သူက ချစ်သက်နှင်းတဲ့၊ သူက မေသန္တာ'

မေသန္တာက သက်နှင်းကို တံတောင်ဖြင့်တွက်ကာ သတိပေးရင်း ရဲလေး ကို အသိအမှတ်ပြုပြုံး ပြုံးပြသည်။ သက်နှင်းကလည်း ရဲလေးကို စောစောက ပြောမှား ဆိုမှားကြောင့် အားနာမိသည်နှင့် လိုတာထက်ပိုပြီး ပြုံး ပြလိုက်သည်။ ထိုအပြုံးကို ကြည့်ရင်း အာကာကတော့ မိုနာလီဇာအပြုံးနှင့် မလဲချင်လောက်အောင်ကို စွဲစွဲလမ်းလမ်း ကြည့်ငေးမိသည်။

'ဩော် ကျွန်တော့် သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးပါရစေ။ သူက အာကာထွန်းတဲ့၊ ကျိုင်းတုံက၊ သူကတော့ စောခိုင်တဲ့၊ သူက မိတ္ထီလာကပေါ့'

အာကာက ချစ်သက်နှင်းကို မျက်လုံးချင်းဆုံအောင် စိုက်ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။ သက်နှင်းကတော့ တမင်ပင် မမြင်သလို လုပ်ပစ်လိုက်သည်။ အာကာက သက်နှင်း၏ အပြုအမူကြောင့် ရုတ်တရက် ရှက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျန်မိန်းကလေးနှစ်ယောက်ကို ချော်လဲ ရောထိုင်သဘောဖြင့် ပြုံးရင်း နှုတ်ဆက် လိုက်သည်။ စောခိုင်ကလည်း မိန်းကလေးသုံးယောက်လုံးကို ဝေ့ကြည့်ပြီး ပြုံးပြလိုက်သည်။

'ပြောဖို့ မေ့နေတယ်၊ သက်နှင်းက တောင်ကြီးကလေ၊ မေသန္တာက မော်လမြိုင်က'

ကြူကြူနွယ်ကလည်း အားကျမခံ ဇာတိများကိုပါပြော၍ မိတ်ဆက်ပေးသည်။ တောင်ကြီးဆိုသော အသံကြောင့် အာကာ မျက်ခုံးကိုပင့်သည်။ ဒီလို ဆို ချစ်သက်နှင်းနှင့်သူက တစ်ပြည်နယ်သားချင်း မဟုတ်ပါလား။

' ဘုရားသွားဖြစ်သေးလား'

ချစ်သက်နှင်းကို စိုက်ကြည့်ရင်း မေးလိုက်သော အာကာ၏ အမေးကြောင့် အားလုံး အံ့အားသင့်ကုန်ကြသည်။ အာကာက ပြောသော အမည်မသိ ဗေဒင်ဝါသနာအိုး ကောင်မလေးသည် ချစ်သက်နှင်းဖြစ်မှန်း စောခိုင်တို့ သိသွားကြသလို သက်နှင်းပြောသော ဘုဂလန့်လူဆိုတာ အာကာ့ကိုပြောမှန်း မေသန္တာတို့ သိလိုက်ကြသည်။ အာကာ၏အမေးကို သက်နှင်းက ခေါင်းခါပြသည်။ ဝတ်ကျေတန်းကျေ ဆန်ဆန်ပင်။

'သြော် မင်းတို့က မိတ်ဟောင်းဆွေဟောင်းတွေပေါ့'

ရဲလေးက တမင်ပင် လှော်ထည့်ပေးသည်။ အာကာက ခေါင်းကို ညိတ် ရင်းပြုံးနေသလောက် သက်နှင်းကတော့ သုန်သုန်မှုန်မှုန်ကြီး ဖြစ်လို့နေသည်။

'ဒါနဲ့ နင်တို့ ဘယ်သွားကြဦးမှာလဲ ကြွယ်ကြွယ်နူ'

'ပြန်မှာပေါ့ ကိုရေးလဲရဲ့'

'ဟဲ့ ကြူကြူနွယ်နင်တို့အစား ငါလျှာလိပ်တယ်၊ ကိုရေးလဲ အဲလေ ကိုရဲလေးဆို ကိုရဲလေးပေါ့ ပြောင်းပြန်တွေ ဇောက်ထိုးတွေ ခေါ်နေကြတာ လျှာ မလိပ်ဘူးလား'

ကြူကြူနွယ်ကို ပြောလိုက်သော မေသန္တာ၏ စကားကြောင့် ကြူကြူနွယ်က 'လိပ်သယ် လိပ်သယ်' ဟု မော်လမြိုင်သံလေးဖြင့် စသည်။ သူတို့အားလုံး J' Donuts မှ ထွက်လာကာ ဒဂုံစင်တာ မြေညီထပ်သို့ စက်လှေကားဖြင့် ဆင်းကြသည်။

အာကာက မသိမသာဖြင့် သက်နှင်းဘေးမှာ ကပ်လျှောက် လိုက်သည်။ ဒါကို သိသော သက်နှင်းက မေသန္တာ၏ဘေးသို့သွားကာ သူမနှင့် အာကာကြား



www.burmeseclassic.com

www.burmeseclassic.com



ကို မေသန္တာဖြင့် ခြားထားလိုက်သည်။

'ဟော့ကောင် ရဲလေး သူတို့က ဘာနဲ့ပြန်မှာလဲ မသိဘူး ကြည့်ရတာ လိုင်းကားနဲ့ ပြန်ကြမယ်ထင်တယ်'

အာကာက ရဲလေးကို ဦးတည်ကာ ပြောသလိုလိုနှင့် သက်နှင်းကို မသိမသာစသည်။ ခပ်တိုးတိုးဆိုပေမယ့် သက်နှင်းကြားနိုင်သော အသံဖြင့်ပြောသည်မို့ သက်နှင်းကြားဖြစ်အောင် ကြားသည်။ ကြားကြားချင်းပင် အာကာ့ကို ဘုကြည့်ကြည့်သည်။

'ဟဲ့ မိကြူ ငါတို့စီးနေကျ Taxi တွေ ရှာလေ၊ တော်ကြာ အစုတ်အပြတ်တွေနဲ့ တိုးနေဦးမယ်'

သက်နှင်းကလည်း ကြူကြူနွယ်ကို ပြောသလိုလိုနှင့် အာကာ့ကို ပြန်ဆော်သည်။ 'အစုတ်အပြတ်' ဆိုသော နေရာမှာ အာကာ့ကိုပင် မေးငေါ့လိုက်သေးသည်။ ကျန်လူများကတော့ တစောင်းစေးနှင့် မျက်ချေးဖြစ်နေသော သူတို့ နှစ်ယောက်ကို ကြည့်ကာ ရယ်ချင်စိတ်ကို ထိန်းနေကြသည်။

ထိုနေ့က လိုင်းကားတိုးစီးနေကျ အာကာတို့ Taxi တစ်စီးကို ဆောင့်ကြွားကြွား ငှားခဲ့သလို၊ ထိုနည်းတူ လိုင်းကား တိုးစီးနေကျ သက်နှင်းတို့လည်း Taxi တစ်စီး ငှားလျက် ပြန်ကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၆

အဲ ဆောင်ပြန်ရောက်သည်နှင့် အူမြူးနေသော အာကာက ရဲလေး ဘေးမှာ ရွှင်ပြလျက် ဝင်ထိုင်သည်။

'ဟကောင် ရဲလေး'

အာကာ့အထာကို သိနေသော ရဲလေးက တစ်ခုခုမေးတော့မည်။ သို့ တည်းမဟုတ် တစ်ခုခု အကူအညီတောင်းတော့မည်ဆိုတာ သိနေသဖြင့် ဈေးကိုင်သည့်အနေဖြင့် မကြားချင်ယောင် ဆောင်ကာ ရှေ့မှာ ချထားသော ယောင်လို့တောင် ကိုင်မကြည့်ဖူးခဲ့သည့် စာအုပ်တစ်အုပ်ကို ဟိုလှန်ဒီလှန် ဖတ်ဟန် ပြင်သည်။

ရဲလေး အထာကို နောကျေနေပြီဖြစ်သော အာကာကလည်း ရဲလေးကို ကြည့်ကာ 'ဟက်' ခနဲ ရယ်သည်။

' ရဲလေး နောက်စနေ၊ တနင်္ဂနွေကျရင် သွားလည်ကြရင် မကောင်း ဘူးလား၊ မြင်ပါများတော့ ခင် ဆိုသလို မျိုး'

'ဟိုကောင် စောခိုင်ကလည်းကွာ ဘယ်သွားတယ် မသိဘူးကွာ၊ ဩော် အာကာ မင်းပြောတာ ဘာ. . . ဘာပြုတယ်'

စာအုပ်ကို ပိတ်ကာ စောခိုင်ကို အော်ပြီး အာကာ့ကို မေးခွန်းထုတ် သော ရဲလေး၏ ဟန်ကိုကြည့်ကာ အာကာ့စိတ်ထဲမှာ နားရင်းရိုက်ချင်စိတ် တဖွားဖွား ပေါ်နေမိသည်။ သူပြောသော စကားမဆုံးမီကို တမင်ဖြတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညစ်ညစ် လုပ်မှန်း သူသိသည်ကိုး။

'သြော် စနေ၊ တနင်္ဂနွေရောက်ရင် ရင် '

'အာ မင်း ဘယ်သွားနေတာလဲ စောခိုင်ရ၊ လာပါဦး မင်းကလဲ၊ သြော် အာကာ စနေနေ့မှာ ဘာဖြစ်တယ်'

ဒုတိယမွှ နှိပ်ကွပ်လိုက်သော ရဲလေး စကားကြောင့် စကားတစ်ဝက် တစ်ပျက်မှာပင် အာကာ နင်တင်တင်ကြီးဖြစ်ကာ ရဲလေးကို ဘုကြည့် ကြည့် သည်။

' ဟကောင် အာကာ ပြောလေကွာ'

'တော်ပါပြီကွာ မင်းက ငါ့ကို နှိပ်ကွပ်နေပြီးတော့၊ မပြောတော့ပါဘူး'

အာကာ စိတ်တိုတိုဖြင့် ပြောရင်း ခုတင်ပေါ်မှာ ပက်လက်လှန်ကာ မျက်လုံးကို မှိတ်နေလိုက်သည်။ ဘာမှ ရေရေရာရာ မသိရှာသော စောခိုင်က 'ဘာလဲ' ဆိုသော သဘောဖြင့် ရဲလေးကို မေးဆတ်ရင်း မေးသည်။ ရဲလေးက 'ရှူး' ဆိုသည့် သဘောဖြင့် လက်ညှိုးကို နှုတ်ခမ်းပေါ် ကန့်လန့်ဖြတ်တင်ပြ သည်။

'သြော် ရဲလေး မင်းစိတ်တော့ မဆိုးနဲ့ကွာ . . . မင်းညီမဝမ်းကွဲ ကြူကြူနွယ်က တစ်ဦးတည်းသော သမီးမဟုတ်လား'

' ဘာဖြစ်လို့လဲ'

အာကာ့ကို စရသဖြင့် ဖြီးနေသော မျက်နှာက သူ့ညီမအကြောင်း စောခိုင်မေးလာသောအခါ မျက်နှာတည်ကြီးဖြင့် ပြန်မေးသည်။

'ဟုတ်တယ် မဟုတ်လား၊ ငါခန့်မှန်းတာ လွဲခဲ့တယ်'

'တလွဲကြီး၊ သူ့မှာ ညီမ ရှိသေးတယ်'

'ဟုတ်လား၊ ငါအဲတာ သိချင်လို့ မင်းကို ဒဲ့မမေးဘဲခွင်ဆင်ပြီး မေးလိုက်တာလေ ဟဲ ဟဲ'

တဟဲ ဟဲ ရယ်နေသော စောခိုင်ကို မျက်မုန်းကျိုးဟန်ဖြင့် ခပ်စွေစွေ ကြည့်သည့် ရဲလေး 'လက်' ခနဲ မျက်နှာက ပြုံးလာသည်။

'သြော် မင်းက ငါ့ညီမတွေကို စိတ်ဝင်စားလို့လား၊ ဘော်ဒါချင်းမို့ မင်းကို သတိပေးလိုက်မယ်နော်၊ ငါ့ညီမတွေက သိုက်ကလာတာကွ၊ ယောကျ်ား ယူလို့မရဘူး'

ရဲလေး၏ ညစ်ကျယ်ကျယ်ပြုံးရင်း ဖွဲ့ခြောက်သော စကားကြောင့် စော ခိုင်က ရဲလေးကို မယုံသင်္ကာ ကြည့်ဖြင့် ကြည့်သည်။ ကြည့်ဆို



www.burmeseclassic.com

www.burmeseclassic.com



ခံရပေါင်းကလည်း များခဲ့ပြီ မဟုတ်ပါလား။

'ကိစ္စ မရှိပါဘူး စောခိုင်ရာ မင်းသာတကယ်ကြိုက်ရင်လေ ဟော သိုက်ကလာတဲ့ လူတွေကို သိုက်ကြိုးဖြတ်ပေးတဲ့ ဆရာတွေအများကြီး၊ မင်း ဘက်ကသာ ပီပြင်အောင်လုပ်'

စောစောက ရှိခဲ့သော အခဲမကျေမှုကို အကြောင်းတိုက်ဆိုင်သည်နှင့် အာကာက ဝင်ဆော်သည်။ ရဲလေး၏ မျက်နှာမှာ အီးမှန်သလို ရှုံ့မဲ့သွားသည်။

'အေးပါ အာကာရ၊ ငါ အရိုးကြေကြေ၊ အရေခန်းခန်း ကြိုးစား မှာပါကွ၊ သူ့မှာ ညီမကလည်း ရှိတယ်လေ၊ မင်းသိတဲ့အတိုင်း ဘဝဆိုတာ တိုက်ပွဲ၊ ခယ်မ ဆိုတာ တာ'

စောခိုင်ပြောရင်း တန်းလန်းကြီးဖြင့် စကားကိုရပ်သည်။ ရပ်ဆို ရဲလေး က စားပွဲပေါ်မှ လိမ္မော်သီးကို ကောက်ကာ လက်မောင်း အကျီစကို ပင့်တင်နေ သည်ကိုး။ ဆော်တော့မည့်သဘော။

'ပြောပါကွ ဆက်ပြောစမ်းပါ၊ ခယ်မဆိုတာ လိုက်ပွဲလို့'

' ဟဲ ဟဲ ဟဲ ခယ်မဆိုတာ . . . . ခယ်မဆိုတာ ဗိုက်ဆွဲပါကွာ'

စောခိုင်က စကားကို လှိုးလွှဲပြောချလိုက်သည်။ ရဲလေးကို လိမ္မော်သီး ကို ဆောင့်ချသည်။

' မင်းကလဲကွာ မေသန္တာလည်း ရှိသေးတယ်လေကွာ စောခိုင်ရ'

' အေး ဟုတ်သားပဲ '

' ဘာဟုတ်တာလဲ၊ အဲဒါ ငါ့အတွက်ကွ'

အာကာက 'မေသန္တာ' ဟုပြောစဉ် ရဲလေးဘက် မေးငေါ့ပြသည်မို့ စောခိုင်က 'ဟုတ်သားပဲ' ဟုဆိုသည်။ ထိုအခါ ရုတ်တရက်ကြီးပင် ရဲလေးက သူ့အတွက်ဟုထအော်သည်။ သူမတို့ အုပ်စုနှင့် ဆုံစဉ်က ရဲလေး၏ မျက်လုံး တွေ 'မေသန္တာ' ဆီမှာပဲ ဝေ့ဝဲနေတာ သူတို့ သိကြသည်။

'ဘာဆိုင်လဲ 'မေသန္တာ'က ဒီနေ့မှသိတဲ့ သူငယ်ချင်းလေ၊ အဲ ဒီလိုပဲ စောခိုင်ကလည်း ဒီနေ့မှ သိတဲ့ သူငယ်ချင်းဆိုတော့ အတူတူပေါ့၊ ဟကောင် စောခိုင်ရ မင်းလိုက်ခွင့်ရှိသေးတယ် သိလား'

' အေး '

အာကာက တမင်ပင် စောခိုင်ကို မျက်လုံးမှိတ်ပြရင်း ဆိုတော့ စော ခိုင်က 'အေး' ဟု တက်ကြွစွာ ဆိုသည်။ ဒါကို စနေမှန်း အသိကြီးဖြင့် ရဲလေး က ရှုံးရှုံးရှဲရှဲ ဖြစ်လို့နေသည်။ အာကာတို့ နှစ်ကောင်စလုံးကို ပေကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေစောင်းဖြင့် ကြည့်သည်။

'တစ်ခုတော့ ရှိတယ်လေ၊ ဒီတစ်ပတ်တော့ စနေ၊ တနင်္ဂနွေ မင်း ဦးဆောင်ပြီး သူတို့ဆီ သွားလည်မယ်ဆိုရင်တော့ ငါ့အနေနဲ့ မြွားဦးကို 'မေသန္တာ'ကနေ တခြားတစ်ယောက်ကို လွှဲပေးမှာပေါ့'

စောခိုင်၏ စကားကြောင့် လှုပ်ခနဲ ဝမ်းသာသွားသော ရဲလေး ဆတ်ခနဲ မျက်နှာပြန်တည်သည်။ စောခိုင် ဘာကိုဆိုလိုမှန်း သူသိသည်လေ။

'တောက်၊ ဆုပ်လည်း စူး၊ စားလည်းရူး၊ ကောင်းပါ့ကွာ၊ မထူးပါဘူး၊ ငါ့ညီမကို ငါပဲ အောင်သွယ် လုပ်ပေးပါ့မယ်၊ ဟင်း'

'ကောင်းသားပဲ'

' ဘာကွ '

သူ့ ရှုံး သူပတ် သူ့စကားနှင့် သူ ရဲလေး ဒုက္ခတွေရောက်လို့နေသည်။ မျက်နှာကြီး သုန်မှုန်ကာ ဖြစ်နေသော သူ့မျက်နှာကို ကြည့်ကာ အာကာနှင့် စောခိုင်တို့က ရယ်ကြသည်။

'ဘာတွေ ဆူညံနေတာလဲကွ ဟေ'

ကိုလှနိုင်က အပြင်က ပြန်လာရင်း ဆိုသည်။

'ဒီလိုဗျ ကိုလှနိုင်ရ . . . . . . . . . . . . . '

စောခိုင်ကပင် ဖြစ်ကြောင်းရယ်တဲ့ ကုန်စင်ကို တက်တက်ကြွကြွ ရှင်းပြသည်။ ကိုလှနိုင်က သေသေချာချာ နားထောင်ပေးသည်။

'ဩော် ဒါဆိုရင် ရဲလေးပါမှ မင်းတို့က ဝင်လို့ထွက်လို့ ကောင်းမှာပေါ့၊ နောက် ခင်သွားတော့ တစ်မျိုးပေါ့'

' အင်း လိုက်ပို့ပေးရမှာတော့ ခေါင်းခပ်ကြိမ်းကြိမ်းပဲဗျ၊ ငစောခိုင်ရဲ့ မြွားက ကျွန်တော့် ညီမကို ချိန်ထားတာဗျ'

မကျေမချမ်းဖြင့် ဝင်ပြောသော ရဲလေး၏ စကားကြောင့် အားလုံးက ဝိုင်းကာ ရယ်မောကြသည်။

'ဩော် မင်းကလဲ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ပေါ့ကွာ၊ စောခိုင် က မဆိုးပါဘူးကွ'

'သိဒယ် သိဒယ် အဲဒီ မဆိုးတာတွေ အကုန်သိလို့ ခက်နေတာ'

'သိတယ်' ဆိုတာကို 'သိဒယ်' ဖြစ်လောက်အောင်ကို ခပ်ဆောင့်ဆောင့် ယောကျ်ားကြီးတန်မဲ့ မျက်စောင်းကြီးခဲကာ ပြောသော ရဲလေး၏ စကားကြောင့် ကိုလှနိုင်က 'ဟက်'ခနဲ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို စောခိုင်က ကော်လံကို လက်ဖြင့် ဆွဲထောင်ကာပြသဖြင့် ရဲလေးက ဆောင့်ကန်သလို လုပ်ပြသည်။

'ဟုတ်ပြီ ဟုတ်ပြီ ယောက်ဖတွေဆိုတာ အဲသလိုကို ချစ်ချစ်ခင်ခင်နေရတယ်'

အာကာက ဝင်ချွန်ပေးရင်း တဟီးဟီးဖြင့် သူ့စကားသူ သဘောကျကာရယ်သည်။ 'ယောက်ဖတွေ' ဟု ဆိုလိုက်သဖြင့် ရဲလေးက တောင့်တောင့်ကြီး ဖြစ်သွားသလို စောခိုင်ကတော့ ထိုင်ခုံရသော အဲယားကွန်းဘတ်(စ်) ခရီးသည် လို ပြုံးဖြီးဖြီးကြီး ဖြစ်လို့သွားသည်။ အပြောခံရသော ဟိုကလေးမကတော့ နားတွေ ပူနေရော့မည်။

'ရယ်စရာဆို ကျုပ်တို့ကိုလည်း ပြောပြပါဦးဗျ'

အဆောင်အောက်ထပ်မှ အညာသား စိုးမော်နှင့် စိုးသော် ညီအစ်ကို နှစ်ယောက်က လှေကားမှ မော့ကြည့်ရင်းအော်သည်။

' အလွင် ရယ်ချင်တာပေါ့ ဟုတ်လား'

အလွန်ဆိုလျှင် 'အလွင်' ဟု အသံထွက်သော မုံရွာဘက်မှ အညာသား ညီအစ်ကိုကို ကိုလှနိုင်က လှမ်းစသည်။

'အလွန်၊ အလွန်'

အောက်ထပ်က စိုးမော်က စကားပီပြီး 'အလွန်' ကို နှစ်ခါအော်ရင်း သက်သေ ပြသည်။ သူတို့ ညီအစ်ကို နှစ်ယောက် ထိုသို့ လေယူလေသိမ်းလွဲ တာကိုက တစ်ဆောင်လုံး စ စရာ ဖြစ်လို့နေသည်။

'အပေါ်ထပ် တက်ခဲ့လေကွာ'

'တော်ပါပြီဗျာ ခင်ဗျားတို့ လူစုံရင် ကျုပ်တို့ကို ခင်ဗျားတို့က ဝိုင်းစကြမှာ မလာတော့ပါဘူး'

'ကျုပ် မစပါဘူးဗျ၊ ကျုပ်က မစတတ်ပါဘူး'

ရဲလေးက ထိုအညာသားများပြောသလို 'ကျုပ်' ဟု လိုက်တုကာ အညာသံဖြင့် ပြောလိုက်သဖြင့် အားလုံး တဟားဟားဖြင့် ရယ်ကြသည်။ အောက်ထပ်မှ အညာညီအစ်ကိုကတော့ အသံထပ်မပြုတော့သလို အပေါ်ထပ်ကိုလည်း လုံးလုံးတက်မလာကြ။

'ကဲကဲ အဲဒါ အသာထား နောက်တစ်ပတ်သွားလည်ရင် စနေနေ့ကပို အဆင်ပြေမယ်ထင်တယ်။ စနေဆိုတော့ တနင်္ဂနွေသွားဖို့ ကြိုပြီး လမ်းခင်းထားလို့ရတာပေါ့ မဟုတ်ဘူးလား အာကာ'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ဟုတ် Very ဟုတ်'

အာကာနှင့် စောခိုင် အတိုင်အဖောက်ညီနေသည်ကို ရဲလေးက အမြင်ကပ်ဟန်ဖြင့် ကြည့်သည်။

'မုဒိတာ ပွားပါကွာ၊ ယူတတ်ရင် ကုသိုလ်ရပါတယ်ကွ'

အခန်းထဲမှ အထွက် ပြောသွားသော ကိုလှုနိုင်၏ စကားကြောင့် ရဲလေး တွန့်ခနဲပင်ဖြစ်သွားသည်။ ကမ္ဘာဦးကတည်းက ဘယ်အစ်ကိုကမှ ကိုယ့်ညီမ ကို 'ရော့၊ အင့်' ဟု ရက်ရက်ရောရောမရှိခဲ့ကြတာမို့ ရဲလေးလည်း ရာဇဝင်လာ အတိုင်း သူ့ညီမကို ကြိတ်၍ နှမြောသည်။ စောခိုင်မှမဟုတ် တော်တန်ရုံ လောက်နဲ့တော့ သဘောတူနိုင် မတဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



၇

'ဟို က အဲဒီလောက်ထိကြီးလည်း အခြေအနေ မဆိုးပါဘူး တက်နင်းရဲ့၊ ရုပ်ကတော့ တော်တော်ဖြောင့်သယ်'

မေသန္တာက ထုံးစံအတိုင်း မော်လမြိုင်သူပီပီ 'တနဲ့သ'ကို မကွဲတကွဲဖြင့် သက်နှင်းကို ဆိုသည်။

'ရုပ်ဖြောင့်တာ ဘာလုပ်ရမှာလဲ ပြုတ်စားလို့မရ၊ သုပ်စားလို့မရ၊ သူ့ပုံစံကြည့်ရတာ လက်ကြောတင်းမဲ့ပုံလဲ မပေါ်ပါဘူး'

'အဲဒါတော့ မသိဘူး သက်နှင်းရေ၊ မျက်လုံးကိုကြည့် အဖြေသိဆိုသလိုပဲ၊ တစ်ချိန်လုံး နင့်ကို ကြည့်နေတာတော့ ငါသိတယ်၊ ငါပြောရဲတယ်ဟာ သူသာ ခပ်နုံနုံ ခပ်အအ ယောကျ်ားတစ်ယောက် မဟုတ်ရင်၊ မကြာခင်မှာ သူ့ဘက်ကနေ ချစ်ဇာတ်လမ်း စလာလိမ့်မယ် ကြည့်ထား'

'အမလေး သွားစမ်းပါ မိကြူရယ်၊ ငါလား သူ့လိုကောင်ကို စဉ်းစားမှာ၊ ဝေးပါသေးတယ်၊ ရုပ်ကိုက ပြောင်ချော်ချော်နဲ့'

'အေးပါ အေးပါ အဲဒီပြောင်ချော်ချော်ကို နောက်မှ မောင် မခေါ်နဲ့'

ကြူနွယ်က ကာရန်ဖြင့် သက်နှင်းကိုနှိပ်ကွပ်သည်။

'စိတ်ချ မခေါ်ဘူး အဝေးကြီး'

သက်နှင်းက လက်မထောင်ရင်း ပြန်ပြောသည်။

'ဩော် ဒါနဲ့ မေသန္တာ ငါ့အစ်ကိုလေ အရမ်းသဘောကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား’

‘ ဟဲ့ မြှားဦးက ငါ့ဘက် လှည့်မလာနဲ့လေ’

မိကြူက သူ့အစ်ကိုကို ပွဲအထုတ် မေသန္တာက ရှက်စနိုးဖြင့် လက်ကာရင်းဆိုသည်။

‘ဟဲ့ ဘာမြှားဦးလဲ၊ ငါလည်း ဘာမှ မပြောရသေးဘူး၊ ဒီကောင်မလေး၊ မရိုးတော့ဘူး ရှက်ပါတယ်’

မိကြူက လက်ညှိုးလေး ကွေးချည်ဆန့်ချည်ဖြင့် ‘ကရော် ကရော်’ ပုံစံ မျိုးလုပ်ကာ ရှက်ပြီးရင်း ရှက်နေသော မေသန္တာကို စသည်။

‘ငါသိပါတယ်။ နင် ငါ့ကို နင့်အစ်ကိုနဲ့ စမလို့ မဟုတ်လား၊ ဒီတော့ ငါက ကြိုပိတ်ထားတာပါ’

မေသန္တာက ရှက်ဝဲဝဲဖြင့် ဖြေရှင်းချက်ပေးသည်။

‘ဩော် နင်က ငါ့အစ်ကိုကို မကြိုက်ဘူး ဆိုပါတော့’

‘ No ’

‘သေချာတယ်နော်’

‘ Yes ’

‘ အေး ဟုတ်ပြီး နောက်မှငါ့ကို အစ်မတွေ ညီမတွေ လာမခေါ်နဲ့’

‘ အမလေး လေး ဝေးပါသေးတယ်၊ ခေါ်နေဦးမယ်’

မိကြူစသမျှကို မေသန္တာက နှုတ်ခမ်းတလန် ပန်းတစ်လန်ဖြင့် ခွန်းစေ့ပြန်ပြောသည်။

‘နောက်ဆုံးကတော့ ဟိုဟာ စောရနက္ခတ်ဆိုလား ဘာဆိုလား၊ အဲဒီလူနဲ့ နင်နဲ့ ဘာဘာ ညာညာဖြစ်ရော’

‘ဘာမှ မဆိုင်ဘူး’

သက်နှင်းဝင်ပြောလိုက်သော စကားကြောင့် မိကြူက ‘ဘာမှမဆိုင်ဘူး’ ဟု ရှက်ရှက်ဖြင့် ငြင်းသည်။

‘အခုတော့ ဘယ်ဆိုင်သေးမလဲ၊ မကြာမီ လာမည်မျှော်ပေါ့’

မေသန္တာ စောစောက သူမကို နှိပ်ကွက်ထားသမျှ အခြေအနေ ပေးတုန်းလေး ဝင်သမသည်။

‘ မမျှော်နဲ့ မိကြူတို့က အပျိုကြီးလုပ်မှာ’

‘တကယ်’

‘နှစ်ကယ်’



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ နောက်မှ ငါဘယ်လို ဖြစ်သွားလဲ မသိဘူး မလုပ်နဲ့'

' စိတ်ချ၊ အပျိုကြီးပဲ တစ်ပြားမှ မလျှော့ဘူး'

မိကြူခမျာ သက်နှင်းနှင့် မေသန္တာပေါင်း၍ ပြောသမျှကို ခံစစ်အနေ အထားဖြင့် အလူးအလဲ ကာကွယ်နေရသည်။

သက်နှင်းနှင့် မေသန္တာကလည်း ဘယ်တောင်ပံ ညာတောင်ပံမှ ပိတ်ညှပ်ကာ တိုက်စစ်ဆင်နေသည်ကိုး။

'အေး ဒါဆိုရင်ငါတို့ သုံးယောက်ထဲက ဘယ်သူကစပြီး သစ္စာဖောက် မလဲဆိုတာ ကြည့်ကြမယ်'

'လုပ်လိုက်လေ ကြာသလားလို့ မိကြူ နင်သာ ဂရုစိုက်'

'အမလေး မိကြူတဲ့ နှစ်ကြူပဲ ရှိတယ် အပျိုကြီးဆိုမှ အပျိုကြီးပဲ တစ် ပြားမှ မလျှော့နိုင်ဘူး'

' အေးပါ အေးပါ မိကြူ မူကြည့်တာပါ မလုပ်နဲ့'

မေသန္တာနှင့် မိကြူ အပြန်အလှန်ပြောသမျှကို သက်နှင်းက ရယ်လျက် နားထောင်နေသည်။

'ဟဲ့ သက်နှင်း နင်ဘာမှ ကတိစကားမဆိုပါလား၊ ဘာလဲ နင်က သစ္စာ ဖောက်ချင်တယ်ပေါ့လေ'

အောင်မာမာ ကြည့်ထားလေ၊ သက်နှင်းက အပြောမဟုတ်ဘူး၊ အလုပ် နဲ့ သက်သေပြမှာ၊ ငါ အဲဒီကောင်နဲ့ ဖြစ်သွားရင်လေ နင်တို့ ကြိုက်သလိုသာ လုပ်'

'ကတိနော်'

' ကတိ'

'သေချာပြီလား'

'သိပ်သေချာတာပေါ့'

'နောက်မှ မေ့သွားလို့ မလုပ်နဲ့နော်'

'မလုပ်ဘူး စိတ်ချ'

မိကြူနှင့် မေသန္တာတို့က မိကြူကို ဝိုင်းကြည့်ကြပြန်သည်။ သုံး ယောက်သား ငှားနေရသော သူမတို့ တိုက်ခန်းမှာ မလှမ်းမကမ်းမှ လှည်း တန်းဈေးထက်ပင် ဆူညံနေသေးတော့သည်။

'ဟဲ့ မိကြူ ဟိုအာကာဆိုတဲ့ တစ်ယောက်က ကိုရီးယား မင်းသားနဲ့ ခပ်ဆင်ဆင်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အေးဟ တချို့ကိုရီးယားမှ ကိုရီးယားဆိုတဲ့ အသည်းကျော်တွေကတော့ ဟင်း မြင်နေပါသေးတယ်'

'မြင်ကြပေ့ာ၊ နင်တို့ပဲ မြင်ကြ၊ ဘာမှ ငါ့ကို ကိုရီယားမင်းသားနဲ့အဲဒီမျက်နှာပြောင်ကို လာမရောနဲ့ ဆီနဲ့ရေ'

မေသန္တာအပြောကို မိကြူက ထောက်ခံအပြီး သက်နှင်းက အာခေါင်ခြစ်ကာ ပြန်အော်သည်။

'အေးပါ၊ နောက်မှ မရှိမဖြစ်ရေ တော့ မလုပ်နဲ့'

'စိတ်ချ မိကြူရေ၊ မလုပ်ရေးချ မလုပ်၊ သက်နှင်းတဲ့ တစ်နှင်းပဲရှိတယ်၊ နင့်လို မိကြူ နှစ်ကြူရှိတာ မဟုတ်ဘူး'

'ငါက သူများထက် လိုတယ်လေ၊ သူများက တစ်ကြူဆို ငါကနှစ်ကြူလေ၊ ပိုခိုင်ခန့်တဲ့ သဘောပေါ့ဟာ'

အနိုင်ပိုင်းကာ ပြောလိုက်ရင်း တဟိဟိဖြင့် မိကြူက ရယ်လိုက်သေးသည်။ သက်နှင်းနှင့် မေသန္တာကပါ လိုက်ရယ်လိုက်ကြသည်။ တကယ်တော့ သူမတို့သည် ကလေးစိတ် သိပ်မပျောက်ချင်ကြသေး၊ တစ်ယောက်နှင့် တစ်ယောက် မခံချင်အောင် စနေကြခြင်းသာ ဖြစ်သည်။ သူမတို့ စိတ်မှာ ပျော်ပျော်ရွှင်ရွှင် နေလိုစိတ်ကလွဲပြီး တခြားဘာမှ မရှိသေး။

'ကဲ ထမင်းစားကြတော့မလား'

' Yes '

' စားမယ် '

သုံးယောက်သား မီးဖိုခန်းဘက်သို့ ညနေစာစားရန် ချီတက်ကြသည်။ မနက်ဖြန်အတွက် ချက်ရန်ပြုတ်ရန်တို့ကို တစ်ယောက်တစ်ပေါက် တိုင်ပင်ကြရင်း အခန်းမှာ ဆူညံမြဲ ဆူညံလျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၈

'ဟော့ ကောင်တွေ လာပြီ လာပြီ'

ရဲလင်း၏ သတင်းပို့မှုကြောင့် ကျောပေးထားရာဘက်ကို အာကာနှင့် စောခိုင် ခပ်သွက်သွက် လည်ပြန်ကြည့်ကြသည်။

သက်နှင်း၊ ကြူကြူနွယ်နှင့် မေသန္တာတို့မှာ ကုမ္ပဏီယူနီဖောင်းဆင်တူဖြင့် ဖယ်ရီစီးရန် ထွက်လာနေကြသည်။

အာကာတို့သုံးယောက် တမင်ပင် သူမတို့လာမည့်လမ်းမှ လက်ဖက်ရည်ဆိုင်တွင် နံနက်စာ စားကြရင်း စောင့်နေကြခြင်း ဖြစ်သည်။

စားပွဲထိုးကို ခေါ်ကာ ပိုက်ဆံရှင်းပြီး သုံးယောက်သား အပြေးတစ်ပိုင်း သူမတို့နောက်ကို လိုက်ကြသည်။

'ကြွယ်ကြွယ်နူ'

'ဟာ ကိုရဲလေး'

ရဲလေးခေါ်သော စောက်ထိုးပြောင်းပြန် အခေါ်ကို ကြူကြူနွယ်က တအံ့တသြ လှည့်ကြည့်လျက် ပြန်ထူးသည်။

'အလုပ် သွားပြီလား'

'ဟုတ်တယ် ကိုရဲလေး'

'ဖယ်ရီ ကြို့ရှိလား'

'ရှိတယ် '



www.burmeseclassic.com

www.burmeseclassic.com



ရဲလေးနှင့် ကြူကြူနွယ်သာ အမေးအဖြေ လုပ်နေကြသည်။ ကျန်လူများ ကတော့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေကြသည်။

သက်နှင်းကတော့ မျက်လုံးထောင့်မှတစ်ဆင့် အာကာ့ကို တစ်ချက်ခိုး၍ ကြည့်သည်။ သူမကို စိုက်ကြည့်နေသော အာကာကြောင့် လျှောက်လက်စ ခြေလှမ်းပင် ပျက်ချင်ချင် ဖြစ်၍ သွားသည်။

မေသန္တာကလည်း ကြူကြူနွယ်နှင့် စကားပြောနေသော ရဲလေးကို ခဏ ခဏခိုးကြည့်မိသလို၊ ရဲလေးနှင့် စကားပြောနေသောကြူကြူနွယ်ကိုလည်း စောခိုင်က ခိုးခိုးကြည့်နေသည်။ ဘာတွေ ပြောဖြစ်ကြသည်ကိုပင် မသိတော့။

'အေး ဒါဆို စနေနေ့ကျရင် လာလည်မယ်နော်'

'လာခဲ့ စားစရာပါ အသင့်လုပ်ထားလိုက်မယ်'

လမ်းမထိပ်ရောက်သည်နှင့် ကွက်တိ၊ ရဲလေးနှင့် ကြူကြူနွယ်က စကားစကို ဖြတ်သည်။

'သွားမယ်နော် ကိုရဲလေး'

'အေး အေး'

နှုတ်ဆက်လျက် ထွက်သွားကြသော သက်နှင်းတို့ကို အာကာတို့ ရပ်ကြည့်ရင်း ကျန်ခဲ့ကြသည်။

'မင်းတို့ကလည်းကွာ ဘာမှလည်း မပြောကြဘူး'

'ဟ ဘာပြောရမှာလဲကွ ရင်းမှ မရင်းနှီးသေးဘဲနဲ့'

'လာမှာပေါ့ကွာ တစ်ဆင့်ပြီး တစ်ဆင့်ပေါ့'

ရဲလေး၏ စကားကို အာကာနှင့် စောခိုင်တို့က တစ်ယောက်တစ် ပေါက် ပြန်ပြောကြသည်။

'ငါတို့ကျတော့ ပြောနေတယ်၊ မင်းကျတော့ကော မင်းညီမနဲ့သာ ပေါက်ပေါက်ဖောက်နေတာ မင်းမေသန္တာကို ရဲရဲတောင် ကြည့်ရဲလို့လား'

'ဟို ဒါကတော့'

'တော်စမ်းပါ အတူတူနဲ့ အနူနူပါပဲ'

အာကာနှင့် ရဲလေး တစ်ယောက်တစ်ပေါက် ငြင်းခုံနေသည်ကို စောခိုင်က ပြုံးရင်းကြည့်သည်။

'ငါ့ကိုတော့ မီးစိမ်းပြတယ်ဆရာ၊ ခိုးခိုးပြီး ကြည့်နေတယ်ကွ သိလား၊ ငါ မိတော့ ရှက်နေလိုက်တာများကွာ'

'ဟော့ကောင် ငါ့ကွယ်ရာမှာ ပြောလေ'



www.burmeseclassic.com

www.burmeseclassic.com



ပြောင် စပ်စပ်ဖြင့်ပြောနေသော စောခိုင်ကိုရဲလေးက ဟန့်သည်။ ဟန့်ပေမပေါ့၊ သူ့ညီမအကြောင်းကို အစ်ကိုရှေ့လာပြောနေသည်ကိုး။

'ဟ မင်းကွယ်ရာ ရှိမှမရှိဘဲ၊ မင်းနဲ့ငါက ကုမ္ပဏီတစ်ခုတည်း ရုံးခန်းတစ်ခုထဲ အလုပ်လုပ်ကြတာလေ'

'ရတယ် စောခိုင် ငါ့ဆီပြော၊ ငါကုန်ကြမ်းရတာပေါ့ကွာ၊ ငါ့အတွက် သိပ် အသုံးဝင်မယ်ကွ'

ဝင်ပြောလိုက်သော အာကာ့စကားကြောင့် 'စောခိုင်' က 'ဟုတ်သားပဲ' ဟု ပြောရင်း တဟီးဟီးရယ်သည်။

ရဲလေးကတော့ 'မှားပါတယ်' ဟု အီးမှုန်သော မျက်နှာဖြင့် ဆိုသည်။ ခေါင်းကိုလည်း ခပ်ကြမ်းကြမ်းကုပ်သည်။

'ကဲ ငါတို့ သွားတော့မယ်'

'အေး အေး'

ထွက်သွားသော စောခိုင်နဲ့ ရဲလေးတို့ကို ကြည့်ရင်း အာကာပဲ အဆောင် ပြန်ရန်ပြင်သည်။ အားလုံးမှာ အသက်နှစ်ဆယ်ကျော်များ ဖြစ်ကြပြီး နယ်မှ လာကာ ရန်ကုန်မှာ ရှုန်းကန်နေကြသူများပီပီ၊ နယ်ဝေးသမားချင်း ဆုံကြလျှင် ညီအစ်ကိုတွေလို ခင်ကြသည်သာ။

စောခိုင်နှင့် ရဲလေးတို့၏ ကုမ္ပဏီက နေ့လယ်စာကျွေးသည်။ သို့သော် ဖယ်ရီ မရှိ၊ အာကာက အဆောင်ပြန်စာရေး။

အာကာကတော့ စာရေးဆရာ ပေါက်စမို့ ဝင်ငွေက ပီပီပြင်ပြင်မရှိ၊ တစ်ခါတရံ အိမ်မှပင် ပြန်မှာရသည်အထိပင်၊ စာရေးဆရာတိုင်း နီးပါး ဖြတ်သန်းရသော ဒုက္ခတို့ကို အာကာလည်း ဖြတ်သန်းရသည်သာ။

စိတ်ခေတ်ကျ၍ကျိုင်းတုံပြန်ချင်စိတ်နှင့် စာရေးဆရာ မဖြစ်သရွေ့ လုံးဝမပြန်ဟူသော စိတ်တို့၏ လွန်ဆွဲပွဲမှာ နေ့စဉ် ပင်ပန်းနေရသော အာကာ သက်နှင်းမျက်နှာလေးကို မြင်ရချိန်မှာ အမောဟူသမျှ လွင့်ပြယ်ကာ လန်းဆန်းတက်ကြွလာပြီး ဘဝ၏ နူးညံ့သော အဓိပ္ပာယ်တို့ကို သိနားလည်လာ သလိုလို ရှိလာသည်။

အဆောင်ပြန်ရောက်သည်နှင့် အာကာ စာရေးစားပွဲမှာ ထိုင်သည်။ ရေးလက်စ ဝတ္ထုတို တန်းလန်းများကို ကြည့်ရင်း ရှုပ်ပွနေတာတွေကို ရှင်းသည်။

စားပွဲပေါ်မှာ အားလုံး ရှင်းပြီးသွားသည်နှင့် စာရေးရန် စာရွက်နှင့် ဘောပင်ရှေ့ချကာ ထိုင်လျက်ကြီးနှင့်သူ သက်နှင်းကို သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လွမ်းသလိုလို သတိရသလိုလို၊ ဘယ်လိုမှ မပတ်သက်သော၊ မီးနီပြနေသော ကောင်မလေး တစ်ယောက်ကို တစ်ဖက်သတ်ကြီး စွဲလမ်းမိခြင်းသည် တကယ်တော့ ကောင်းသော အလားအလာမဟုတ်။

'ဟင်း'

အာကာ သက်ပြင်းကို အရှည်ကြီး ချဖြစ်သည်။

* * *



www.burmeseclassic.com

၄

'သက်နှင်း နင် ဒါနဲ့ဆို မှန်ရှေ့ရောက်တာ သုံးခါရှိပြီနော်၊ မရိုးတော့ဘူး'

'ဘာမှ မဆိုင်ဘူး၊ နင်မှန်ရှေ့လာလို့ ငါ့ကိုတွေ့တာ မဟုတ်လား၊ ဒီတော့ နင်ပဲ မရိုးတာ'

'ဟော့ မိကြူကော၊ သက်နှင်းရော၊ နင်တို့နှစ်ယောက်စလုံး မရိုးတာပါ၊ ငါသာလျှင် အတည်ငြိမ်ဆုံး အပျိုကြီးလုပ်မယ့် မိသန့်ရှင်း၊ ဒါပဲ'

'ဟဲ့ နင်က မိသန့်ရှင်း လုပ်လို့ မရဘူးလေ၊ ငါ့အစ်ကိုကို ပစ်ထားတော့ မှာလား၊ ငါ့မျက်နှာတော့ ထောက်ပါဦးဟာ'

' No, No အပျိုကြီးဆို အပျိုကြီးပဲ တစ်ပြားမှ မလျှော့ဘူး'

ပြောင်ချော်ချော်ဖြင့် ဆိုသော မိကြူ၏စကားကို မေသန္တာက No No ဟုဆိုရင်း မိကြူ၏ လက်သုံးစကားဖြင့်ပင် မိကြူကို နှိပ်ကွပ်သည်။

စနေနေ့

မိကြူတို့ အစ်ကိုနှင့် ဧည့်သည်များလာမည်ဆို၍ သူမတို့ အခန်းကို သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ရှင်းလင်းကြရင်း တစ်ယောက်နှင့်တစ်ယောက် စနေ ကြခြင်းဖြစ်သည်။

'ဟဲ့ အဲဒါက ကိစ္စမရှိဘူး၊ သူတို့လာလည်ရင် ဘာကျွေးမှာလဲ အခုထိ လည်း ဘာမှ မပြင်ရသေးဘူး'


www.burmeseclassic.com

www.burmeseclassic.com



'အို ရေခဲသေတ္တာထဲမှာ အအေးပုလင်းရှိနေတာပဲ၊ အဲဒီအအေးနဲ့ ကိတ်မုန့်လေးပြေးဝယ်ပြီး ကျွေးလိုက်ပေါ့၊ ဘာခက်တာမှတ်လို့'

သိပ်ကြည်ကြည်လင်လင် မရှိလှသော သက်နှင်းက မေသန္တာကို လှမ်းပြောသည်။ ဖြစ်နိုင်လျှင် သူမ တစ်ခုခုကို အကြောင်းပြပြီး တစ်နေရာရာကို ရှောင်ချင်နေသည်။ မိကြူ မျက်နှာက ရှိနေသောကြောင့်သာ၊ တော်ကြာ ရိုင်းရာ ကျမည်ကလည်း စိုးရသေးသည်။

'ဟဲ့ မကောင်းပါဘူးဟယ်၊ မြန်မြန်ဆန်ဆန် ရေနွေးကြမ်းလေးနဲ့ လက်ဖက်သုပ်လေးဆို မကောင်းဘူးလား'

'တောဆန်တယ်ဟဲ့'

'နေကြဦး၊ ငါတွက်ကြည့်ဦးမယ်၊ ဒီနေ့က စနေနေ့ဆိုတော့'

'အမယ်လေး မိသက်နှင်း နင်ကလည်းတစ်မျိုး၊ ဘာလုပ်လုပ်တတ်သလောက် မှတ်သလောက်တော့ နင်က တွက်လိုက်ရမှ'

'ဝါသနာကိုး မိကြူရဲ့ ကျွေးကျွေး နင်တို့ ပြောတာကော၊ ငါပြောတာကော ဘာကျွေးကျွေး အဆင်ပြေပါတယ်'

ဗေဒင်နှင့် ရိုးရာ အစွဲအလမ်းစသည်တို့ကို သူများထက် ပိုမို ယုံကြည်လွန်းသော သက်နှင်း၏ စကားအဆုံး မိကြူက ချစ်စနိုးဖြင့် လှမ်းစလိုက်သည်။

'သက်နှင်း ဒါဆိုရင် ငါတို့ အခါပေး ပြက္ခဒိန် လှန်ကြည့်ဖို့ လိုသေးလား'

မိကြူကို သက်နှင်းက မျက်စောင်းထိုးသည်။ နောက်ဆုံး သူမတို့ လက်ဖက်သုပ်ကိုသာ ရွေးချယ်လိုက်ကြသည်။ အအေးနှင့် မုန့်ဆိုလျှင် ပြီးစလွယ်ဆန်သည် ဆိုသော မေသန္တာ၏ အကြံပြုချက်ဖြင့်။ တစ်ယောက် တစ်ပေါက် လုပ်ကြ ကိုင်ကြရင်းဖြင့် လက်ဖက်သုပ်ရန် အသင့်အနေအထားကို ပြင်ထားလိုက်ကြသည်။

ထို့နောက် ရေအလှည့်ကျ ချိုးကြသည်။ သက်နှင်းချိုးသော အလှည့်မှာ လူခေါ်ဘဲလ်လေး မြည်လာသဖြင့် မေသန္တာက ထဖွင့်ပေးသည်။ တံခါးဝမှာ ရပ်နေသော ရှေ့ဆုံးမှ မိကြူတို့ အစ်ကို။

'ဩော် လာလေ'

ရဲလေးတို့ သုံးယောက်သား တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ကုပ်ချောင်းချောင်းဝင်လာကြသည်။

'မိကြူကော'



www.burmeseclassic.com

www.burmeseclassic.com



'အခန်းထဲမှာ မိကြူရေ ညော်သည်'

ရဲလေး၏ အမေးကို မေသန္တာတစ်ယောက် ဖြေရင်းပင် မိကြူကို လှမ်း ခေါ်ပေးသည်။ တကယ်တော့ လူခေါ်ခေါင်းလောင်း (ဘဲလ်) မြည်ကတည်း က သူ့အစ်ကို လာပြီဆိုတာကိုမိကြူ သိပျူသည်။ ခေါင်းဖြီးဘီးကို မှန်တင်ခုံပေါ် အသာချပြီး မှန်ကို တစ်ခါပြန်ကြည့်သည်။

'အေး လာပြီ'

အင်္ကျီကိုအသာဆွဲချရင်း မိကြူ အသံပြန်ပေးသည်။ ရေချိုးခန်းတံခါး ကိုလည်း ပြေးခေါက်ရသေးသည်။ သူမတို့ အခန်းက အိပ်ခန်းနှင့် ရေချိုးခန်း အိမ်သာတွဲလျက်မို့ သူမတို့ လှုပ်ရှားနေသမျှကို ဧည့်ခန်းက မြင်နိုင်စရာ အကြောင်းမရှိ။

'ဟဲ့ သက်နှင်း ဧည့်သည်တွေ ရောက်နေပြီဟဲ့၊ မြန်မြန်လုပ်ဦး'

'အေး '

ကြိတ်၍ ပြောသော မိကြူကို ရေချိုးပြီးနေပြီဖြစ်သော သက်နှင်းက 'အေး' တစ်လုံးထဲ ဖြေသည်။

မိကြူ ဧည့်ခန်းဘက် ကူးလာတော့ ကိုရဲလေးတို့က ထိုင်လျက်၊ မေသန္တာကတော့ ထိုင်ခုံလေးကို ထိုင်ကာ ခပ်ယို့ယို့လေး ရပ်နေသည်။

'ခဏလေးနော် ကိုရဲလေး မိကြူတို့ လက်ဖက်သုပ်ကျွေးမယ်'

'ဟာ မဟုတ်တာ ငါ့ညီမကလည်း ရပါတယ်'

' များများသာ ယူခဲ့'

ငြင်းဆန်သော ရဲလေး၏ စကားနောက်မှ ပြောင်သလို နောက်သလိုဖြင့် အာကာက 'များများ' ယူခဲ့ရန် နောက်လိုက်သည်။ မိကြူက အာကာ့ကို ပြုံးပြ ရင်း 'စိတ်ချ' ဟုဆိုသည်။ မီးဖိုခန်းထဲကို မေသန္တာနှင့် မိကြူ ဝင်သွားသည်ကို ရဲလေးနှင့် စောခိုင်တို့ လိုက်ကြည့်နေကြသည်။ အာကာ ကတော့ တောင် ကြည့် မြောက်ကြည့်ဖြင့် သက်နှင်းကို ရှာနေမိသည်။ ရှိများ မရှိဘူးလားဟု သူစဉ်းစားနေမိသည်။

'မင်းကလည်း အရှက်ကို မရှိဘူး'

'အဟဲ'

ရဲလေး မာန်သည်ကို အာကာက 'ဟက်'ခနဲ ရယ်ပြသည်။

'အရီးတောင်း လက်ဖက်ကို ဇနီးလောင်း လက်နဲ့ ယူလာပါစေဗျား'

စောခိုင်က ဆုတောင်းသလိုလို၊ ရွတ်ဖတ်သလိုလို ကာရံနှင့်



www.burmeseclassic.com

www.burmeseclassic.com



နဘေနှင့် ဆိုသည်။ သူတို့ တိုးတိုး တိုးတိုးဖြင့် တစ်ယောက် တစ်ပေါက် ဆိုနေတုန်း သက်နှင်း အခန်းထဲက ထွက်လာသည်။ ခေါင်းလျှော်ထားသဖြင့် မခြောက်သေး သော ဆံပင်ကို ဖြန့်ထားသည်။

အာကာ သက်နှင်း၏ အလှမှာ ဒေးမောရင်း မိန်းမောရင်း ရင်ဘတ်ထဲမှ ချစ်စိတ်တို့က တွန်းကန် ထွက်တော့မတတ် ဝုန်းဒိုင်းကျဲလို့နေသည်။ စောခိုင်က အငေးကြီး ငေးနေသော အာကာ့ကို တံတောင်ဖြင့် တွက်ရင်း သတိပေးသည်။

သက်နှင်းကတော့ မိကြူ၏ အစ်ကိုဖြစ်သော ရဲလေးတစ်ဦးတည်းကို သာကွက်ကာ ပြုံးပြရင်း မီးဖိုခန်းဘက်ကို လိုက်ဝင်သွားသည်။

'ဟ ကောင်ရ မင်းသရုပ်ပျက်လိုက်တာကွာ'

' အဟဲ ချစ်တာကိုးကွ '

' ချစ်ချစ် ဟိုက မင်းကို ရှိတယ်လို့တောင် ထင်တာမဟုတ်ဘူး'

' အစပိုင်း မို့လို့ပါကွာ'

' လာပြီ တော်ကြတော့'

သုံးယောက်သား တစ်ယောက် တစ်ပေါက် ပြောနေစဉ် မိကြူက လက်ဖက်သုပ်ပန်းကန်လေးကို ကိုင်ကာ ထွက်လာသည်။ သူမနောက်မှ မေသန္တာက ရေနွေးခွက်များနှင့် လက်သုပ်ယူကာ ထွက်လာသည်။ သက်နှင်း ကတော့ ရေနွေး ဓာတ်ဗူးလေးကို ကိုင်လျက်။

'စားနော် အားမနာနဲ့'

မိကြူက လက်ဖက်သုပ် ပန်းကန်ကို စောခိုင်တို့ဘက်တိုးပေးသည်။ တစ်ပန်းကန်ကို သူမတို့ဘက်မှာချသည်။ သက်နှင်းက ရေနွေးပန်းကန်များကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သည်။ မေသန္တာက တစ်ယောက်စီ လိုက်ချပေးသည်။ ရဲလေးတို့က ဘယ်သူမှစ မစားကြ။ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့် နေကြသည်။

'ဟဲ့ သက်နှင်း မိုးအုံ့နေတာကို ခေါင်းလျှော်လိုက်တယ်၊ ကြည့်ပါဦး၊ စိုနေသေးတယ်'

'အေးဟ ဒီနေ့ ရက်ရာဇာမို့လို့ လျှော်လိုက်တာ မီးပျက်နေတော့ Hair Dryer ကလည်း သုံးလို့ မရ ဖြစ်နေတယ်'

မိကြူက အာကာတို့ စားရသောက်ရ အားနာနေမည်စိုး၍ စကား လမ်းကြောင်း လွှဲပေးသည်။ သက်နှင်းကတော့ ထုံးစံအတိုင်း စကားတစ်ခွန်း



www.burmeseclassic.com

ပြောတိုင်း အယူသီးမှုတစ်ခုတော့ ပါလာမြဲ။

ရဲလေးကပင် ဦးဆောင်ကာ လက်ဖက်သုပ်တစ်ဇွန်းကို ယူကာစားသည်။ မိကြူကလည်း သူမတို့ဘက်မှ လက်ဖက်သုပ် ပန်းကန်ထဲမှ တစ်ဇွန်း ယူကာ စားသည်။

အာကာကတော့ ရေနွေးကို မှုတ်ကာ သောက်နေသည်။

'နင်တို့လုပ်တဲ့ ကုမ္ပဏီက ဘာလုပ်တာလဲ'

' ဟို ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေပေါ့နော်၊ မေသန္တာ'

ရဲလေး၏ အမေးကို မိကြူက ပြန်ဖြေရင်း မေသန္တာကို ဆွဲထည့်သည်။ တမင်ကြံစည်လိုက်မှန်း မေသန္တာသိသည်။ ရှက်ရှက်ဖြင့် သူမခေါင်းကို ညိတ်သည်။

'ကိုရဲလေးတို့ ကုမ္ပဏီကကော ဘာတွေလုပ်လဲ'

' သြော် လျှပ်စစ်ပစ္စည်းမျိုးစုံ သွင်းတယ်လေ'

' သြော် သုံးယောက်စလုံး အတူတူပဲလား'

မိကြူက ကျန်နှစ်ယောက် ဘာလုပ်မှန်း မသိသဖြင့် မေးခြင်းဖြစ် သည်။ အာကာက ရဲလေးကို ကြည့်သည်။

'ငါနဲ့ စောခိုင်နဲ့က အတူတူ၊ ဟိုကောင် အာကာက စာရေးဆရာလေ'

'သြော်'

မိကြူနှင့် မေသန္တာက 'သြော်' ဟု ရေရွတ်ရင်း အာကာ့ကို အထင်တကြီး ကြည့်ကြသည်။ သက်နှင်းကတော့ နှုတ်ခမ်းကို မသိမသာရွဲ့သည်။ ဒါကိုပင် အာကာက မြင်ဖြစ်အောင် မြင်သည်။ သူ့ရင်ထဲမှာ နင့်ခနဲ။

'ကလောင်နာမည်က ဘာတဲ့လဲ'

'သူ့နာမည်အတိုင်းပါပဲ၊ အာကာထွဋ်ရှိတဲ့'

' မကြားဖူးဘူးပဲ'

ရဲလေး၏ စကားအဆုံး ဝင်ပြောလိုက်သော သက်နှင်း၏ စကားကြောင့် ရေသောက်နေသော အာကာ ရေနွေးသီးသွားသည်။

'သြော် ကျွန်တော်က ဟို အသစ်ဆိုတော့ ဘယ်ကြားဖူးမှာလဲ'

နှိပ်ကွပ်နေမှန်း သိသိကြီးနှင့် သူ မသိချင်ယောင် ဆောင်လိုက်သည်။

'တခြား ဘာမှ မလုပ်ဘူးလား'

မျက်လုံးများ မေ့စင်းလျက် မေးလာသော သက်နှင်း၊ အာကာ့ရင်ထဲမှာ အောင့်သက်သက်ကြီး ခံစားလိုက်ရသည်။ အထင်သေးဟန်၊ ရှုပ်ချဟန်က


www.burmeseclassic.com

www.burmeseclassic.com



မည်သို့မှ မသိချင်ယောင်ဆောင်လို့ မရလောက်အောင်ပင် ပေါ်လွင်လွန်းသည်လေ။ ကြည့်နေတုန်း အာကာ ဘာပြန်ပြောမည်လဲဆိုတာကို မျက်လုံးများ မှေးစင်းလျက် နားစွင့်နေတုန်း . . .

'ဟင့် အင်း ဘာ မှ မ လုပ် ဘူး'

ထိုသို့ ဖြေလိုက်ရသောခဏ ကမ္ဘာကြီး လည်နေရာမှ ခဏရပ်သွားသလားဟု မွန်းကြပ်စွာ အာကာတွေးမိသည်။ ဘာကြောင့် ဒီခဏလေးမှာ အားလုံး တိတ်ဆိတ်နေပါလိမ့်။ ထိုသို့ ဖြေပြီးနောက် ရှိရှိသမျှသော အားအင်အားလုံး ဆုတ်ယုတ် ကုန်ခမ်းသွားသလား မသိ။ အာကာ နုံးချိပင်ပန်းသွားရ၏။

'ကဲပါ စားကြဦး၊ စကားပဲပြောမနေကြနဲ့လေ'

မိကြူက အခြေအနေကို ပုံပန်းပျက်မသွားခင် ဝင်ထိန်းသည်။ လက်ဖက်သုပ်ကိုလည်း နှစ်ဇွန်းတိတိ ဆင့်ကာ ကော်စားလိုက်သေးသည်။ အာကာ့ကို အကျဉ်းအကျပ်ထဲရောက်စေနိုင်ခဲ့သဖြင့် သက်နှင်းအကျေနပ်ကြီး ကျေနပ်လို့သွားသည်။

ထိုနေ့က အားလုံးစကားဖောင်ဖွဲ့နေသည့်အထဲမှာ အာကာမပါ၊ စာရေးဆရာ ဟူသည် ချစ်သူ၏ အထင်အမြင်သေးမှုကို ခံရရန်၊ ခံယူရန် အတွက် လုံလောက်သော သိမ်ငယ်မှု တစ်ခုလေလားဟု သူတွေးမိသည်။

တကယ်တော့ သူမနှင့်အဆင်မပြေခဲ့သော တွေ့ဆုံမှုများ၏ လွဲချော်မှု တိုင်းကလည်း ဤသို့ စိတ်မကြည်မလင်ဖြစ်စေရန် ခိုင်မာစေ သော အချက်များ ဖြစ်ခဲ့သည်။

ထိုနေ့က အဆောင်ပြန်ရောက်သည်အထိ သူ့ အာရုံ၌ အသက်နှင်း၏ ငေါ့တော့တော့ အထင်သေး မေးခွန်းနှင့် စိတ်ပျက်ဖွယ် အထင်သေး အကြည့်တို့ကပ်လျက်ပါလာသည်။

ရင်နင့်ရပါသည် သက်နှင်း။

သို့သော် ထိုရင်နင့်မှုနှင့်အတူ သက်နှင်းအပေါ် ချစ်သထက် ပိုချစ်ကာ သက်နှင်း၏ သူ့အပေါ် စိုးမိုးမှုက ကြီးသထက် ကြီးထွားလာခဲ့သည်ကား အမှန်ပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၁၀

'သူ က အာကာထွန်းဆိုတော့ တနင်္ဂနွေသားပေါ့၊ လုပ်မှာက စာရေးဆရာ ဆိုတော့ကာ၊ အင်း 'အ' ကား တနင်္ဂနွေ၊ မှန်လှပေ၊ မျိုးဆွေဂုဏ်မြင့် ဟုထား' ဆိုတဲ့အတိုင်း အတိုင်း '

'လည် နေပြီ မဟုတ်လား'

သူ့ကိုယ်သူ ဆရာမကြီးလိုလို၊ ဘာလိုလိုလုပ်နေသော သက်နှင်းကို မိကြူက နှိပ်ကွပ်လိုက်သည်။ နှိပ်ကွက်ချင်အောင်လည်း သက်နှင်းက တောင်မရောက် မြောက်မရောက်ဖြင့် ဗေဒင်မကျ ဘာမကျ လုပ်နေသည်။ တကယ် အတိအလင်းတတ်လားဆိုတော့ . . . မတတ်။

သို့သော် ဘာပဲဖြစ်ဖြစ် လက်သို့ စာဆိုလေးတစ်ခုနှင့်တော့ ရွတ်ကာ ရွတ်ကာ တွက်ချက်တတ်မြဲ၊ အခုလည်း အာကာထွန်းကို တနင်္ဂနွေ ဟုဆိုကာ တွက်ကြည့်နေပြန်လေပြီ။ ဟိုက နေ့သား နံသားနှင့် မှည့်ထားသော နာမည်ဟုတ် မဟုတ်တော့ မသိ။ 'လည်နေပြီ မဟုတ်လား' ဟုမေးသော သူမ၏ အမေး ကြောင့် သက်နှင်းက ဘုကြည့်ကြည့်သည်။

'ဘာလည်ရမှာလဲ'

'ရှာ ပေ့ ရှာ၊ ရှာလည် နေပြီ မဟုတ်လားလို့မေးတာ၊ ရှင်းလား၊ ဘယ့် နှယ် ကိုယ့်ဘာသာကိုယ် တွက်လိုက်၊ သူများအတွက် တွက်လိုက်နဲ့၊ ဟုတ်တာ လည်း မဟုတ်ဘူး၊ အဲဒီလောက်ထိ ဝါသနာပါရင်လည်း သူများလို



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင် အောင် လုပ်ပေါ့၊ တစ်ခါတည်း ဥပါဒါန်နဲ့ ဥပါဒ် ဖြစ်နေဦးမယ်နော်'

'ဟုတ်တယ် တစ်ခါတစ်လေများ သူ့ဖာသာသူ လျှောက်စဉ်းစားပြီး သူ့ ဖာသာသူ စိတ်ဆင်းရဲလိုက်နဲ့ မပြောလိုက်ချင်ဘူး'

မိကြူ၏ အပြောကို မေသန္တာကပါ ဝင်ထောက်ခံသည်။ ဟုတ်လဲ ဟုတ်သည်။ သက်နှင်းကလည်း သက်နှင်း၊ ဘာမဟုတ်တာလေးကအစ အစွဲကြီးသည်။

'ဟဲ ဟဲ ဝါသနာကိုး'

သူငယ်ချင်းနှစ်ယောက်က နှိပ်ကွပ်နေပြီဆိုတော့ သက်နှင်းက ရယ်ကျဲကျဲဖြင့် သူမဟုတ်သလို လုပ်သည်။

'အေးလေ ဝါသနာပါရင်လည်း ဖြစ်မြောက်အောင် လုပ်လို့'

မိကြူ၏ ထပ်မံ တိုက်တွန်းသယောင်ယောင်ဖြင့် နှိပ်ကွပ်သော ရွဲ့တဲ့တဲ့ စကားကြောင့် သက်နှင်းက ဇက်ကိုပုသည်။

'နင်လေ အာကာထွဋ်ကို နှိပ်ကွပ်လိုက်တာ ဟိုက သနားစရာလေး ဖြစ်သွားတယ်ဟဲ့၊ မျက်နှာကို ညိုးကျသွားတာပဲ'

'အင်းလေ သက်နှင်းကလည်း အားနာစရာကြီး အာကာထွဋ်က နင့်ကိုပဲ တစ်ချိန်လုံး အရိပ်တကြည့်ကြည့်လုပ်နေရရှာတာ၊ နင်ကလေ သူ့ကလောင် နာမည်ကို မကြားဖူးဘူးလို့လည်း ပြောလိုက်ရော မျက်နှာပျက်သွားလိုက်တာဟယ်'

မေသန္တာ၏ စကားအဆုံးမှာ မိကြူကပါ ဖြည့်စွက်ရင်းဆိုသည်။ သက်နှင်းကတော့ ထိုသို့ နှိပ်ကွပ်လိုက်ရခြင်းအပေါ် ကျေနပ်သည်။ ရွှေတိဂုံဘုရား မှာ စတွေ့ချိန်ကစလို့ ခုချိန်ထိ သူမကသာ သူ၏ စနောက်မှုအောက်မှာ မရှု မလှ ဖြစ်ခဲ့ရသည်လေ။

'သူက ကျိုင်းတုံကတဲ့၊ ဘယ်မှာနေလဲ မသိဘူးနော်'

'ဩော် သက်နှင်းတော့ခက်ပြီ၊ ကျိုင်းတုံမှာနေပါတယ်ဆိုနေသေး တယ်၊ ဘယ်မှာနေလဲ မသိဘူးနော် ဆိုတော့ ဘယ်လို သံတော်ဦး တင်ရမှန်းကို မသိတော့ဘူး'

မိကြူ၏ ခပ်နောက်နောက် စကားကြောင့် မေသန္တာက ဟက်ခနဲ ရယ်သည်။ သက်နှင်းက ခေါင်းကို ခပ်ကြွမ်းကြွမ်းကုပ်သည်။

'ငါပြောတာက ကျိုင်းတုံ ဘယ်ရပ်ကွက် ဘယ်နေရာမှာ နေလဲ မသိဘူးလို့ ပြောတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ စိတ်ဝင်တစားနဲ့ မေးနေပုံထောက်တော့ ငါတို့ မိသက်နှင်း တစ်ယောက် အပဟမ်း ဟမ်း'

မေသန္တာက လက်ညှိုးလေးထိုးကာ ထိုးကာဖြင့် သက်နှင်းကို စ သည်။ သက်နှင်းမျက်နှာ ရှက်သွေးဖြင့် ရဲလို့သွားသည်။

'မဟုတ်ပါဘူး သက်နှင်းရဲ့ ဦးလေးတစ်ယောက်လည်း ကျိုင်းတုံမှာ ရှိလို့ ရပ်ကွက်တွေများ တူနေမလားလို့'

'ဒါဆို သိချင်တယ်ပေါ့'

'ဘာကိုလဲ မိကြူနော်၊ နင်ငါ့ကို ပြုံးစိစိနဲ့ လာလုပ်မနေနဲ့'

'မေးပေးလိုက်ပါ မိကြူရယ်၊ သက်နှင်းက သိချင်နေလို့လို့ ပြောပြ လိုက် ပေါ့'

'မေသန္တာနော်'

သက်နှင်းက ရှက်လေလေ၊ မေသန္တာနှင့် မိကြူက စလေလေ ဖြစ် သည်။

'ငါတို့က ဘာမှကို မပြောသေးဘဲနဲ့ သက်နှင်းက ဘာတွေဖြစ်နေမှန်း ကို မသိပါဘူး၊ သက်နှင်း၊ နင် မရိုးတော့ဘူးနော်'

'မိကြူ။ တော်ပြီကွာ၊ အိပ်တော့မယ်'

မိကြူ၏ အဆိုကြောင့် အရှက်ပေါ် အရှက်ဆင့်ကာ သက်နှင်းတစ် ယောက် စောင်ပါးကို ကိုယ်ပေါ်လွှားကာ ခေါင်းအုံးပေါ် ပစ်လှဲချသည်။ နှစ် ယောက်သား ပေါင်းမိသွားပြီ ဆိုမှတော့ သူမအနေနှင့် ဘယ်လိုမှ ယှဉ်နိုင် တော့မည် မဟုတ်။ သူတို့က စကားကြွယ်သည်လေ။

သက်နှင်းမျက်လုံးကို ဇွတ်မှိတ်ကာ အိပ်ဖို့ ကြိုးစားသည်။

'ဟုတ်ကဲ့ပါရှင်၊ တချို့ တချို့သော သူများကတော့ အိုးမလုံ အုံပွင့် ဆိုသလိုပဲ အရှက်ကြီးရှက်ကာ စောင်ခြုံထားပါတယ်ရှင်'

မေသန္တာ၏ စွပ်စွဲမှုကြောင့် သူမ စောင်ကို ဆွဲခွာကာ မျက်လုံးကို တော့ ဆက်မှိတ်ထားလိုက်သည်။

'အပဟမ်း၊ အပဟမ်း'

မိကြူ၏ လုပ်ဆိုးသော ချောင်းသံကြောင့် သူမပြုံးမိတော့ မိကြူနှင့် မေသန္တာက ဝိုင်းရယ်ကြသည်။ သူမလည်း ရှက်ရှက်ဖြင့် စောစောက ဆွဲခွာ ထားသော စောင်ကို ပြန်ဆွဲကာ ခေါင်းမြီးခြုံထားလိုက်သည်။ မျက်လုံးကို ဇွတ် မှိတ်ကာ အိပ်ရန် ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာထွင်၍

ဇွတ်မှိတ်ထားသည့်ကြားက သူ့ကို မြင်နေသည်။ ပြောင်ချော်ချော်နှင့် ဘုဂလန့်နေသည့် သူ့ပုံစံက တော်တန်ရုံ မိန်းကလေး ပစ်ကြွေသွားလောက် အောင်ကို ချောမောလွန်းသည်။

ယောကျ်ားပီသသော ကိုယ်နေဟန်ထား၊ သူမကို ခိုးခိုးကြည့်နေခဲ့ပါ သော ဆွဲဆောင်မှုအား ပြည့်လွန်းသည့် မျက်လုံးတစ်စုံ။

နွေးထွေးပုံရကာ ညီညာသောနှုတ်ခမ်း၊ သူမ ဘာကြောင့်များ ပြန်မြင် ယောင်မိနေပါလိမ့်၊ သွားစမ်းပါ။

သက်နှင်းက သူ့ကို အတွေးထဲမှ မောင်းထုတ်ပစ်လိုက်သည်. . .။ သို့သော် တိုး၍သာ မြင်ယောင် . . . . . . . . . .။

ထိုညက မျက်လုံးကြောင်နေလိုက်ပုံများ။

* * *



www.burmeseclassic.com

www.burmeseclassic.com



**မင်းမြတ်နိုးရင် အရာရာဟာ**

**လှပတာ ချည်းပါပဲ**

**ဂျင်းအနိုး**

ထိုစာသားလေးကို ကြည့်ရင်း အာကာထွင်၌ ပြုံးမိသည်။ မချိပြုံး၊ မှန်လိုက်တဲ့ အဆို။

ဒီလိုဆို

မင်းမမြတ်နိုးခဲ့ရင် အရာရာဟာလည်း

အကျည်းတန်နေတော့မှာပေါ့ . . . . . . . . . .

သက်နှင်းရယ် . . . . . . . ။ ရဲလေးတို့၏ ဟောက်သံကို မဆီမဆိုင် ဒေါသဖြစ်မိသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အားမရမိ၊ အိပ်ပျော်ပါတော့လား။ အခုတော့ သက်နှင်းက အာရုံဝယ် စိုးမိုးလွှမ်းနေလေပြီ။

ထိုညက ကဗျာတစ်ပုဒ်တော့ ရေးဖြစ်သည်။ ခေါင်းစဉ် မရှိသော၊ မပေးလိုက်ရသော ကဗျာတစ်ပုဒ်။ ဘယ်တော့မှ မဖော်ပြဖြစ်လောက်သော ခံစားမှု စင်စစ်ကဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဗျာ။

အချစ်တဲ့

ကမ္ဘာဦးတည်းက ရှိခဲ့တဲ့ စကားလုံးပါ။

ဒါပေမယ့် သူ့ကြောင့်

ဒုက္ခရောက်သူရောက်

သုခမြောက်သူမြောက်နဲ့

လူ့တကာရဲ့ ရင်ကို လှည့်စားခဲ့တဲ့

အဲဒီ အချစ်ပေါ့

မင်းရဲ့ လက်ကိုဆွဲပြီး

ငါ့ရင်ထဲ အရောက်ပို့ခဲ့တယ် ကောင်မလေးရယ်

ပြောခဲ့သေးတယ်၊

"ဒါ မင်းရဲ့ အချစ်" တဲ့

"အဲဒီတုန်းက မင်းအကြောက်အကန်

ရုန်းရင်းဆန်ခတ်နဲ့

အသည်းအသန် ထွက်ပြေးခဲ့တယ်လေ။

ခွင့်လွှတ်ပါကွယ်၊

ငါဆိုတဲ့ကောင်က အချစ်ဆိုတာကို

နှစ်ပါးသွားမြိုင်ထလို့များ

ခပ်ပါးပါး ထင်နေခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

ဒီလိုနဲ့ ကျွန်တော်ဟာ အလွဲအချော်တွေနဲ့ စိတ်ဆင်းရဲမှုတွေ ပေါင်းပြီး သူမဆီချဉ်းကပ်ခဲ့တာပါ။

ဒါပေမဲ့ အချစ်ဆိုတာမျိုးက ပေးဆပ်လိုက်ရတာနဲ့ ပြန်ရတာဟာ တစ်ခါတစ်ရံမှာ မတန်တာကိုသိကြမှာပေ့ါ။

ဒါပေမဲ့ အရှုံးအမြတ်မတွက်ခဲ့ကြတဲ့ ရှေ့ကချစ်သူတွေ (အချစ်ကြီးသူတွေ) လိုပဲ အနိုင်အရှုံးဆိုတာကို ကျွန်တော်ဆိုတဲ့ကောင်က ဘေးချိတ်ခဲ့တာပေ့ါ။

သူမနဲ့

ကြာကြာပေါင်းသင်းခင်မင်လာတဲ့ အချိန်ကျတော့မှ

သူမဟာ. 

ဘာမဟုတ်တာလေးကစ အယူသီးတတ်လွန်းသူဆိုတာ သိခဲ့ရတယ်။

တော်တော်လေးကိုဆိုးပါတယ်။

'မရောင်ရာဆီလူး' လို့ပြောရမလား။ လိုတာထက်ပို ပိုပြီး အစွဲကြီးလွန်းတဲ့ဟာကိုပေ့ါ။

ဒါပေမဲ့ ကျွန်တော်ကသူမကို အရမ်းချစ်နေမိပြီဆိုတဲ့အခါ ဘယ်အရာမှ အပြစ်မမြင်တော့ဘူး

အာကာသွင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



အဝင်အထွက် တဖြည်းဖြည်းနဲ့ များလာတဲ့အခါမှာ ကျွန်တော်တို့အဖွဲ့နဲ့ သူမတို့အဖွဲ့ဟာ ခင်မင်သည်ထက် ခင်မင်လာကြတယ်။

အဲ့ . . . ခင်မင်ပြီးတဲ့နောက်မှာ တစ်ဆင့်တိုးပြီး 'ခင်'ရာက နေ 'ကြင်' သွားကြသူတွေကတော့ ရဲလေးနဲ့မေသန္တာ။ ထို့အတူ စောခိုင်နဲ့ ကြူကြူနွယ်။ သူတို့တွေ ချစ်သူတွေအဖြစ် ခိုင်ခိုင်မာမာ ရောက်ရှိသွားချိန်မှာ သူမနဲ့ ကျွန်တော်ကတော့ ဘုနဲ့ဘောက်။

အားလုံးက ကျွန်တော်တို့နှစ်ယောက်ကိုလည်း အဆင်ပြေစေချင်ကြတယ်လေ။ ဒီတော့ အမျိုးမျိုးဝိုင်းလှော်ပေးကြတာပေါ့။ အခုလည်း တနင်္ဂနွေ သူတို့အား လပ်ရက်မှာ ထမင်းစုချက် စားကြမယ်ဆိုပြီး သူမတို့ရဲ့ တိုက်ခန်းကို ရောက်ရှိခဲ့ ကြတယ်လေ။

တစ်ယောက်တစ်မျိုးစီ တာဝန်ခွဲပြီးချိန်မှာတော့ သူတို့က ကျွန်တော်နဲ့ သူမကို ဈေးဝယ်လွှတ်ပါတယ်။ တမင်ခွင်ဆင်ပေးတဲ့ သဘောပါပဲ။ ကျွန်တော်ဆိုတဲ့ကောင် အကျေနပ်ကြီး ကျေနပ်နေသလောက် သက်နှင်းတစ်ယောက် တိုနေလိုက်ပုံများ။

ဒါပေမဲ့ သိတယ်ဟုတ်။ ချစ်တဲ့မျက်လုံးနဲ့ အမြဲကြည့်တဲ့ ကျွန်တော်က ချစ်စရာတွေပဲ မြင်တယ်လေ။ အဲဒီလို နေပုံကိုက ကျွန်တော့်အတွက် ချစ်စရာလေ။

*　*　*

www.burmeseclassic.com

www.burmeseclassic.com



**လှည်း**တန်းဈေးကို သွားရာတစ်လမ်းလုံး သူမအာကာ့ကို စကားတစ်ခွန်း မှမပြော။ ပိုက်ဆံအိတ် ပိစိကွေးလေးကို ခပ်တင်းတင်းဆုပ်ကာ ကျန်လက်တစ်ဖက်က ထီးကိုဆောင်းလျက် ဘောက်ဆက်၊ ဘောက်ဆက်ဖြင့် လမ်းကိုလျှောက်သည်။

ဆွဲခြင်းကို ဆွဲလျက်နောက်မှ အမီလိုက်ရသော အာကာတစ်ယောက်က တော့ခေါင်းကို အခါခါကုတ်လျက်။ ဘယ်ကစပြီး ဘယ်လိုစကားပြောလိုက်ရမှန်းမသိ။

'သက်နှင်း ဘာ. . . ဘာအရင်ဝယ်မလဲ'

'ဘာဝယ်ဝယ်ပေါ့၊ နောက်ကနေ အေးအေးဆေး

ဒေါသနေသေးသည်။ လက်ထဲမှ ဆွဲခြင်းဖြင့် သူမကိုအရွယ်. သူမကလှည့်အကြည့်ဆုံသည်။ အာကာသာဆွဲခြင်းကို အမြန်ဘေးသို့ မရှေ့ဘဲ ဆက်ကိုင်ထားမိလျှင်တော့ ပြဿနာ။

'ဘာ! လုပ်နေတာလဲ ဆွဲခြင်းကို'

'ဘာမှမလုပ်ပါဘူးဟ'

'သွား. . . ဟိုဘက်ချိုး'

သက်နှင်းက အမိန့်ပေးရင်းနှင့်ပင် သူမက အရင်သွားနှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနောက်က လိုက်ရင်းက အာကာရယ်ချင်နေမိသည်။ ပစ္စည်းတစ်ခုဝယ်လိုက် ဆွဲခြင်းထဲထည့်လိုက်ဖြင့် ဆွဲခြင်းက ပြည့်လာသည်။ ပြည့်လာသည့် အလျောက်လေးလို့လာသည်။

ဆွဲခြင်းသာ ပြည့်လို့လာသည်။ သူမ၏ ပိုက်ဆံအိတ် ပိစိကွေးလေးထဲမှ ငွေတို့က မကုန်နိုင်သေး။

'ငါ့ကိုပညာပြပြီး လျှောက်ဝယ်နေတာလား မသိဘူး'

အာကာစိတ်ထဲမှ တွေးရင်း သက်နှင်းကို နည်းနည်းတော့ စိတ်ကွက်လာမိသည်။ ဟိုကမမှာလိုက်တာတွေလည်း သူမကဝယ်သည်။

'ဘယ်နှလစာ ဝယ်မှာလဲ'

အာကာစိတ်တိုတိုဖြင့် ဘုတောလိုက်တော့ သူမက ဆတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် အာကာ့လက်ထဲမှ ပြည့်လျှံနေပြီ ဖြစ်သောဆွဲခြင်းကိုလည်းကောင်း၊ နောက်တစ်ဖက်မှ ဆွဲထားသော ကျန်ကျောင်းအိတ်ကြီးကိုလည်းကောင်း ကြည့်သည်။ ထို့နောက် ညစ်ကျယ်ကျယ် ဖြင့်တစ်ချက် ပြုံးသည်။

'ဘာဖြစ်လို့လဲ'

မသိဟန်ပြုကာ အကြည့်ကို လွှဲရင်းက သူမကမေးသည်။ အာကာအနည်းငယ် ပိုတင်းလာသည်။

'ထားပါ. . . မင်းလည်း နည်းနည်းတော့ ကူဆွဲဦးမှပေါ့၊ ဒီကကောင်ကလက်နှစ်ဖက်စလုံး ပြုတ်ထွက်တော့မယ်'

'ဆွဲကူမှာပေါ့၊ ဘယ်လိုဖြစ်နေတာလဲ ယောကျ်ားမဟုတ်ဘူးလား'

နည်းနည်းလေးပင် အပြောမခံသောသူမ။ နှုတ်ခမ်းတစ်လန် ပန်းတလန်ဖြင့် အာကာ့ကို ချက်ချင်းပြန်ပက်သည်။ 'ယောကျ်ားမဟုတ်ဘူးလား' ဟုဆိုလိုက်သဖြင့် အာကာ 'အင့်' ခနဲ ဖြစ်သွားရသည်။ ယောကျာ်းဖြစ်တာနဲ့ပဲ တစ်ဈေးလုံးက ပစ္စည်းများကို သူ့လက်နှစ်ဖက်ဖြင့် သယ်ရမည့်ကိန်း။ စိတ်တိုတိုဖြင့် သူမကို ခေါ်နေကျ 'သက်နှင်း'ဟု မခေါ်ဘဲ 'မင်း'ဟု တမင်ခေါ်ပစ်လိုက်သည်။ သို့သော် သူမက သတိထားမိပုံမရ။

'ဒုက္ခ. . ဆင်းရဲခြင်းပါတကား'ဟု ဆင်ခြင်ရင်း သူမနောက်မှ တကောက်ကောက်လိုက်ရသည်။ ဒီတစ်ခါတော့ သူမ ဘာကိုမှမဝယ်ဘဲ ရောက်တတ်ရာရာ လျှောက်သွားနေသည်။ တမင်ပညာပြမှန်း အာကာသိလာရသည်။ ဘယ့်နှယ်. . . တစ်ခါလေး သော်မှဆွဲပေးချင်ဟန် မတူ။ သူ့မှာလက်နှစ်ဖက်ရှည်ထွက်လာလုမတတ် ဆွဲနေရသည်။



www.burmeseclassic.com

'သက်နှင်း ကြုံတုန်း ဆန်နှစ်အိတ်လောက်ပါ ဝယ်လိုက်ပါလား၊ ပခုံးနှစ်ဖက် အားနေသေးတယ်'

'ကောင်းသားပဲ'

အာကာရွဲ့တာကို သက်နှင်းက ပြန်ခနဲ့သည်။ 'ကောင်းသားပဲ' တဲ့။ အာကာစိတ်ထဲမှ နေ၍ သက်နှင်းကို နှစ်ချက်လောက် အားပါးတရ ဆောင့်ကန် ထဲ့ (ထည့်) လိုက်သည်။ သာလိကာမ၊ နာစမ်း။

ပါးစပ်ကသာ 'ကောင်းသားပဲ' လုပ်နေသည်။ ခြေထောက်က မရပ်သေး။ စိတ်ရှည်သည်းခံနိုင်မှုက တဖြည်းဖြည်း ဆုတ်ယုတ်၍ လာသည်။

'အစ်မကြီး၊ ခင်ဗျားဝယ်စရာရှိသေးရင် ဆက်ဝယ်၊ ပြီးတော့ ကိုယ့်ဖာသာကိုယ် ဆွဲပြီးပြန်ခဲ့တော့ ကျုပ်ပြန်နှင့်တော့မယ်'

စိတ်မရှည်နိုင်တော့သည့်အဆုံး ဘုတောကာ လှည့်ထွက်လာခဲ့သည်။ နောက်ကို လုံးဝလှည့်မကြည့်ခဲ့။ ဝယ်စမ်းပါစေ။ ပိုက်ဆံ မကုန်မချင်း တစ်ဈေးလုံးပဲ ဝယ်ဝယ်။ သူတကယ် စိတ်တိုမှန်းသိတော့ သူမက အာကာ့နောက်ကို အပြေးလေး လိုက်လာသည်။

'ဟော့ ယောက်ပြားကြီး'

'ဘာ. . . ဘာကွ'

ဘေးနားယှဉ်လုလု အချိန်မှာလှမ်းပြောသော သူမစကားကြောင့် အာကာအတော် ကွဲ့မြီးတိုသွားမိသည်။ လူကိုများ 'ယောက်ပြား'တဲ့ 'ပြောဦးဟာ' ဟု လက်ထဲမှ အရာတို့ကို မြေပေါ်ပစ်ချပြီး လူကို ဆွဲနမ်းပစ်ချင်လိုက်သည်။ တကယ်တမ်းကျတော့ စိတ်တိုရုံသာ သူတတ်နိုင်သည်။

'ယောကျ်ားဆိုတာ စိတ်မတို စိတ်မကောက်ဘူး၊ ရှင်က စိတ်ကောက်တယ်ဆိုတော့ ယောက်ပြားမို့လို့ပေါ့'

'မင်း. . .'

အာကာစကားကို ဆက်ပြောမထွက်တော့။ သူမစော်ကားလွန်းလေ ပြီ။ သူမကတော့ ပြောချင်တာပြောပြီး ပြုံးစိစိလုပ်နေသည်။

'မင်းကျတော့ကော၊ မင်းကိုယ်မင်း သိပ်ဟုတ်နေတယ်ပေါ့ မိန်းမနဲ့ကို မတူဘူး'

'ဘာပြောတယ်'

'မိန်းမလျှာနဲ့တူတယ်'

'ဘာ! ဘယ်လို'



www.burmeseclassic.com

'ရှောက်သီးဆေးပြား ရောင်းပါလား'

'သေလိုက်'

'အဲဒီပုံစံက ပိုတူတာ' 'တကယ့်ဂန်ဒူးအတိုင်းပဲ'

'သွားသေလိုက်ပါလား'

သူမက အလှည့်ကျတော့ အော်သည်။ အာခေါင်ခြစ်ကာ အော်သော သူမကို အာကာရယ်ချင် သွားမိသည်။ သူမက ရှုး ရှုး ရှဲ ဖြစ်လို့နေဆဲ။ (တော်သေးသည် စာဖြင့် ရှုး ရှုး ရှဲ ရှဲ မို့)

'ရော့ အိတ်ကိုကူ ကိုင်ဦး'

သူမဆီ ကျန်ကျောင်းအိတ်ကို ကမ်းကာပေးတော့ သူမက လက်ထဲမှ ထီးကို 'ဖျောင်း' ခနဲနေအောင် ဖွင့်ကာဟန်ပါပါ ဖြင့်ဆောင်းသည်။ ပြီးတော့ ရှေ့မှ ကော့ပက်၊ ကော့ပက်ဖြင့်စိတ်တိုတိုနှင့် သူမသွားနှင့်သည်။ ဘာမှကူမယူ။

'ဟေ့ ရှောက်သီးဆေးပြားသည်ကြီး၊ စောင့်ပါဦး'

'တိုလာပြီနော်'

နောက်ကလိုက်အော်တော့ သူမက လှည့်ကာကြိမ်းသည်။ ဆော်တော့ မည့်ဟန်။

'စောင့်ပါဦး'

'မစောင့်ဘူး'

စပ်ဖြီးဖြီးဖြင့် ပြောသောအာကာ့ စကားကို သူမက ခပ်ဆတ်ဆတ် ပြန်အော်ကာသွားနှင့်သည်။

အာကာ့မှာတော့ လက်နှစ်ဖက်ပြုတ်လု မတတ်ဆွဲရင်း ချွေးများပင် စို့ကာလာသည်။ သူမ၏ ဒုံးပျံ ခြေလှမ်းကို အမီလိုက်ရသည်ကိုး။

ဘောက်ဆတ်၊ ဘောက်ဆတ်ဖြင့်ပြန်ရောက်လာသော သက်နှင်းကို မြင်တော့ ရဲလေးက အခြေအနေ မကောင်းဘူးဆိုတာကို သိလိုက်သည်။ 'အသာနေ' ဆိုသည့် သဘောဖြင့် မေသန္တာက မျက်စိကို ပြူးပြသည်။

ကြက်သွန်ဖြူခွာနေသော စောခိုင်နှင့်ကြူကြူနွယ်က မျက်နှာထား သုန်မှုန်နေသော သက်နှင်းကို ကြည့်ကာ ရန်ဖြစ်လာကြပြီ ဆိုတာကို သိလိုက် သည်။ သို့သော် ဘာဖြစ်လာတာလဲ ဘာညာမမေး။ မေးမိလျှင် အနာကို ပြန်ဆွရာ ရောက်မည်စိုးရသည်ကိုး။ သက်နှင်းကတော့ မသိကျိုးကျွံပြုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသော နှစ်တွဲစလုံးကို 'ဒိုင်း'ခနဲ မျက်စောင်းထိုးပစ်လိုက်သည်။ သူတို့ကြောင့်။ တကယ်ဆို နှစ်ယောက်ထဲသွားအောင် ညစ်ဖြစ်အောင်ညစ်ကြ၍ အာကာနှင့်သူမ သွားခဲ့ရခြင်း ဖြစ်သည်လေ။ သူမ ရေခဲသေတ္တာကို ဖွင့်ကာ ရေဗူးယူ၍ ရေခွက် နှင့်အပြည့်ရေကို သောက်ချလိုက်သည်။

'လာဆွဲကူကြပါဦးဗျို့'

အပေါက်ဝမှ အော်ထည့်လိုက်သော အသံကြောင့် သက်နှင်း သောက်လက်စရေပင် သီးချင်ချင် ဖြစ်သွားရသည်။

ရဲလေးက ဘယ်မနိုင် ညာမနိုင်ဖြစ်နေသော အာကာ့လက်ထဲမှ ဆွဲခြင်းနှင့် ကျန်ကျောင်းအိတ်ကို ပြေးယူပေးသည်။

'မင်းကွာ မနိုင်မနင်း ဆွဲလာတယ်'

ရဲလေး၏ စကားကြောင့် အာကာပြုံးလိုက်သည်။ သူမကို နှိပ်ကွပ်ရန် လမ်းစရသည်ကိုး။ ကြည့်ပါဦး အေးအေးဆေးဆေး ရေပင်သောက်နေလိုက်သေးသည်။ သို့သော် နောက်ဆက်တွဲ ပြောလိုက်သော ရဲလေး၏ အပိတ်စကားကြောင့်ပြုံးလက်စ နင်သွားရသည်။

'ထမ်းလာခဲ့ရောပေါ့' တဲ့ လုပ်ပုံ။

'ခွေးကောင်'

ရဲလေး၏ အပြောကြောင့် အာကာနှုတ်မှ ထိုသို့ ရေရွတ်ဖြစ်သည်။

'ကဲကဲ သူတို့နှစ်ယောက် မောမောနဲ့ နားပါစေဦး'

မေသန္တာက ရှုံ့မဲ့ ကာလက်ကို ခါနေသော အာကာ့ကို မျက်စပစ်ရင်း ဆိုသည်။ စာအုပ်တစ်အုပ်ဖြင့် ယပ်ခတ်နေသော သက်နှင်းက အာကာ့ကို လှမ်းကြည့်ရင်း တစ်ချက်ပြုံးသည်။ ဒါကို အာကာက မြင်ဖြစ်အောင် မြင်သည်။ ဘာကြောင့်များ သူကို ပြုံးရယ်ပါလိမ့်ဟု တွေးသည်။ စောစောက ဒေါသက မပြေနိုင်သေး။

သက်နှင်းကလည်း အာကာ့ကို ကြည့်ကာ ရယ်ချင်သထက်ရယ်ချင်လာသည်။ ယောကျ်ားကြီးတန်မဲ့ သူမကို မျက်စောင်းကြီးခဲကာ မကျေမနပ်ဖြင့်ကြည့်နေသော အာကာ့ကို ဖြစ်နိုင်လျှင် လက်ညှိုးထိုးကာ ဗိုက်ကို နှိပ်နှိပ်ပြီး ဟားပစ်လိုက်ချင်သည်။ ဘာကြောင့် မှန်းတော့မသိ အာကာ့ကို ထိုသို့ ဒေါသထွက်အောင်စရတိုင်း သူမပျော်သည်။

'သက်နှင်းရယ် နင်တို့နှစ်ယောက် ဈေးသွားတာကလည်း ကြာလိုက်တာ လွန်ပါရော။ စူဠလိပ် ရေထဲလွှတ်လိုက်တာကမှ ငါးမိနစ်တစ်ခါယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြန်ပေါ် ဦးမယ်။ နင်တို့ဟာလေ. . . . . . နင်တို့နှစ်ယောက်. . . . ငါမပြောလိုက်ချင်ဘူး'

မိကြူက ဘွားအေကြီးပုံစံဖြင့် သက်နှင်းကိုမန်သည်။

'ငါကတော့ ပြန်မလာကြတော့ဘဲ၊ ဟိုဒင်း ပြန်မလာဘူးလားလို့'

ရဲလေးစကားကြောင့် မိကြူနှင့်မေသန္တာက တဟားဟား ရယ်သည်။ စောခိုင်က ပိုဆိုးသေးသည်။

'ဟာ. . . . . မင်းတို့ကလဲ'

'အောင်မာမာ. . . . . မင်းကရှက်နေသေးတယ်။ ဟော့ကောင် အာကာပြောစမ်း လမ်းမှာသက်နှင်းက မင်းကို ရိသဲ့သဲ့ လုပ်သေးလား'

'ကိုရဲလေးနော်'

ရဲလေး၏ ပြောင်ချော်ချော် အပြောကြောင့် သက်နှင်းက ရှက်ရှက်ဖြင့် အာခေါင်ခြစ်ကာ အော်သည်။

'ကဲပါ ငါတို့သွားအဆုံးသတ်လိုက်ရအောင်၊ သူတို့နှစ်ယောက်ကိုထားခဲ့၊ လာတွားမယ်'

'တွားတွား'

မေသန္တာ၏ မီးဖိုဆောင်မှုကို ရဲလေးက သူပါစကားမပီသော ပုံစံလိုက်လုပ်ကာစသည်။ မေသန္တာက ရဲလေးကို လိုက်ထုသည်။ ရဲလေးက 'ငါကိုအခုကတည်းက နိုင်တယ်ပေ့ါ၊ ဟုတ်လား' ဟု ထွက်ပြေးရင်းကစသည်။

အာကာရော သက်နှင်းပါ ရဲလေးတို့ကို ကြည့်ရင်း အပျော်များကကူးစက်လာသည်။ အားကျစွာဖြင့် အာကာ လိုက်ကြည့်နေမိသည်။ ထို့နောက်သက်နှင်းကို အသာခိုးကြည့်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သက်နှင်းကလည်း သူ့ကိုလှမ်းကြည့်လို့နေသည်။ မျက်ဝန်းချင်းအဆုံံမှာ သက်နှင်းက မျက်လွှာကို 'ဖျတ်' ခနဲချသည်။ အာကာ့ရင်ထဲမှာ ခုလုလုကြီး ဖြစ်သွားသည်။ သူတို့မီးဖိုခန်းထဲ ဝင်သွားကြသည်။

'ရေတစ်ခွက်လောက်. . . . . '

စကားမရှိစကားရှာ ဆိုသလို မဆာသော်လည်း သူမရှေ့မှာ ချထားသော စောစောကရေခဲသေတ္တာထဲမှ ရေဗူးနှင့်ရေခွက်ကို ကြည့်ရင်းက သူလှမ်းပြောလိုက်သည်။

'လက်မပါဘူးလား'

'ပါတယ်. . . . ဒါပေမဲ့ လူသားချင်း စာနာစိတ်မရှိသူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အင်မတန်ညောင်းနေလို့’

‘ဒါဆိုမသောက်နဲ့ပေါ့’

‘ဆာနေတာကိုး’

အာကာ့ကို သူမက ဘာမှပြန်မပြောတော့ မကြားယောင်ပြုကာ သီချင်း ပင်ခပ်တိုးတိုးညည်းး လိုက်သေးသည်။ ဒီလိုဆိုပြန်တော့လည်း သူမက တကယ့် ပီဘိကလေးတစ်ယောက်လို။

မျက်လုံးလေးမှိတ်ကာ သီချင်းလိုက်ပြီးညည်းနေသော သူမက အာကာ ကြည့်နေမှန်း သိချင်မှသိပေမည်။ ဖွင့်ထားသော သီချင်းက လွန်ခဲ့သော နှစ်များက ကျော်ကြားခဲ့သော ဆလင်းဒီရွမ်၏ My heart will go on သီချင်း၊ သူမသည်လည်း အနုပညာကို ဤသို့နှယ် ခံစားတတ်ပေသည်ဟု ခပ်ရွှတ်ရွှတ်တွေးရင်း သူအကျေနပ်ကြီး ကျေနပ်နေမိသည်။

‘ကဲ ဈေးအဝယ်တော် နှစ်ယောက် ထမင်းသုံးဆောင်ရန် အသင့်ဖြစ်ပါပြီရှင်’

ရုတ်တရက်အော်ချလိုက်သော မိကြူ၏ အသံကြောင့် သက်နှင်းက သီချင်းနောက်တစ်ပုဒ်ကို ညည်းရင်းက လန့်သွားသည်။ ထို့အတူ သက်နှင်းကို ခိုးကြည့်နေသော အာကာသည်လည်း လန့်သွားသည်။ မိကြူက အာကာ၏သူ ခိုးအကြည့်ကို ရိပ်မိသိရှိပြီး ဖြစ်သည်။ သူခိုးလူမိဖြစ်သွားသော အာကာ့ကို မိကြူက ပြုံးစိစိဖြင့် ကြည့်သည်မို့ သကောင့်သားက ယောကျ်ားတန်မဲ့ ရှက်ဖြစ် အောင်ရှက်သည်။ ရှက်၍ ဖြစ်သောသူ့မျက်နှာ ပန်းရောင်ကို သက်နှင်းက ဖျတ်ခနဲ လှမ်းမြင်ပြီး ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လို့သွားသည်။ ကြည့်စမ်း. . . . ယောကျ်ားတစ်ယောက်ရဲ့ အရှက်သည်းတဲ့ မျက်နှာ။ ဤသို့ ပန်းရောင်မက နီမြန်းကာရှိခဲ့ကြဖူးလားဟု မဆီမဆိုင်တွေးမိပြန်သည်။ မိကြူက သူမကိုပါ ပြုံးဖြီးဖြီး ကြည့်နေသည်မို့ သက်နှင်း၊ ‘မိကြူ’ ကိုမျက်စောင်း လှမ်းထိုးလိုက်သည်။

ထမင်းဝိုင်းမှာ ထိုင်စမှာပင် စောခိုင်က အလန့်တကြားထအော်သည်။

‘ဟာ. . . . မေ့သွားတယ်’ ဟူ၍။

‘အလန့်တကြားကွာ ဘာမေ့တာလဲ၊ မင်းက’

ရဲလေးက ခပ်ဆတ်ဆတ်မေးတော့ စောခိုင်က မျက်စိအသာ မှိတ်ပြသည်။ ဒါကို အာကာမြင်ဖြစ်အောင်မြင်သည်။ ဒီကောင့်သူ့ကို ‘သမ’တော့



www.burmeseclassic.com

မည်ဆိုတာကို သူကောင်းကောင်းကြီးသိသည်။
'ဘာမေ့ရမှာလဲ ရဲလေးရ၊ ဟိုကောင့်အတွက် သူစားနေကျ ငှက်ပျော အူလေ'
'ဩော်. . . . အေးဟုတ်သားပဲ'
ရဲလေးက 'မင်'အပြည့်ဖြင့် ဖော်လိုလိုက်သည်။ တကယ်တမ်းကျ တော့ စောခိုင်ဘာပြောချင်မှန်း (ဘာဆိုလိုချင်မှန်း) သူမသိ။
'ဘယ်လို. . . . သူက ငှက်ပျောအူ အမြဲစားတယ်၊ ဟုတ်လား'
မေသန္တာက အံ့အားသင့်စွာ မေးသည်။
'အေး ဘာတဲ့။ ဟိုသူတကာ လူပျိုကြီးတွေက ငှက်ပျောတုံးဖက်သေ ကြတယ်လေ၊ ဒီကောင်ကတော့ သူများနဲ့ မတူဘူး ငှက်ပျောတုံး စားရင်းသေမှာ တဲ့၊ ဗိုက်ထဲမှာကို ထည့်ထားတဲ့ သဘောပါဟာ'
'မုန့်ဟင်းခါး စားတာတောင်မှ ငှက်ပျောအူဖတ် အမြဲပိုထည့်ခိုင်း တတ်တယ်ဟ'
စောခိုင်၏ ဉာဏ်နီဉာဏ်နက်အပြောကို ကျောနင်းမိပြီ ဖြစ်သော ရဲလေးက ထပ်ပို့ပေးသည်။ ဘာမှမဆိုင် အနှိပ်ကွပ်ခံရသည်မို့ အာကာ အောင့် သက်သက်ကြီးဖြစ်သွားသည်။ ရုတ်တရက် သက်နှင်းကို သူကြည့်တော့ သူ့ကို ကြည့်နေသောအကြည့်နှင့် ဆုံသည်။
'အဟမ်း အဟမ်း'
'အဟွင်း'
ချောင်းလုပ်ဆိုးသံတွေ ညံသွားသည်။ သက်နှင်းက ရှက်ရှက်ဖြင့် ခေါင်း ငုံကာ သွားသည်။ အာကာသည်လည်း ထို့နည်းတူ။ သို့သော် ရင်ထဲမှာ ကျေနပ် သွားသည်ကတော့ အမှန်။
ဟိုကောင်တွေကို ငှက်ပျောတုံး ဖက်သေမည့်သူ မဟုတ်မှန်း သက်သေပြလိုက်ချင်သည်။ သက်နှင်း၏ လက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆုပ် ကာ'တွေ့လား ငါချစ်သူကို' ဟုသံကုန်ဟစ်ကာ ကြွေးကြော်ပြလိုက်ချင်သည်။
လက်ရှိအနေအထားအရ သက်နှင်းကို ဘယ်ကစလို့ ဘယ်လိုချဉ်း ကပ်ရမည် မသိတော့လောက်အောင် သူ့ဦးနှောက်တို့ ထုံထိုင်းကာလေးလံ နေသည်။
ထမင်းစားပြီးတော့ ရဲလေးက 'ဇနီးလောင်းရေ အရီးတောင်းယူခဲ့ပေ့' ဟု မေသန္တာကို အော်သည်။ မေသန္တာက ရှက်ရှက်ဖြင့်ရဲလေးကို မျက်စောင်း


www.burmeseclassic.com

www.burmeseclassic.com



ထိုးသည်။

'အောင်မာမာ ကြည်နူးနေလိုက်ကြတာ၊ ကဲ ငါလည်း အော်မယ် 'ရွှေ ယောက်ဖရဲ့ ညီမ၊ လှကညာ ချိုသွဲ့ပြောင်. . . အို. . . ဘယ့် ဇနီး လောင်းရေ . . . . . အရီးတောင်း. . . . . ယူခဲ့စမ်းပါကွယ်. . . . အို. . . . အို နမငယ်. . . ငှဲ ငှဲ. . '

စောခိုင်က ဇာတ်မင်းသားဟန်ဖြင့် ဇာတ်သံနှောကာပြောသော စကားကြောင့် သူတို့အားလုံး ရယ်ကြသည်။ ရဲလေး တစ်ယောက်တော့မပါ။ စောခိုင်ကို ဘုကြည့်ကြည့်သည်။ စောနိုင်ကတော့ သူဘာမှမသိလိုက်သလိုမျိုး ခပ်တည်တည်လုပ်နေသည်။

'ကဲ. . . ဒီလို. . . အချိန် သမယမျိုးမှာ. . . . . အချို့. . . . အချို့ . . . . စာရေးဆရာဆိုလား. . . . ဘာဆို. . . . . လားတွေကတော့ဖြင့် အများတကာ. . . . . . . အကြင်နာဝေဖြာနေတာကို . . . . . . အားကျသလို . . . . . . မကြည့်နဲ့ကြည့်နေလိုက်တာများ၊ သနားစရာကောင်းပါဘိတော့ တယ်. . . . အမလေးဟေး ဟေး. . . . . သနားစရာကောင်းပါဘိတော့တယ် ကွယ်. . ယောက်ဖလောင်း. . . . ဟောင်းဟောင်းရယ်'

အာကာ့ကိုနှိပ်ကွပ်သလိုလိုနဲ့ သည်ဘူတာကြီး ဆိုက်ဆိုက်လာသည်မို့ ရဲလေးမျက်နှာကြီးက အီးမှန်ထားသလို ရှုံ့မဲ့နေသည်။

'မင်းမျက်နှာကြီးကလည်းကွာ ငါ့ဒူးခေါင်းကို အိုးမဲသုတ်ထားသလိုပဲ၊ မည်းသည်းပြီးတော့ ရှုံ့တွနေလိုက်တာ လွန်ရော'

အာကာ ရဲလေးကို အသားလွတ်ဝင် ဆော်ပစ်သည်။ 'မှတ်ဟ'ဟု လည်း စိတ်ထဲမှာ ရေရွတ်မိသည်။ ရဲလေးမျက်နှာက အာကာ့စကားကြောင့် ပိုမိုရှုံ့မဲ့သွားသည်။

'ကဲပါ သူတို့ပြောတာတွေ နားထောင်မနေနဲ့၊ ရော့စား'

မေသန္တာက သူ့လူအထိနာနေသည်မို့ လက်ဖက်ဇွန်းကို ကော်ယူကာ ရဲလေးကို ခွံ့ပေးရင်းဖြင့် စကားလမ်းလွှဲသည်။

ရဲလေးက အလိုက်သင့် စားလိုက်ရင်းက မျက်နှာကို အချိုဆုံးဖြစ် အောင် ပြုံးလို့နေသည်။ အာကာ့ကို 'တွေ့လား' ဟူသောသဘောနှင့် ကော်လံ ပင်ထောင်ပြကာ ကြွားလိုက်သေးသည်။

စောခိုင်ကကြည့်မရဟန်ဖြင့် မေးငေါ့သည်။ သက်နှင်းကတော့ ရယ်လို့ သာနေသည်။ မိကြူကတော့ သူ့အစ်ကိုဖြစ်သည်မို့ ရယ်ချင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရယ် ရဲ့။ မေသန္တာက ရဲလေးကို နောက်ထပ်ခွဲ့ကျွေးပြန်သည်။

'ကျွတ်. . . ကျွတ်. . . . ကျွတ်'

အာကာ၏ စုပ်သပ်သော အသံကြောင့် လည်ပင်းကော်လံကို ကိုင်ရင်း ကပြုံးဖြီးဖြီး ဖြစ်နေသော ရဲလေး၏မျက်နှာ 'ကွက်' ခနဲပျက်သည်။ သူ့စိတ်ထဲကနေ ဒီကောင်တွေနှိပ်ကွပ်တော့မယ် ဟူသော အသိရသွား ဟန်တူသည်။

'စောခိုင်ရာ ကြည့်ပါဦး သနားဖို့ကောင်းလိုက်တာ၊ သူခမျာ မသန်မစွမ်းလေး ဖြစ်နေရှာတယ်'

'အေးကွာ ရုပ်ရည်လေးသနားကမားနဲ့ ဘဝတုံးနေရှာတယ်'

'ဟား ဟား ဟား'

'ခွေးကောင်တွေ တော်တော်မိုက်ရိုင်းတယ်'

အတိုင်အဖောက်ညီနေသော အာကာနှင့်စောခိုင်တို့၏ စကားကြောင့် ရဲလေး မျက်နှာနီမြန်းစွာဖြင့် ထအော်သည်။ အားလုံးက ဝိုင်းရယ်နေသည်ကိုး။

မိကြူက သူ့အစ်ကိုကို ပြောရပါမည်လားဟု စောခိုင်ကို ဗိုက်ခေါက်ဆွဲလိမ်သည်။

'အား. . . . ဆိတ်တယ်ဟ. . . . ဆိတ်မျိုး'

စောခိုက်က 'ဆိတ်မျိုး' ဟုပြောရင်း မိကြူခေါင်းကို ခပ်ဖွဖွ လေးကိုင်သည်။

'ဟော့ကောင် ဟော့ကောင် အမျိုးတော့မထိနဲ့ကွာ၊ မင်းလွန်ပြီနော်'

ရဲလေးမှာ နာပြီးရင်နာမို့ အံကြိတ်သံကြီးဖြင့် လှမ်းပြောသည်။ စောခိုင်၊ အာကာနှင့် သက်နှင်းက ရယ်တော့ မောင်နှမနှစ်ယောက်၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

'ပဲ့ ဟဲ ဟဲ ဟဲ'

စောခိုင်က 'ဆိတ်' အော်သလို အော်သည်။ ရဲလေးက 'ပြောလေကဲလေပါလား' ဟုမာန်ရင်းက မအောင့်နိုင်သဖြင့် ထရယ်သည်။ ပါးစပ်ကလည်း သူ့ဝသီအတိုင်း 'ခွေးကောင်' ဟု ရေရွတ်သည်။ စောခိုင်က' ဆိတ်သိုး' ဟုပြန်ခွပ်သည်။ အားလုံး ဗိုက်နှိပ်ကာရယ် ဖြစ်ကြသည်။ သက်နှင်းရယ်သလောက် ခိုးခိုးကြည့်နေရသော အာကာ့အဖို့ ဒီနေ့သည် ရက်ရာဇာပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com


တစ်ကိုယ်တည်းတောင် စိတ်နှစ်ခွဖြစ်နေတတ်သေးတာ
နှစ်ကိုယ်ရဲ့ စိတ်ကို ပေါင်းစပ်နိုင်ဖို့ဆိုတာ
ဘယ်လွယ်မလဲ

အဲဒီ ခက်ခဲတယ်ဆိုတဲ့
ဘဝနှစ်ခုပေါင်းစပ်ဖို့အတွက်
ငါ့ အသက်နဲ့ထပ်ပြီး ကြိုးစားခွင့်ပြုပါ။
ဒါပေမဲ့
အဲဒီကစားပွဲမှာ
မာယာမပါကြေး။


www.burmeseclassic.com

www.burmeseclassic.com



'တုံး တိတိကြီး သူမ တောင်ကြီးကိုပြန်သွားတယ်' ဟု သိလိုက်ရချိန် အာကာ့ရင်ထဲမှာ ဘာမှ မကျန်တော့သလိုမျိုး ဟာတာတာကြီး ဖြစ်လို့သွားသည်။

လွမ်းဆွတ်ခြင်းလို့ခေါင်းစဉ်တပ်ရမလား၊ တမ်းတခြင်းဟုပဲ ခေါင်းစဉ်တပ်ရမလားမသိ။ အမြဲဘုနှင့်ဘောက် ဖြစ်နေသော သူမကို 'နီးတကျက်ကျက် ဝေးတစ်သက်သက်' ဆိုသည့်အတိုင်း ကြိုးစားမေ့လေ ပိုသတိရလေ။

'သူ့အဖေ နေမကောင်းဖြစ်လို့ ခွင့်ယူပြီးပြန်သွားတာ သိပ်ကြာမယ် မထင်ပါဘူး'

'အလွန်ဆုံး တစ်လပေ့ါ'

မေသန္တာက မှုန်ကုတ်နေသော အာကာ့ကို ကြည့်ရင်းက အားပေးစကား ဆိုသည်။ မိကြူက နောက်မှ 'တစ်လ' ဆိုသော အချိန်ကို ခန့်မှန်းရင်း သူ့ရင်ဘတ်ကို ဆောင့်တွန်းသည်။ စသလိုလို နောက်သလိုလိုဖြင့် ရုပ်တည်ကြီးဖြင့်ဆိုလာသောအခါ သူနေစရာမရှိတော့။ တစ်မျိုးကြီးဖြစ်သွားသည်။ မေသန္တာကို အားကိုးတကြီး ကြည့်မိသည်။

'သူခွင့် ဘယ်လောက်ယူသွားလဲ'

တစ်လပါဆို. . . . ငါ့ကို မယုံဘူးလား'

'ကောင်မ ဟိုက သေမလို ဖြစ်နေတာ နင်ကတစ်မျိုး၊ နှစ်ပတ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ် အာကာရဲ့၊ သူ့အဖေ နေမြန်မြန်ကောင်းပါစေဟယ်၊ ဒါမှ သူမြန်မြန် ပြန်လာနိုင်မှာ’

မေသန္တာက မိကြူကိုမာန်ရင်းက အာကာ့ကို ပြောရင်း မျက်စိမှိတ်ကာ ဆုတောင်းသည်။ သူလည်း မေသန္တာနည်းတူ သက်နှင်း၏ အဖေ မာပါစေကြောင်း ရင်ထဲမှ ဆုတောင်းမိသည်။

‘အင်း ငါတို့ကောင်တွေတော့ အလုပ်တစ်ခုတိုးပြန်ပြီ စောခိုင်’

‘အင်း ဆိုပါဦး’

‘ဒီကောင့်ကို နှစ်ပတ်တိတိ စောင့်ကြည့်ရမယ်၊ အဲမှိုင်နေရုံတင်မကပဲ၊ သွားရည်တွေဘာတွေကျ၊ အမြှုပ်တွေ ဘာတွေထွက်လာရင် တိရစ္ဆာန်ဆရာဝန်ဆီချက်ချင်းသွားပြရမယ်’

‘ဟား ဟား ဟား’

‘ဟက် ဟက် ဟက်’

‘ဟီး ဟီး ဟီး’

‘အဟင်း ဟင်း ဟင်း’

သူ့ဘေးမှာ ရှိနေသောလေးယောက်က ရယ်သံတစ်မျိုးဖြင့် အသည်းအသန်ရယ်ကြသည်။ တကယ်တော့ သူ့ကို စိတ်ပြေရာပြေကြောင်း ရှိနေစေချင်မှန်း သူသိပါသည်။ သို့သော် သူတို့နှင့် လိုက်ပါရယ်မောရန် သူ့တွင် အားမရှိ။

‘ငါပထမဆုံးလုံးချင်း ထွက်တဲ့နေ့မှာ သူ့ကို စာအုပ်လက်ဆောင်ပေးရင်း ပြောဖြစ်အောင်ပြောမယ်လို့ အားတင်းထားတာ’

‘ဩော်. . .’

သူ့အပြောကို ရဲလေးက ‘ဩော်’ ဟုသံရှည် ဆွဲရင်း ရိသည်။ မေသန္တာကတော့ သူ့ကိုသနားသူမို့ ရဲလေးကို တစ်ချက်တွန်းရင်း ဟန့်သည်။

‘ဘာလဲ အာကာ ပြောဖြစ်အောင်ပြောမယ်ဆိုတာက ဘာကြီးလဲကွ၊ ရိုဟာဇယ်အနေနဲ့ ငါတို့ကို ပြောပြကြည့်ပါဦး’

စောခိုင်က ဝင်ဖောက်နေပြန်သည်။ သူခေါင်းကို ခပ်ကြမ်းကြမ်းကုပ်မိသည်။

‘စောခိုင်ကလည်းကွာ သူပြောတာကဒီလို စာအုပ်ပေးမယ်ကွာ၊ အဲ စာအုပ်ပေးပြီးတာနဲ့ တစ်အုပ်မှ ရှစ်ရာထဲ အားပေးပါဦးပေါ့. . . ဟားဟား ဟား’



www.burmeseclassic.com

www.burmeseclassic.com



ရဲလေးစကားကြောင့် အားလုံးဝိုင်းရယ်ကြပြန်သည်။

'ဘယ်ကရှစ်ရာရမှာလဲ တစ်ထောင့်ငါးရာထဲပါပေ့ါ'

'ဟိုကလည်း အကြွေးဆိုပြီးတော့ ယူထားမှာပေါ့ ဟုတ်လား ဟား ဟား'

စောခိုင်ကတစ်လှည့် ရဲလေးကတစ်လှည့်ပြောရင်း ရယ်နေကြပြန်သည်။ ခံစားနေရသူကိုမှ ကိုယ်ချင်းမစာ။ သူ နည်းနည်းတော့ ငိုချင်ချင်ကြီးဖြစ်သွားရသည်။ ဘယ့်နှယ်. . . . အခုတော့သူမှာ လွမ်းလွန်းလို့ ရှူးချင်ချင်။

'နေပါဦးမင်းစာအုပ်က ဘယ်နေ့ထွက်မှာလဲ'

'ဆယ်ရက်လောက်နေရင် ထွက်မှာ သူမီမှမီပါ့မလားပဲကွာ'

'မီမှာပါကွာ. . . . . . .၊ ဒါပေမဲ့ မင်းပြောချင်တာမှာထားလေ မမီရင်လည်း ငါတို့ပြန်ပြောပေးမှာပါ'

'ဖွဲလွဲပါစေ ဖယ်ပါစေ ကိုရဲလေးကလဲ'

ထုံးစံအတိုင်း စောခိုင်နှင့် ရဲလေးကတော့ နှိပ်ကွပ်ကြသည်။ မေသန္တာကထုံးစံအတိုင်း ဝင်ကာအားနာသည်။ ရဲလေးနှင့်စောခိုင်ကတော့ တဟားဟားဖြင့် ရယ်လို့ကောင်းတုန်း။

'မင်းအဲဒီလိုကြီး မနေစမ်းပါနဲ့ကွာ၊ ရင်မချိလွန်းလို့ပါ ဟားဟားဟား'

ရဲလေးက အူကိုနှိပ်ကာ ရယ်ရင်းက စဖြစ်အောင်ကိုစ သေးသည်။ နှစ်ကောင်သား သူ့ကိုကြည့်ကာ ကြည့်ကာဖြင့် အားရပါးရ ရယ်ကြပြန်သည်။ မျက်ရည်များပင်ထွက်လို့ ဗိုက်နာသွားသည်ထင့်။ ဗိုက်နှိပ်ပြီးနောက် 'ဗိုက်ကြီးသည်' ညည်းသလိုမျိုး 'အား ကျွတ် ကျွတ် 'ဟုစုပ်သပ်လိုက်ကြသေးသည်။

'တော်ပြီကွာ မင်းတို့ကောင်တွေ၊ ငါ့ကိုနှိပ်ကွပ်ဖို့ပဲ၊ ရယ်ရင်းနဲ့ လဲသေနေဦးမယ်'

သူစိတ်ဆိုးဆိုးဖြင့် ပျစ်ပျစ်နှစ်နှစ် ထရပ်တော့ ဆရာသမားတွေက 'ဘယ်လဲ' ဟု လိုက်မေးသည်။

'ကန်ပေါင်လမ်းလျှောက်သွားမလို့၊ မလိုက်ခဲ့နဲ့'

နောက်လှည့်ပြီး ပြန်အော်ခဲ့သည်။

'အေး အေး- ရေထဲခုန်ချပြီးလည်း သေကြောင်းမကြံနဲ့ဦးနော်၊ မင်းကိုယ်မင်း ရေကူးတတ်တယ်ဆိုတာ မမေ့နဲ့'

'ကားအောက်တွေ ဘာတွေလည်း မပစ်ဝင်နဲ့ဦးနော်၊ တော်ကြာ ဟဟ မပြုဘဲ ဟိုဒင်းဖြစ်နေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းထားသည့်ကြားက နောက်မှစကားလုံးတို့က ကပ်ပါလာကြသည်။

သက်နှင်းရေ. . . . . . . ဟု. . ပြင်းပြစွာ သူတမ်းတမိသည်။ သူမ၏ ဖခင်သည် တော်တော်များများ နေမကောင်းဖြစ် နေလေရော့သလား ဟု သူတွေးသည်။ ဖခင်ဖြစ်သူအား ပြုစုရင်းနှင့် သူမ ပင်ပန်းနေလေမည်လားဟု သူစာနာသည်။

ဘာပဲဖြစ်ဖြစ် သူ၏ ပထမဆုံးလုံးချင်း ထွက်သည့်နေ့မှာ သူမရှိနေစေချင်သည်ကတော့ အမှန်ပင်။

သူမသည်သူ၏ အား. . .

ထိုနေ့က အင်းလျားကန်ပေါင်သည် ခါတိုင်းရက်များနှင့်မတူ ခြောက်ကပ်လွှန်းလှသည်ဟု သူထင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



လွမ်းတယ်ဆိုတာ
ပြောလို့သာ လွယ်လွယ်လေးနော့
ဘယ်လောက်ရတက် မအေးစရာ ကောင်းလဲဆိုတာ
ကိုယ်ကိုယ်တိုင်ကြုံကာမှ သိမယ်။

ကောင်မလေးရေ
ဒီကမ္ဘာပေါ်မှာ နင့်ကို ငါအချစ်ဆုံးဆိုတာ
သစ္စာပြုတယ်။

ဤမှန်ကန်သောသစ္စာကြောင့်
ခံစားနေရသော အလွမ်းတို့သည်
ကုန်ခမ်းကုန်သည် ဖြစ်ပါစေသား။

www.burmeseclassic.com

www.burmeseclassic.com



သူနားပူနားဆာလုပ်လွန်းသဖြင့် မေသန္တာနှင့်မိကြူက သက်နှင်းဆီ ဖုန်းခေါ်ပေးရန် သဘောတူသည်။

'ဖုန်း' နီးဝေး ဆိုသော ဆိုင်ကျဉ်းလေးထဲမှာ သူမတို့နှင့် သူတို့အုပ်စု ဖြင့်သာ ပြည့်လို့နေသည်။

Speaker ကိုဖွင့်ထားလျက် မေသန္တာကဖုန်းခေါ်သည်။ တောင်ကြီး Code (ကုပ်)နံပတ်ဖြစ်သော 081 ဆိုတာကို တစ်လုံးချင်း သူမ နှိပ်နေသည်ကို ကြည့်ရင်းဘေးမှ သူသိပ်စိတ်မရှည်ချင်။

ဖုန်းဝင်သွားသည်။

တူ. . . . တူ. . . . ဆိုသော အသံရှည်ကို သူ၏နားဖြင့် ရှင်းရှင်းလင်း လင်း ကြားနေရသည်။ ဖုန်းကတော်တော်နှင့် လာမကိုင်။ ချွေးစို့နေသော သူ့နဖူးကို ရဲလေးက တစ်ရှူးဖြင့် တို့ပေးရင်း စသည်။

'ဟဲလို'

တစ်ဖက်မှ ဖုန်းကိုင်သည်။ မေသန္တာက 'ဟဲလို' ဟုပြန်ထူးသည်။

'ဟဲလို သက်နှင်းရှိပါသလားရှင်'

'ရှိပါသယ် မေတန်တာ'

တစ်ဖက်မှအရွှမ်းပြန်ဖောက်သည့် အသံလေး။ တောင်ကြီးသံ ဝဲဝဲ လေး။ ထိုအသံသည်. . . .



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာဟော့ လူတစ်ယောက် နားပူနားဆာ လုပ်နေလို့'

'ဘယ်သူလဲ'

'ဘယ်သူရှိရမှာလဲ' (မေသန္တာ)

'မိကြူလား'

' No ' (မိကြူ)

'မန်နေဂျာပေါ့'

'မှားပြန်ပြီ' (မေသန္တာ)

'ဘယ်သူလဲ ပြောဟာ'

'အဲတာအသာထားပါ- နင့်အဖေ နေကောင်းတယ် မဟုတ်လား'

'အောင်မာ သိလှချည်လားမိကြူ'

'နင်ဒီလို ရွှင်နေမှာတော့ နင့်အဖေသက်သာနေလို့ ဆိုတာ သိပါ တယ်၊ သက်သာမှာပေါ့ ဒီမှာ လူတစ်ယောက်က နင့်အဖေ ကျန်းမာပါစေ ကြောင်းကို ဆုတောင်းပေးနေတယ်လေ'

'ဘယ်သူလဲ'

'ဖုန်းခေါ်ခိုင်းတဲ့လူဟော့'

'ဘယ်သူလဲ. . . လို့'

'မှန်းကြည့်စမ်းပါ'

'. . . . . . . '

တစ်ဖက်ဖုန်းသံ တိတ်ဆိတ်သွားသည်။ သူ့နဖူးမှချွေးတို့ကို ရဲလေးက တစ်ရှူးစဖြင့် သုတ်ပေးပြန်သည်။ ရင်ထဲမှာက တဒိတ်ဒိတ်. . .။

ဘယ်လိုကောင်မလေးပါလိမ့်။ ဒီလောက်ထိ သူမတုံးသတဲ့လား။ ချစ်သူ ဆိုးမလေးပါလား။ သိလျက်နဲ့ မသိယောင်ဆောင်နေတာပဲ ဖြစ်မည်။ တစ်ဖက်မှ ထွက်လာမည့် အသံကို အားလုံးက အသက်ပြင်းပြင်း မရှူကြဘဲ နားထောင်နေကြသည်။

'ဟဲလို'

သူမအသံကတုန်ခြင်းမရှိ။

'ဘယ်လိုလဲ သိပြီလား'

မိကြူကခပ်သွက်သွက်မေးသည်။ တစ်ဖက်မှ အသံတိတ်သွားပြန် သည်။

'နင်တို့ Speaker ဖွင့်ထားတယ်ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



'တော်လှချည်လား'

'နင်တို့ဘေးမှာ သူရှိနေလား'

'. . . . . .'

သက်နှင်း၏ အမေးကို မေသန္တာရော မိကြူပါ မဖြေကြ။ သူရင်တွေခုန်နေပါသည်။

'မင်းတို့ ခဏထွက်ကြ။ ငါ. . . ငါပြောမယ်'

သူတို့အားလုံးက ပြုံးစိစိဖြင့် ကြည့်ပြီး ဖုန်းနှင့်ဝေးရာကို သွားကြသည်။ ရင်ခုန်သံက ကြမ်းလွန်းသည်။

'ဟဲလို'

'ပြော. .'

သူဘက်က'ဟဲလို' ဆိုသော အသံက ညင်သာသလောက် သူမဘက်က 'ပြော' ဆိုတာကြီးက တဆိတ်ကြမ်းလွန်းသည်။

'ဟို. . . ဘယ်တော့ပြန်လာမှာလဲ. .'

'မသိသေးဘူး'

အနည်းငယ်တော့ သူမအသံ ပျော့ပြောင်းသွားသည်။

'လွမ်းတယ်'

'. . . . .'

'ဟဲလို. . .'

'ဖုန်းချလိုက်တော့မယ်'

'ဟဲလို. .'

'ဝှပ်. .'

တီ. . . တီ. . . တီ. . . တီ။

သူ့ရင်တစ်ခုလုံး ဟာခနဲ ဖြစ်သွားသည်။ တစ်ဖက်သတ်ဆိုတာ ဒါလား. . ဟု နင့်နေအောင် သူတွေးဖြစ်သည်။ ဆိုးရွားပါဘိ။ ရင်ကပရမ်းပတာဖြင့် ခုန်လို့ကောင်းတုန်း။

'ကဲ လျှောက်တင်စမ်း ဘာတွေပြောလိုက်သေးလဲ. . . . . . .'

ရဲလေးစကားက တစ်ဝက်တစ်ပျက်မှာ ရပ်တန့်လို့သွားသည်။ 'ရပ်မှာပဲ' ဟုသူတွေးဖြစ်သည်။ ရင်နာနေသလား. . . ဟု ကိုယ့်ကိုယ်ကိုယ်မေးဖြစ်သည်။ တကယ်ဆို 'အပေါင်းအသင်း' ဆိုသောအခေါ်အဝေါ် ပညတ်ချက်အောက်မှာ သူမနှင့်သူ (အထူးသဖြင့်သူ) ရုန်းထွက်ဖို့ (သို့) ပြောင်းလဲပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမပေးသေးဘူးတဲ့လား။

'လာ. . . သွားရအောင်'

စောခိုင်က ပခုံးကိုလာပုတ်သည်။ သူမထချင်သေး။ ဖုန်းနောက်တစ်ခေါက်ခေါ်ကာ မည်မျှလွမ်းနေကြောင်း ပြောပြချင်နေသေးသည်။ နောက်ပြီး. . . . မည်မျှချစ်သည်ဆို သည့်အကြောင်း. . . . . . . .။

'လွမ်းတယ်'လို့ ကဗျာမဆန် စာမဆန် ရုတ်တရက်ထွက်သွားတဲ့ စကားလုံးက သူမဖုန်းချသွားစေ လောက်အောင်ကို သူမအတွက် စိတ်ပျက်ဖွယ်ဖြစ်နေပါသလား။ ဒါဆိုရင်တော့ သူ. . . ဆံပင်ထဲကို လက်ချောင်းတွေထိုးထည့်ကာ ခေါင်းအငိုက်လိုက်သူထိုင်နေဆဲ။

'လာပါ. . . အာကာရာ သူပြန်လာတော့မှာပဲဟာ'

ရဲလေး၏ ရှားရှားပါးပါး အားပေးစကားကြောင့် သူအနည်းငယ် ရှက်သွားရသည်။ ဒီလောက်ထိ သူ့အနေနှင့် ပုံပန်းမပျက်သင့်။ တကယ်ဆို သူမနှင့်သူက. . . . . အဝေးကြီးပါလား ဆိုသော အသိက ရင်ကိုမဆို့ဘဲ ဆို့အောင်လုပ်သည်။

ရဲလေးတို့နှင့်အတူ လိုက်လျှောက်လာရသော သူ၏ခြေလှမ်းတို့က စိတ်နှင့်ကိုယ်မတွဲသည်မို့ ကြောင်တောင်တောင်နိုင်လွန်းလှသည်။

သူမသာ ဘေးမှာရှိနေခဲ့လျှင်၊ ဘာကြောင့် ဖုန်းချရပါသနည်း ဟု၊ သူမ၏ ပခုံးနုနုကို ဆွဲခါရင်း သူဒေါသတကြီးဖြင့် မေးမိမည်လား။ သို့တည်းမဟုတ် 'ရက်စက်လှချည်လား' ဟု ဝမ်းနည်းနည်းဖြင့် ဟစ်အော်မိမည်လား။

ဘာမှမသေချာ . . . . . . သေချာနေသေးသည်က ယခုထိ သူ၏ရင်ခုန်သံ မမှန်သေး။

စာအုပ်ထွက်ရန် သုံးရက်သာလိုတော့သည်။

မနက်ဖြန်. . . .။

သန်ဘက်ခါ. . . .။

ဖိန်းနွှဲခါ . . . .။

ဖိန်းနွှဲခါဆို သူဘဝ၏မှတ်တမ်းကို အရောင်တင်မည့် သူ၏ ပထမဆုံး သောလုံးချင်းထွက်မည်။ ထို့အတွက် ကြည်နူးခြင်းနှင့်အတူ . . . သူရင်ခုန်သည်။ ထိုပထမဆုံး လုံးချင်းသည် အကဲဖြတ်ပေးမည့် မရှိသေးသော၊ မရသေးသော၊ ရပြီးသော ပရိသတ်များ၏ လက်ထဲသို့ ထို့ဖိန်းနွှဲခါတွင် အချို့ရောက်ရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



သူဦးဦးဖျားဖျား အနေဖြင့် သူမကို ပေးချင်သည်။

ပြီး . . . . . . . ။

ထိုနေ့ညက 'အိပ်ဆေးသောက်ရဲ့သားနဲ့ အိပ်မပျော်ဘူး' ဆိုသော ကြားဖူးနေကျစကားကို သူလှိုက်လှိုက်လှဲလှဲ ထောက်ခံဖြစ်သည်။

အတိုင်းအဆမဲ့ ချစ်ရပါသည် ချစ်သူဆိုးမလေး။

BURMESE CLASSIC .com

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဟကောင် မင်းရဲ့တောင်ကြီးသူ မနက်ဖြန်ရောက်မယ်တဲ့'

ရင်ထဲမှာ လှုပ်ခနဲ ဒါပေမဲ့ ရဲလေးစကားက ဆယ်ခွက်တစ်ခွက် တင်ချင်မှတင်တတ်သည်။ အရမ်းသွားယုံလို့မရ။

'ခေါင်းလာမစားပါနဲ့ကွာ'

'သြော် . . မင်းမယုံဘူးပေါ့။ အေး . . . မနက်ဖြန် . . သက်နှင်း ရောက်ရင် မင်းသွားမတွေ့ကြေး လောင်းမလား . . '

ရဲလေးက သူ့စကားကိုမယုံသဖြင့် ဒေါသဖြင့်ဆိုသည်။ ရဲလေးက တော်တန်ရုံ စိတ်မတိုတတ်။ ဒီပုံစံအတိုင်းဆို သူမပြန်လာမည်မှာ သေချာသည် ပေါ့။ သူ၏ပထမဆုံးသော လုံးချင်းစာအုပ်ကိုလည်း ပေးနိုင်ပြီပေါ့။

နောက်ပြီး . . . . . .

သူခုတင်ပေါ်မှ ခပ်သွက်သွက်ထသည်။

'ဟကောင် ရဲလေး . . . ဟိုကောင်စောခိုင်ကိုခေါ် . . . . ငါတို့ မိကြူတို့ဆီ သွားရအောင် . . . . . '

BURMESE CLASSIC .com

'အာ . . . . '

'ဘာ အာ လဲ . . မင်းမလိုက်ဘူးလား'

'လိုက်မှာပေါ့ . . . ဟဲ ဟဲ'

ဒီလိုနှင့် မိကြူတို့ အခန်းဆီသို့ ရောက်သည်။ သည်အခန်းလေးက သူမရှိလျှင် သူ့အဖို့တော့ ခြောက်ကပ်ကပ်နိုင်လွန်းသည်။

'အလဲ . . . ဒီနေ့တော့ မှိုရတဲ့ မျက်နှာကြီးနဲ့ ဟေ့။ သတင်းကောင်း ကြားပြီပြီနဲ့တူတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိကြူက တံခါးဖွင့်ရင်း သူ့ကိုစသည်။

'ကဲ မနက်ဖြန် ကားကွင်းကို ကိုရဲလေးတို့ သုံးယောက်လုံး မလိုက်ကြဘူးမဟုတ်လား . . .'

ရဲလေးက မေသန္တာ၏ အမေးကို ခဏငေးကြောင် နေသေးသည်။ ပြီးမှ 'ဩော် အေး မလိုက်တော့ပါဘူးဟာ ရှုပ်ရှုပ်ရှက်ရှက်' ဟုဆိုသည်။

'မင်းတို့ဖာသာ မလိုက်ရင်နေပေ့ါ ငါကတော့ သွားပြီးသားပဲ'

သူလက်သီး လက်မောင်းတန်းကာ ကလေးတစ်ယောက်လို ဆိုတော့ အားလုံးက 'ဟက်' ခနဲ ရယ်ကြသည်။

'မိကြူရေ နင်နဲ့ငါ နှစ်ယောက်ထဲသွားမယ်လို့ ပြောထားတယ်လေ။ နင် ဘယ်သူကို ခေါ်ထားသေးလဲ'

'ဟင့်အင်း မခေါ်မိပါဘူး'

'အေးငါလည်း မခေါ်ပါဘူး၊ ခေါ်သွားလို့ ဟိုကစိတ်ဆိုးနေရင် ဒုက္ခ'

ပျက်သွားသည်ဟု ယူဆရသော မျက်နှာကို ကိုယ့်ဖာသာ ကိုယ်ပြန်ထိန်း လိုက်ချိန်မှာပင် မေသန္တာက ပြောပြီးမှာ အားနာသွားဟန်တူသည်။ ပြူးကြောင်ကြောင်ဖြင့် မိကြူကို ကြည့်သည်။

ဝရံတာမှ ခေါင်းလောင်းလေးသာ ထိုအချိန်မှာ မမြည်ခဲ့ဘူး ဆိုပါက အားလုံး အနေခက်နေကြလိမ့်မည်။

မိကြူရော မေသန္တာပါ ဝရံတာဆီ အပြေးသွားကြသည်။ ဧည့်ခန်းထဲမှာ သူ ရဲလေးနှင့် စောခိုင်တို့ သုံးယောက်သား ကျန်ခဲ့ကြသည်။

'ဟေ့ကောင် အာကာ မင်းတို့ရော ဝတ္ထုထွက်တဲ့နေ့ကို လက်မှတ်မထိုးပေးဘူးလား'

ရဲလေးက စကားပြောရ ပြီးရောဖြင့် သူ့ကို မေးမှန်းသူသိသည်။ သူ ခေါင်းခါပြလိုက်သည်။

'ဒါဆို ကောင်းတာပေ့ါ မင်းသက်နှင်းကို သွားကြိုချိန်ရတာပေ့ါ'

ရယ်ဖွဲ့ဖွဲ့ဖြင့် စောခိုင်ကဆိုသည်။ သူခေါင်းကိုခါ ဖြစ်သည်။

'မကြိုပါဘူးကွာ၊ သူဒီအခန်းပြန်ရောက်မှာပဲ ငါလာတော့မယ်၊ တော်ကြာ ကားပေါ်က ဆင်းဆင်းချင်းချင်း ငါ့ကိုမြင်ပြီး စိတ်ညစ်နေပါဦးမယ်'

ရယ်ဖွဲ့ဖွဲ့ဖြင့် ပြန်ပြောသော သူ့စကားကြောင့် နှစ်ကောင်သား အနည်းငယ် ပြုံးနိုင်လာကြသည်။ ဘာပဲ ပြောပြော သက်နှင်းနှင့် သူ့ကို သူတို့တတ်သလောက်ဝိုင်းလျှော် ပေးနေကြမှန်း သူလည်း သိသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



'ကြောင်တောင်တောင်နဲ့ဟယ်၊ ခဏခဏပဲ အခန်းမှားကြတယ်၊ မျက်စိမပါဘူးလား မသိပါဘူး'

'ဟုတ်ပ့ါ'

မိကြူနှင့် မေသန္တာတို့ ပွစိပွစိဖြင့် ရွတ်ရင်း ဝင်လာကြသည်။

'ဘာဖြစ်နေကြတာလဲ'

'အခန်းမှားပြီး ကြိုးဆွဲတာလေ တစ်ခါထဲ'

'တစ်ခါထဲ မကတော့ပါဘူးဟဲ့ ခဏခဏပဲ'

အရေးထဲသူမတို့က စကားရည်လုနေကြပြန်သေးသည်။

မနက်ဖြန်

'ဒီအချိန်ဆို သက်နှင်းတော့ တောင်ကြီး ရန်ကုန်ကားပေါ်မှာ အိပ်ပျော်နေမလား မသိဘူး'

မိကြူက သတိတရဖြင့် ဆိုသည်။

'အမှန်ဆို ဒီနေ့ရောက်ဖို့ရာ ဆရာမကြီးက မနေ့က ပြဿဒါးမို့လို့တဲ့ ဒီနေ့မှ ကားလက်မှတ်ဖြတ်တာ'

မေသန္တာ၏ အပြောကြောင့် သူပြုံးဖြစ်သည်။ သူမအဖယူသီးတတ်မှန်း စတွေ့သည့်နေ့ ကတည်းက သူသိထားပြီးသား။ အဲ့ဒါကိုက သူ့စိတ်ထဲမှာ ချစ်စရာ တစ်ခုလိုမြင်နေတတ်သည်။

'အာကာ စာအုပ်ထွက်မှာလို့ မနက်ဖြန်လို့ ပြောပေးလိုက်သေး တယ်။ သူက တွက်ကြည့်ပြီးပြောသေးတယ်၊ ရက်ရာဇာနေ့မှ ထုတ်တာမဟုတ် ဘူးတဲ့။ စေတနာတွေပိုနေပုံများ ပြောပါတယ်'

သူ မေသန္တာကို ထိုင်ရှိခိုးချင်စိတ်များပင်ပေါက်သွားသည်။ ဒီလိုကျ ပြန်တော့လည်း သူမက သူတစ်ပါး စိတ်ချမ်းသာအောင် ပြောတတ်ပြန်သည်။

'ကြည့်ပါဦးဟ. . ငါ့ကြောင်ကြီး အဲလေ ငါ့ကောင်ကြီး ပြုံးနေလိုက်ပုံများ သွားကြီးကို ဖြီးလို့'

ရဲလေးက သူ့ကိုလှမ်းစသည်။

'ဖြီးနိုင်ပြီလေ မနက်ဖြန်ဆို တောင်ကြီးသူလည်း ရောက်တော့မှာကိုး'

စောခိုင်ကပါ ဝင်စသည်။ တကယ်တော့ သူမပြန်လာမည့် အရေးသည် သူ့အတွက်တော့ ပျော်စရာဖြစ်သလို နည်းနည်းတော့လည်း ထိတ်လန့်စရာဖြစ်သည်။

ဖုန်းထဲမှနေ၍ 'လွမ်းတယ်' ဟု သူလွှတ်ခနဲ ပြောထွက်ခဲ့စဉ်က ဖုန်းချ



www.burmeseclassic.com

www.burmeseclassic.com



သွားသော သူမကို မည်သို့သော အနေအထားမျိုးဖြင့် ရင်ဆိုင်ရမည်ကို ယခုထိ သူစဉ်းစား၍ မရသေး။

တောင်ကြီး- ရန်ကုန်ကားတစ်စီးပေါ်မှာ သူမသည် အိပ်၍သော်လည်းကောင်း၊ တရားစာတစ်ခုခုကို ရွတ်ဖတ်သော်လည်းကောင်း လိုက်ပါလာပေမည်။

'နောက်ပြီးတော့မေးသေးတယ်၊ စာအုပ်ရဲ့ နာမည်က ဘာတဲ့လဲတဲ့၊ ပြောလိုက်တယ်၊ ငွေရောင်ပိတ်ကားပေါ် ရောက်မှပဲရှုစားတော့လို့'

'သူက ဝတ္ထုတွေ စိတ်ဝင်စားလို့လား'

အားတက်သရောမေးသော သူ့အမေးကို မိကြူက ချက်ချင်းပြန်မဖြေသေးဘဲ 'တနှင့်သ'ကိုကွဲအောင် လေ့ကျင့်နေသော မေသန္တာကို ကြည့်သည်။

'သူက ဟိုဒင်း ဖတ်တော့ဖတ် . . . . တယ်ပေါ့နော်၊ အင်း ဖတ်ပါတယ်'

မေသန္တာက မတင်မကျဖြေသည်။ မိကြူကပါရောယောင်၍ ခေါင်းလိုက်ညိမ့်သည်။

'ဟား . . .၊ ငါတော့ မနက်ဖြန်ကို ရောက်ချင်လှပြီ'

'ဘာဖြစ်လို့လဲကွ'

'ဩော် လစာ ထုတ်ရအောင်လို့ပါ'

ရဲလေးနှင့်စောခိုင်က တမင်ပင် သူ့ ကိုစနေကြသည်။ မေသန္တာနှင့် မိကြူကတော့ သူ့ကို ကြည့်ရင်း ရယ်နေကြသည်။

သူလည်း ပျော်သလိုလိုရှိလာသည်။ သူ . . . . မ . . . . သူမ . . . . မနက်ဖြန်ဆို ပြန်ရောက်တော့မည်လေ။

သူမ၏ ဆောင့်ကြွားကြွားဖြင့် ရန်ထောင်တတ်ဟန်ကို သတိရရင်းက ရင်၌နွေးရသည်။ လွမ်းရပါဘိ . . .။

သူမနက်စောစောပင် နိုးသည်။ ဒီအချိန်ဆို သူမသည် ပဲခူးမှာ နံနက်စာ စားနေလောက်ပြီ။

ဘယ်အချိန်မှာမှ သူမတို့ အခန်းဆီသွားရပ့ါဟု သူတွေးသည်။ သူမသည် ကားပေါ်မှာ အိပ်ရေးပျက်ခဲ့၍ ရောက်ရောက်ချင်း အိပ်ချင်လည်း အိပ်နေလောက်သည်။ ခရီးပန်း၍ မှိန်းလျှင်လည်းမှိန်း နေပေလိမ့်မည်။

ရန်ကုန်မြေကို ခြေချချင်း သူမသည် သူ့ကိုများ သတိရနေမလားဟု သူတွေးဖြစ်သည်။ မရဲတရဲတွေးမိလိုက်သော ထိုအတွေးကိုပင် သူ



www.burmeseclassic.com

အကျေနပ်ကြီးကျေနပ်သွားရသည်။

သူ့စာအုပ်၏ အမည်ကို 'ဘယ်လိုများပါလိမ့်' ဟု သူမက သိချင်ဇောဖြင့်မေးခဲ့ပါသည်တဲ့။ 'ကျေးဇူးပဲ သက်နှင်း'ဟု ရင်တွင်းမှဆိုဖြစ်သည်။ တကယ်တော့ သူမသည် သူ့အပေါ်တွင် သူထင်သလောက်ကြီးလည်း မစိမ်းကားသေးဟု ကျေနပ်စွာတွေးမိပြန်သည်။

သူမနှင့် ပတ်သက်လာလျှင် သူသည် စစ်တုရင်လို အကွက်ပေါင်းစုံထောင့်ပေါင်းစုံဖြင့် စဉ်းစားတွေးမိကာ ရသအမျိုးမျိုးကို ခံစားရသည်ကားအမှန်။

သူမရော . . . . . သူမတော့ သူ့ကို ခေါင်းထဲ၊ ရင်ဘတ်ထဲ ထည့်ချင်မှထည့်ပေလိမ့်မည်။

၀၉ ႏ ၀၀ နာရီခန့် သွားလျှင်ကောင်းမည်လားဟု သူတွေးသည်။ ထိုအချိန်ဆို သူမ အပန်းပြေလောက်ပြီလား။ အိပ်နေခဲ့လျှင်ကော သူ့အနေနှင့်ထိုင် စောင့်ချင်ထိုင်စောင့်မိနေနိုင်သည်။

စာအုပ်ကို သူမလက်ထဲထည့်ပေးရင်း 'အမှတ်တရ လက်ဆောင်' ဟုပြောလိုက်ရမည်လား။ သို့တည်းမဟုတ် . . . . . ။ သူစဉ်းစားရင်း ဦးနှောက်တို့ရှုပ်ရှက်ခတ်လာသည်။

သူပေးသောစာအုပ်ကို သူမကရော အသာတကြည်ယူမည်တဲ့လား။ 'ဟင့်အင်း'လို့ ငြင်းခဲ့ရင်ကော။ 'ယူထားပါ' ဆိုပြီး ဇွတ်ပေးရမည်လား။

ရင်ဘတ်ကအနည်းငယ် ပူလောင်လာသည်။ မစဉ်းစားချင်တော့။ တကယ်တမ်း။ လာမည့်ဘေးကို ပြေးတွေ့သည်က ကောင်းမည်။ မဟုတ်သေး။

လာမည့်ချစ်သူပေါ့။ လာမည့်ချစ်သူကို ပြေးတွေ့တာပဲ ကောင်းမည်။ ချစ်သူ . . . . ထိုဝေါဟာရသည် ရင်ကိုလှုပ်ခတ်စေသည်။ ခြောက်ကပ်လာသော အာခေါင်ကြောင့် တံတွေးကို တစ်ချက်မျိုဖြစ်သည်။

နာရီကို မကြာခဏ ကြည့်ဖြစ်ပြန်သည်။ သူမ . . . . . ။ ချစ်သူ . . . ။ ရန်ကုန်ကို ရောက်နေလောက်ပြီ။

စာအုပ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အခန်းတံခါး ရှေ့မှာသူအတန်ကြာအောင် ရပ်နေမိသည်။ ဟိုကောင်တွေကလည်း ခေါ်တာကိုလိုက်မလာကြ။ အကြောင်းပြချက် အမျိုးမျိုးဖြင့် ကျန်ရစ်ခဲ့ကြသည်။

'ဒေါက် ဒေါက်'

တံခါးကို ခေါက်လိုက်ပြီးချိန် ခုန်နေခဲ့သော သူရင်ဘတ်ကို


www.burmeseclassic.com

www.burmeseclassic.com



သူအနည်းငယ် စိတ်တိုမိသည်။ တကယ်ဆို တည်တည်ငြိမ်ငြိမ် အနေအထား ဖြင့် အရာရာကို ရင်ဆိုင်နိုင်မှ ကိုယ့်ဘက်က တစ်ပန်းသာသည်လေ။

'ကျွီ'

'သြော်'

'ဟို'

တံခါးကိုလာဖွင့်သူက သူမ။ 'သြော်. .' ဟုရေရွတ်ရင်း ငေးကြောင် နေသည်။ သူကရော . . . ။ သူသည်လည်း 'ဟို . .'ဟု ဘာကြောင့်မှန်း မသိရေရွတ်မိ သည်။ နှစ်ယောက်စလုံး တံခါးဝမှာ ကြောင်ကာရပ်နေမိတုန်း။

'ဝင်မှာလား'

တကယ်တော့ သူမက 'ဝင်ပါလား' ဟု ပြောချင်ခြင်းဖြစ်သည်။ သို့သော် တကယ်တမ်း သူမပြောဖြစ်သည်က 'ဝင်မှာလား' ဟု။

အာကာနည်းနည်းတော့ ရှက်သွားမိသည်။ အခန်းထဲ ရောက်တော့ သူမက 'မိကြူနဲ့ မေသန္တာက အခုပဲ ဈေးသွားကြတယ် ထိုင်လေ' ဟုဆိုသည်။

'ဟို. . . ဦးလေး သက်သာလား'

'သက်သာလို့ ပြန်လာတာပေါ့' ဟု သူမဘုတောမတောပါ။ ခေါင်းကို သာညိတ်သည်။

'သြော် ရော့ . . . . ဟိုဒင်း . . . . စာအုပ်လေ ဒီနေ့ထွက်တာ အဲဒါ . . . လာ. . . လာပေးတာ'

သူမရှေ့သို့ ထိုးပေးသော ထိုစာအုပ်လေးကို သူမက ကြောင်တောင် တောင်ဖြင့် ယူသည်။

'အခြေအနေကောင်းလား'

'ဟို . . . . ဒီနေ့မှ ထွက်တာလေ'

သူမရှက်ရှက်ဖြင့် မျက်နှာတစ်ခုလုံး နီမြန်းသွားသည်။ ချစ်စရာ ကောင်းလွန်းလှပါသည်။ သူ . . . သူမ၏ ပါးအို့နီနီကို ကြည့်ရင်းက ရင်ပိုခုန် လာသည်။

'မနက်ဖြန်လာခဲ့ပါလား။ တောင်ကြီးကပါလာတဲ့ ပဲပုတ်နဲ့ ရှမ်းစာတွေ ချက်စားကြမလို့ ဟို အားရင်ပေါ့'

'အာ. . . . . အားတာပေါ့ . . လာခဲ့မယ်'

'မနက်ဖြန်လာပါတဲ့' ဒါဆို သူမဘက်က မီးနီမဟုတ်သေးဘူးပေါ့ ဟု သူတွေးမိသည်။ အဲ . . . မနက်ဖြန်လာခဲ့ဆိုတော့ အခုပြန်ခိုင်းတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ပြန်သည်။ ပျားရည်နှင့်ဝမ်းချ လေသလားမသိ။ နည်းနည်းတော့ သူ တင်းသွားသည်။

'ပြန်တော့မယ်နော်'

'နေဦး ခဏလေး'

သူမအခန်းထဲဝင်သွားသည်။ ဘာကြောင့်ပါလိမ့်ဟု လျှောက်တွေး ရင်း သူခေါင်းရှုပ်လာသည်။

'ရော့ . . . ဟိုအဖြူရောင်က သူ့ဖို့၊ ဟိုအပြာရောင်နှစ်ထည်က ကိုရဲလေးနဲ့ ကိုစောခိုင်ဖို့'

သူ ထိုအထုပ်လေးကို ရင်ခုန်စွာလှမ်းယူသည်။ ရှမ်းအင်းလေး အထည် အကောင်းစားမှန်း သူသိသည်။ သူလည်း ရှမ်းပြည်နယ်သားမို့ ရှမ်း အင်္ကျီကို ကြယ်သီးလေးတွေ မြင်ကတည်းက သူရိပ်မိသည်။ 'သူ့ဖို့' တဲ့။ သူမ အသံ ချိုမြိန်လှသည်။ သူ့ဖို့ကအဖြူ ကျန်နှစ်ယောက်ဖို့က အပြာတဲ့။ ဒါ . . . ဒါဆိုသူ့အတွက် တမင်ပင် အဆင်ကွဲအောင် အရောင်ကွဲအောင် တမင် စေတနာ အပြည့်ဖြင့် ရွေးချယ်ဝယ်ယူ ပေးခဲ့သည်ပေ့ါ။

'ဟို ကျေးဇူးပဲနော်'

'ရပါတယ်'

'သွားတော့မယ်နော်'

'အင်း'

BURMESE CLASSIC .com

နှစ်ယောက်သား စကားနည်းနေကြသည်။ သူမတော့မသိ။ သူက တော့ ရင်ခုန်ရလွန်းသဖြင့် ဒူးများပင် ခွေချင်လာသည်။ အဆောင်ကိုလည်း အမြန်ပြန် ရောက်ချင်လာသည်။ ဟိုနှစ်ကောင်ကိုလည်း အပြတ်ကြွားချင်လာ သည်။ 'တွေ့မယ်' ဟုစိတ်ထဲမှ ကြိမ်းဝါးဖြစ်သည်။

အဆောင်ပြန်ရောက်တော့ သကောင့်သားများ မရှိကြတော့။ ဒီနေ့ လစာထုတ်ရက်မို့ အလုပ်အစောကြီးသွားတာကို သူမေ့လို့နေသည်။

ဒီနေ့အဖို့တော့ သူသည် ရင်ခုန်ရခြင်းသက်သက်သာ ပထမဆုံး စာအုပ် ထွက်ရက်ဖြစ်သလို၊ သူမထံမှလည်း ပထမဆုံးသော အကြင်နာရိပ် တစ်ခုကို သူတွေ့လိုက်သည်။ ပြက္ခဒိန်တွင် ရက်ရာဇာ မဟုတ်သော်လည်း သူအတွက်တော့ ယနေ့သည် ရက်ရာဇာပင်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



'မင်း စာရေးဆြာလုပ်ပြီးဒီလောက်လေးကိုတောင်နားမလည်ဘဲ ကိုးကွ'

'ဘာဖြစ်လို့နားမလည်ရမှာလဲ နားလည်လွန်းလို့ ခက်နေတယ်၊ ငါ့ကို အဖြူရောင်လေးပေးတယ်ကွာ၊ မင်းတို့နှစ်ယောက်အတွက်က အပြာရောင်၊ သဘောကတော့ ငါ့ကို အလေးထားတယ်ဆိုတဲ့ သဘောပဲ'

'No No မင်းမှားနေပြီ'

ရဲလေးက ချိတကြွကြွ ဖြစ်နေသောသူ့ကို စိတ်ပျက်လက်ပျက် ခေါင်းကို ခါရမ်းရင်း ထိုသို့ ဆိုသည်။

'ကဲ ပြောပါဦး၊ ငါကဘာမှားတာလဲ'

'ဒီလိုကွ အဖြူရောင်ဆိုတာက ဖြူစင်ခြင်းရဲ့သဘော၊ ဥပမာ- သူငယ်ချင်းတို့ မိတ်ဆွေတို့ပေါ့ကွာ၊ အဖြူရောင်နယ်နိမိတ်တို့၊ အဖြူရောင်သံယောဇဉ်တို့ စသဖြင့်ပေါ့ကွာ မင်းကပိုသိပါတယ်'

အာကာ အောင့်သက်သက်ကြီး ဖြစ်သွားရသည်။ ရဲလေးစကားကအပြောင်အပျက်ဆိုသော်လည်း၊ စေ့စေ့တွေးရေးရေးပေါ်ဆိုသလိုသူမဘက်ကဖြူစင်စေချင်ကြောင်းသိစေရောဟုညွှန်းကာပေးလေသလား၊သူမကားခေသူမဟုတ်။

ထားပါတော့။ သူမကသာ သူ့အပေါ် ဖြူဖြူစင်စင် သာသဘောထားနေခဲ့လျှင် သူ့အနေနှင့် မည်သို့လုပ်ရမည်နည်း။ အချစ်ဆိုသည်က ဇွတ်တရွတ် ဖန်တီးလို့ရတာမျိုး မဟုတ်။

*    *    *



www.burmeseclassic.com

www.burmeseclassic.com



လသာလာရသည် သူ့စိတ်ကို သူတင်းနေရသည်။ တနင်္ဂနွေမို့ ရဲလေးတို့ရော သူမတို့ပါနားရသည်။ ဤရုံးပိတ်ရက်တိုင်း လိုလို သူမတို့နှင့် အတူ ထမင်းချက်ကာ စားသောက်နေကျ ဖြစ်သော်လည်း ဒီနေ့တွင်မတော့ အနည်းငယ်ထူးခြားနေသလိုမျိုး။ ရှင်းရှင်းဆိုရသော် အနည်းငယ် သူစိန်းဆန်နေ သလိုမျိုး။ အထူးသဖြင့် အာကာနှင့်သူမ။

အာကာကတော့ ရဲလေးပြောသော 'အဖြူ' ၏ အဓိပ္ပာယ်ကိုသာ အပြန် ပြန်အလှန်လှန် တွေးတောရင်း သက်ပြင်းကို ခဏခဏချဖြစ်သည်။

'အာကာ နေမကောင်းဘူးလား'

'အဟမ်း အဟမ်း'

'အဟွတ် အဟွတ်'

ထမင်းအတူစားကြစဉ် ရုတ်တရက်မေးလိုက်သော သက်နှင်း၏ ကရုဏာများ ပျော်ဝင်နေသော (သူ့အထင်) အကြင်နာပြည့်လျှမ်းနေသော အမေး။ သူကြောင်တောင်တောင်ဖြစ် နေတုန်းကို ရဲလေးတို့ မောင်နှမက ချောင်းလုပ်ဆိုးကြသည်။ သူ့ရင်မှာတော့ နွေးခနဲ။

ကြည်နူးသွားသလားဟုပင် ကိုယ့်ကိုယ်ကိုယ်မေးကြည့်ရန်မလို။

'ဘာ。。 ဘာမှမဖြစ်ပါဘူး'

အရေးထဲ စကားထစ်နေသည်မို့ အာကာ သူ့ကိုယ်သူ အားမလို အားမရ ဖြစ်သွားမိသည်။

'ဖြည်းဖြည်း ထိန်းပြီးဖြေပါ ငါ့ကြောင်ရ အဲလေ ငါ့ကောင်ရ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှလုမပြောပါဘူး’

အလောတကြီးဖြေရင်း ထစ်သွားမိသော သူ့ကို စောခိုင်ကနှိပ်ကွပ်သည်။ ရှက်ရှက်ဖြင့် အာကာခေါင်းငုံ့ရင်း ထမင်းစားနေသည်ကို ကြည့်ကာ စောခိုင်က ကျေနပ်သွားသည်။ နှိပ်ကွပ်မှုက ထိသွားသည်ကိုး။

‘ထမင်းစားပြီးရင် ကန်ပေါင်ဘက်သွားပြီး လက်ဖက်ရည်သောက် ကြမလား’

‘ကောင်းသားပဲ’

‘Good! ’

ရဲလေး၏ အကြံပေးမှုကို မေသန္တာနှင့် မိကြူက ထောက်ခံကြသည်။ ထမင်းစားပြီး ကန်ပေါင်ဘက် လမ်းလျှောက်ရင်း သွားကြသည်။

ကန်ပေါင်ရောက်တော့ ရဲလေးနှင့်မေသန္တာက ထိုင်ခုံတစ်ခု၊ စောခိုင်နှင့် မိကြူက ထိုင်ခုံတစ်ခုထိုင်ကြသည်။ လက်ဖက်ရည်ဆိုင်ကို ချက်ချင်းမသွားကြသေး။ ထို့ကြောင့် အလိုလိုနေရင်း အာကာနှင့် သူမက ခုံအလွတ်တစ်ခုမှာ ထိုင်မိကြသည်။ အတန်ကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြသေး။

‘သက်နှင်း’

အာကာအားကုန်ညှစ် သုံးလိုက်ရသလို မောပန်းသွားရသည်။ သူမ၏ အမည်ကို ခေါ်ရန်သူသည် ထိုမျှ ရင်ဒိုလှုပ်ရှားရသည်။ သူမက ‘ဘာလဲ’ဆိုသည့် သဘောဖြင့် မေးဆတ်သည်။

‘ဟို ကိုယ့်စာအုပ် ဖတ်ပြီးပြီလား’

‘ဟင့် အင်း’

‘မေးမိတာမှားပါတယ်’ ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ စကားမရှိစကားရှာမေးမိကာမှ ‘ဟင့်အင်း’ ဆိုသော အဖြေကို ‘နင့်’ ခနဲရလိုက်သည်။

‘မနေ့က ခရီးပန်းနေတော့ မဖတ်ဖြစ်ဘူး၊ ဟို ဒီနေ့ကျတော့ ပြဿဒါး ရက်မို့လို့ မဖတ်ဖြစ်ဘူး’

သူမက ဖြေရင်းက ရှက်ရွံ့စွာခေါင်းကိုငုံ့သည်။ အာကာ့ရင်မှာတော့ ဒိန်းခနဲ။ သူမသည် သူ၏ စာအုပ်ကို ဖတ်ရန်ကိုပင် ‘ရက်ရာဇာ’ ရွေးသည် အထိ ဂရုစိုက်သည် ဆိုသောအတွေးက ပီတိကို ဖြစ်စေသည်။

‘ဟို ဖတ်ပြီးရင် အကြံပြုချက်လေးဘာလေး ပေးဦးနော’



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းသူ အကြံပေးရန်ဆိုသည်။ သူမက ခေါင်းကိုညင်သာစွာ ညိတ်သည်။

'စာအုပ် မျက်နှာဖုံးနဲ့ ခေါင်းစဉ်လေးကိုက ဆွဲဆောင်မှုရှိတယ်'

'အားပါးပါး' ဟု အော်ကာ သူထခုန်ပစ်ချင်သည်။ သူမက ထိုသို့ အားပေးသည်တဲ့လား။ ဒါတောင် အထဲကို မဖတ်ရသေး။

'ကျေးဇူးပဲ'

'ရပါတယ်'

ဘာပဲပြောပြော သူမကို အယူသီးလွန်းသည်ဟု ယူဆခဲ့သော စွဲချက်တို့ကို ခဏချင်းသူ မေ့ချင်ချင် ဖြစ်သွားသည်။ ကြည့်ဦး . . . . သူ့ဝတ္ထုကို အလေးအနက်ထားကာ ရက်ရာဇာမှ ဖတ်မည်တဲ့။

'ဟို စာအုပ်ထွက်တော့မယ်ဆိုတော့ ယတြာလေး ဘာလေးမလုပ်ဘူးလား'

'ဟင့်အင်း'

'လိုတယ်သိလား၊ ယုံတာမယုံတာထက် လုပ်ထားတာတော့ မမှားဘူးပေါ့'

'သြော်'

မသက်မသာဖြင့် 'သြော်' ဖြစ်သည်။ သူမစကား ဆယ်ခွန်းပြောလျှင် စွဲလမ်းမှု အမျိုးပေါင်း ရှစ်ခုကတော့ပါမြဲ။ ဒါပေမဲ့ သူကျေကျေနပ်နပ်ဖြင့် နားထောင်သည်။ သူကချစ်ရသူကိုး။

'သက်နှင်းတို့ဖေဖေဆို တော်တော်ကြီး နေမကောင်းဖြစ်နေတာ၊ ယတြာ လည်း လုပ်လိုက်ရော ယူပစ်လိုက်သလိုကို ကောင်းသွားတာ၊ မေမေက သိပ် မယုံချင်ဘူးလေ၊ သက်နှင်းပဲ ဇွတ်လုပ်ပေးရတာ'

'ဟုတ်လား'

ဒီလိုကျပြန်တော့လည်း သူမသည် သာလိကာ။ ထိုနေ့က ပြောဖြစ်သမျှ၏ ၉၀% သည် ယတြာနှင့် ရိုးရာအစွဲအလန်းတချို့။

တချို့မှာ ဖြစ်နိုင်ချေရှိပြီး လက်ခံနိုင်သော်လည်း တချို့မှာ အလွန်အကဲ သူမဘာသာ သူမအယူသီးလွန်းနေခြင်းသာဖြစ်သည်။

သူမသည် တကယ်တမ်းကျတော့ ဗေဒင်ယတြာတို့ကို တကယ်ဖြစ်ဖြစ်မြောက်မြောက် တတ်သည်လည်းမဟုတ်။ ပမာပြောရလျှင် ဒေါက်တာရမ်းကု တစ်ယောက်နှယ်။ ဟိုစပ်စပ် ဒီစပ်စပ်။



www.burmeseclassic.com

သို့သော် ထိုကောင်မလေးကိုပဲ အာကာ မြတ်မြတ်နိုးနိုး ချစ်မိနေလေတော့။ သူကိုယ်တိုင်ပင် သူမနှင့်စကားပြောလျှင် ဖော်လိုလိုက်နိုင်ရန် တော်တော်များများ လေ့လာရတော့သည်။

သူမဖတ်ဖို့ကို ပေးခဲ့သော သူ၏ လုံးချင်းဝတ္ထုထဲတွင် စာအိတ်ပင်မပါ ညှပ်ကာ ထည့်ပေးလိုက်သော စာ အတွက် သူမစိတ်ဆိုးသွားမည်လားဆိုသော အတွေးက သူ့ကို တိတ်ဆိတ်ခြောက်လှန့်သည်။

'ဒီလိုလုပ်ရကောင်းလား' ဟု ဒေါသထွက်ချင်လည်း ထွက်နိုင်သည်။

တကယ်တော့ သူ ၎င်းစာလေးကို ညှပ်ထည့်ပေးဖို့နှင့် မထည့်ပေးဖို့ကို သူအကြာကြီး စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့ခြင်းသာ။

မတတ်နိုင်ပါ အကယ်၍ စိတ်ဆိုးခဲ့သည်ဆိုလျှင်တောင်မှ စိတ်ဆိုးခံလိုက်ရုံသာရှိသည်။ သူ့အနေနှင့် နှုတ်ကဖွင့် ပြောရန်မှာ အင်မတန်မလွယ်ကူသောကိစ္စ မဟုတ်ပါလား။

အခန်းထဲရှိ ပြက္ခဒိန်ဆီသွားပြီး တစ်ခါမှမကြည့်ခဲ့ဖူးသော ရက်ရာဇာနှင့် ပြဿဒါးရက်တို့ကို သူလှန်ကာကြည့်ဖြစ်သည်။

မနက်ဖြန်၊ ရက်ရာဇာ သူမစာအုပ်ဖတ်၍ တစ်ဝက်ကျိုးချိန်မှာ သူ၏စာကို သူမတွေ့ပေလိမ့်မည်။

အာကာ သက်ပြင်းကို ချဖြစ်သည်။

'ငါနဲ့မိကြူပဲ ဈေးသွားလိုက်မယ်၊ နင်စာအုပ်ဖတ်မှာ မဟုတ်လား၊ ဖတ်ကျန်ခဲ့၊ နင်ဖတ်ပြီးမှပဲ ငါတို့ဖတ်ပါ့မယ်၊ ဟုတ်ပြီလား'

ဈေးသွားဝါသနာပါလွန်းသော မေသန္တာက ပြောရင်းထွက်သွား သည်။ သက်နှင်းမနေ့ ရှေ့တစ်ရက်က အာကာပေးခဲ့သော စာအုပ်ကို အံဆွဲထဲမှယူကာ ရင်ဘတ်ထဲသို့ အသာဖိကပ် ထားမိသည်။

'လွမ်းတယ်'တဲ့။ သူမတောင်ကြီးမှာ ရှိစဉ်က ဖုန်းထဲက ပြောသော အာကာ၏ ရင်တွင်းဖြစ်စကား။ 'လွမ်းတယ်' ဆိုသော အက်ရှရှအသံကို ကြားစဉ်က သူမ၏ရင်ပရမ်းပတာ ခုန်သွားခဲ့တာကို သူသိမည် မထင်ပါ။

သူမကိုယ်သူမလည်း အံ့ဩ၍ မဆုံးနိုင်။ ချောမောနုပျိုသော အာကာ၏ စွဲမက်ဖွယ်အသွင်က ရင်၌လာလာငြိသည်။



www.burmeseclassic.com

www.burmeseclassic.com



'စာရေးဆရာမလုပ်ဘဲ ရုပ်ရှင်ပဲရိုက်ပါတော့' ဟု စဉ်းစားရင်း သူမပြုံးဖြစ်သည်။ သူစာအုပ်လေးကို မြတ်နိုးစွာ ကိုင်တွယ်ကြည့်ရင်းက 'ဖျတ်'ဆို စာရွက်ဖြူလေး ထွက်ကျလာသည်။

'ဘာလေးပါလိမ့်' 'စာများလား' ဟူသော အတွေးတို့နှင့် သူမစာရွက်ဖြူခေါက်လေးကို အသာဖြန့်ကြည့်မိသည်။

ထိုစာရွက်လေးကို ဖြန့်ကြည့်စဉ်မှာ သူမ၏ လက်တွေမသိမသာ တုန်ရင်နေခဲ့သည်။ စာရွက်ပေါ်မှာ ယောကျ်ားဆန်သော လေးထောင့်မကျတကျစာလုံးလေးများ။

**သက်နှင်း**

**ကိုယ့်ကို စိတ်မဆိုးပါနဲ့⋯ဒီစာကို စာအုပ်ထဲမှာ ညှပ်ပေးလိုက်တယ်။ ဘယ်လိုမှ အောင့်အီးမနေနိုင်တော့ဘူး သက်နှင်းရာ၊**

**သက်နှင်းတောင်ကြီးကိုပြန်သွားတော့မှ ကိုယ်ပိုသိလာရတယ်၊ တကယ်တော့ သက်နှင်းကို မတွေ့ရရင် သချင်လောက်အောင်ကို လွမ်းတာ⋯⋯ယုံ။**

**အရမ်းချစ်တာပဲ⋯သက်နှင်းရာ။**

**အာကာထွဋ်**

စာရွက်ဖြူလေးကို ကိုင်ထားသော လက်တို့က တုန်ရင်နေဆဲ စာဖတ်ပြီးသွားသော်လည်း သူမရင်က ခုန်နေဆဲ။

'စာရေးဆရာလုပ်ပြီး ရည်းစားစာတောင် ဖြောင့်အောင်မရေးတတ်ဘူး' ဟုတွေးရင်း သူမပြုံးဖြစ်ပြန်သည်။

'သူမကို မတွေ့ရရင် သချင်လောက်အောင် လွမ်းပါသတဲ့' 'ပိုလှချည်လား' ဟုသူမ စိတ်ထဲမှနေ အာကာ၏ နားရွက်ဖျားနီနီကို ဆွဲလိမ်ပစ်သည်။

'အရမ်းချစ်တာပဲ . . . သက်နှင်းရာ' တဲ့ သူမ၏ ရင်၌နွေးလို့သွားသည်။ တကယ်တမ်းကျတော့ အာကာနှင့်တွေ့စကတည်းက ဘုနှင့်ဘောက်ဖြစ်ခဲ့သော်လည်း သူ့ပုံရိပ်က ရင်၌စွဲနေသည်ကို တော့မေ့လို့မရခဲ့။

တွေ့ဆုံလေတိုင်း ခိုးခိုးကြည့်တတ်သော သူ့အကြည့်မှာ အယောင်ယောင် အမှားမှား ဖြစ်ခဲ့မှန်း ကိုယ့်ကိုယ်ကိုယ် အသိ။

အစောကြီးထဲက သူမတွက်ကြည့်ခဲ့ ပြီးသား။

'ဓမ္မာ သောက အင်းဝ ရာဇာ' ဆိုသော ရန်ဘက်က လွတ်နေသောသူ။ သူမက တနင်္လာ သူက တနင်္ဂနွေ။ ထို့ကြောင့် ဘာမှ ပြဿနာမရှိ။ အကယ်၍ သူမကသာ ဗုဒ္ဓဟူးဖြစ်နေခဲ့သည် ရှိသော် အဘယ်သို့ အဆင်ပြေပါ



www.burmeseclassic.com

www.burmeseclassic.com



မည်တဲ့လဲ။

သူမသာသူ့ကို 'မိတ်ဖက်' တွေ 'ရန်ဖက်'တွေ ကြိုတင် တွက်ကြည့်ခဲ့မှန်း အာကာသိလျှင် ရှက်ဖွယ်။

မိကြူတို့ပြန်လာလျှင်တော့ အမူအရာကောင်းကောင်းပျက် နေသောသူမကို သတိထားမိကာ အစ်ကြပေဦးတော့မည်။ ထိုအခါ ဟန်ဆောင် မကောင်းသောကြောင့် အာကာ စာပေးမှန်းသိ သွားကြပေလိမ့်မည်။ သိပြီးသားလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

'စာရွက်ကို ဖွက်ထားဦးမှ' ဟုတွေးသည်။ သေတ္တာအောက်ဆုံးထဲထည့်ကာ ထားမှရမည်။ တော်ကြာ မိကြူတို့တွေ့သွားလျှင် အသံကုန်အော်၍ဤစာကို ဖတ်ကြလိမ့်မည်။

ဝတ္ထုကို ဖတ်နေရသော်လည်း သူမသိပ်စိတ်မပါလှ။ ရင်ဘတ်ထဲ၌ကတုန်ကရင်ကြီးဖြင့် ဖြစ်လို့နေသည်။

အာကာ့ကိုပဲ သူမ၏ အတွေး၌မြင်သည်။ စာကို ဘယ်လိုမှအာရုံနှစ် ကာ ဖတ်လို့မရ။ သူမကို မတွေ့လျှင် သေချင်ပါသည်တဲ့လား။ သူမရော . . မတွေ့ရလျှင် ပြင်းပြစွာ သတိရမိသည်ကတော့ ဝန်ခံရမည်။ တောင်ကြီးမှာတုန်း က နေ့စဉ်သတိရမိခဲ့ပါသည်ဟုများ ပြောပြခဲ့လျှင် အာကာပျော်သွားလိမ့်မည်။ သို့သော် . . . . သူမမပြော။ မိန်းကလေးတို့၏ သိက္ခာဆိုတာကို သူမက အရေးထားသည်။ ထိုသို့သာ သူမဝန်ခံပြောပြခဲ့ပါလျှင်အာကာ့အနေဖြင့် သူမကို အထင်သေးချင် သေးသွားနိုင်သည်။

သူမအနေနှင့် ထိုသို့သော အထင်သေးမခံနိုင်။ သူ့စာကလည်းတုံးတိတိကြီး။ ဘယ်လိုအဖြေပြန်ပေးပါ . . . ဘာညာတွေမပါ။ သူချစ်တာကိုပဲရေးသွားသည်။

လွယ်လွယ်နှင့် အဖြေမရနိုင်ဟု သူ့ဘက်က တွက်ချင်တွက်ထားနိုင်သည်။ ဒါ . . . . သူမအတွက်ကောင်းသည်။ ဘာပဲပြောပြော သူမကို သူအထင်မသေးရဲဘူးဆိုတာကို ပြလို့နေသည် မဟုတ်ပါလား။ သူမကျေနပ်စွာပြုံးဖြစ်သည်။

'ဟိတ်'

'အမလေး'

ရုတ်တရက်မို့ သက်နှင်း အလန့်ကြီးလန့်သွားရသည်။ ဘယ်အချိန်တုန်းကတည်းကရောက်နေသည်မသိသော မိကြူနှင့်မေသန္တာ သူမကိုပြုံးစိစိ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်လို့နေသည်။ ဈေးဝယ်လျှင် မပြီးနိုင်မစီးနိုင် တစ်ဈေးလုံးလျှောက်သွားတတ်သောသူမတို့က ဒီနေ့ဈေးဝယ်တာ မြန်သည်။

'မြန်လှချည်လား နင်တို့ ပစ္စည်းဝယ်၊ ဈေးဝယ်သွားရင် အင်မတန်ကြာတတ်တယ်'

'အောင်မာမာ မိကြူရေ ငါတို့တော့ နောက်တစ်ခေါက် ထပ်ထွက်ပေးရဦးမယ်နဲ့တူတယ်'

'နှောင့်ယှက်မိရင် Sorry နော် သက်နှင်း၊ အဟမ်း နင်စာအုပ်ကိုရင်ဘတ်ပေါ်တင်ပြီးတော့လေ၊ အဟမ်း ပြုံးနေတာ ဘာကြောင့်?'

မေသန္တာ၏ အရွဲ့စကားကြောင့် ရှက်နေရသည့်ကြားထဲ မိကြူက လာအစ်နေသည်။ ဒီအတိုင်းဆို သူမလျှို့ထားသမျှတွေ ပေါ်သွားနိုင်သည်။

'ကဲ ကဲ ဗိုက်ဆာပြီဟာ'

သက်နှင်းစကားကို ခပ်တည်တည်ဖြင့်ရအောင် အတင်းလွှဲသည်။

'ဗိုက်ဆာတာသေချာရဲ့လား မိသက်နှင်း၊ စာအုပ်ဖတ်ပြီးပီတိ တွေဖြာပြီးဗိုက်ပြည့်နေတယ်လို့ ငါတို့ကထင်နေတာ'

'အာ ဘယ်က ဗိုက်ပြည့်ရမှာလဲ မဆီမဆိုင်'

'ဟယ် မိကြူ ကြည့်စမ်း ဒီကောင်မလေး ရှက်နေတယ်၊ ပြောစမ်းပြော စမ်း ဘာကိုရှက်နေတာလဲ ရှက်စရာပါလို့လား'

မရတော့ သူမတို့နှစ်ယောက်သားဝိုင်း၍ ညှပ်ပူးညှပ်ပိတ်ဖြင့် အစ်နေကြလေပြီ။ သူမရှက်လေ မိကြူတို့က အစ်လေပဲ ဖြစ်သည်။

'မိသန္တာရယ် ခက်တာက ငါတို့သုံးယောက်လုံး ခင်တာပါဟယ်၊ အခုတော့ စာအုပ်တွေဘာတွေလဲ ထုတ်ရော သက်နှင်းတစ်ယောက်ထဲကိုပဲ ကွက်ကျားမိုးရွာပြီး လက်ဆောင်ပေးသတဲ့လေ တရားလား'

'မတူဘူးလေဟယ် မိကြူကလဲ မတူဘူးဟဲ့'

'တော်ပြီဟာ ငါဗိုက်ဆာနေပြီ'

ပြောရင်းသူမ မိကြူတို့ရှေ့က ရှက်ရှက်ဖြင့် ခပ်သွက်သွက်ထွက်ခဲ့သည်။

'ဟေ့ ကောင်မလေး နေပါဦး၊ အင်တာနည်းနည်းဗျူးဦးမယ်လေ'

မိသန္တာကနောက်မှ လိုက်အော်ဖြစ်အောင်အော်သေးသည်။ သူမမီးဖိုခန်းထဲမှာ ရပ်ရင်းက အရှက်မပြေနိုင်သေး။ တော်သေးသည် အာကာစာပေးသည့်ကိစ္စ သူတို့မသိလိုက်ကြ။ သို့မဟုတ်လျှင် သူမတော့ ဒီနေ့အဖို့ မလွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုရက်က မိကြူတို့မရှိလိုက်ကြသည်ကပဲ ခပ်ကောင်းကောင်း။ သူမတို့သာရှိနေခဲ့ကြလျှင်တော့ ခုချိန်ဆို သူမအတွက် ရစရာမရှိအောင် စနေကြလောက်သည်။

'ကဲ ကြည့် ငါမပြောဘူးလား ဗိုက်ဆာတယ်ပြောပြီးမှ မီးဖိုထဲဝင်သွားတာကြာပြီ အခုထိ ဘာမှမကိုင်သေးဘူး၊ ငါလွန်လားမိကြူ'

'N0 ဟိုး ဟိုး'

မိကြူနှင့်မေသန္တာ မီးဖိုထဲလိုက်လာကြပြန်သည်။

'မဟုတ်ပါဘူးဟာ ငါ ဘာစားရရင်ကောင်းမလဲလို့ စဉ်းစားနေတာ'

'ဟုတ်လား၊ မိသန္တာရေ ယုံချင်စရာကြီးနော်၊ ဒီလောက်အကြာကြီးစဉ်းစားရသတဲ့လေ'

'ဟုတ်မယ် ဟုတ်လောက်တယ်'

သက်နှင်းသူတို့ကို ဘာမှပြန်မပြောတော့။ ဗီရိုထဲမှ ကိတ်မုန့်ကိုယူပြီး ရေခဲသေတ္တာထဲမှ အအေးတစ်ပုလင်းယူကာဖောက်သည်။

'ကဲ စား စား၊ စားပြီးရင် ဗျူးမယ်'

'ဟုတ်တယ်၊ ဟိုတစ်ခေါက် တောင်ကြီးကို ဖုန်းဆက်တုန်းက ငါတို့ကို ပထုတ်ပြီး အာကာဘာတွေပြောတယ်ဆိုတာ သူငါတို့ကို မပြောပြသေးဘူး၊ အဲဒါကို ဗျူးရမယ်'

'အိုကေ မမ ကျွန်မတို့ ဧည့်ခန်းမှာ စောင့်နေမယ်နော်'

ပြောရင်းဆိုရင်းဖြင့် မိကြူနှင့်မေသန္တာတို့နှစ်ယောက် မီးဖိုခန်းထဲမှ ထွက်သွားကြသည်။ သူမ သက်ပြင်းကို အသာချဖြစ်သည်။ သူမ တစ်ယောက်တည်းကို စနေတာကကိစ္စမရှိ။ တော်ကြာ အာကာတို့လာမှ ဖိစနေလျှင် ဒုက္ခရောက်မည်။ မိကြူတို့က အအစ်ကောင်းကောင်းနှင့် အာကာ၏ ရိုးပုံ အပုံနှင့် ဗူးပေါ်သလိုပေါ်ကုန်မှဒုက္ခ။

'ထွက်လာတော့ဟေ့၊ စောင့်ရတာကြာတယ်'

အပြင်မှမိကြူအသံက 'စီ'ခနဲထွက်လို့လာသည်။ နှစ်ယောက်သားပေါင်း၍ သူမကို ကြပ်တော့မည်ဆိုတာကို သူမသိသည်။

ထမင်းစားခန်းမှ လေးတိလေးကန် ထွက်လာသောသူမကို မိကြူက 'လာထိုင်' ဟု သူမတို့နှင့်မျက်နှာချင်းဆိုင်ကို ညွှန်သည်။

'ကဲပထမဆုံးမေးမဲ့မေးခွန်းက၊ ဟိုတစ်ခေါက်တောင်ကြီးကို ဖုန်းဆက်တော့ သူနဲ့နင်ဘာတွေ ပြောဖြစ်ကြသေးလဲ'



www.burmeseclassic.com

www.burmeseclassic.com


မေသန္တာက ပြုံးစိစိဖြင့်ဆိုသည်။ မိကြူက ရောယောင်ပြီး ခေါင်း လိုက်ညိတ်သည်။

'ဘာမှ မပြောဖြစ်ပါဘူးဟယ်'

'မယုံတာ၊ မယုံတာ မိကြူနင်ယုံလား'

'No ဟိုး ဟိုး'

သူမရှက်ရှက်ဖြင့် ရယ်ဖြစ်သည်။ 'မလွယ်ကြောပဲ' ဟု စိတ်မှာတွေး ဖြစ်သည်။

'ကဲ ပါဟာ ငါပြောပြပါ့မယ်'

သက်နှင်း၏ အပြောကြောင့် မိကြူနှင့်မေသန္တာက တစ်ယောက် မျက်နှာတစ်ယောက်ကြည့်သည်။

'ဒီလို လိမ္မာမှပေါ့ ကဲ တစ်ခုမှ မချန်နဲ့နော် အေး နောက်မှသိလို့က တော့ မိသက်နှင်း ငါတို့ကို အဆိုးမဆိုနဲ့'

'အေးပါ ဒါပေမဲ့ နင်တို့ အာကာလာရင် လုံးဝမစရဘူးနော်'

'စိတ်ချ'

မိကြူနှင့်မေသန္တာက 'စိတ်ချ' ဟုဆိုရင်း တစ်ယောက်ကိုတစ်ယောက် မျက်ခုံးပင့်ပြနေကြတာကို သူမ မသိချင်ယောင်ဆောင်လိုက်သည်။

ပြောမယ်ဆိုတော့ ဘယ်ကဘယ်လိုစပြောရမှန်းမသိ။ သူမခေါင်းကို ခပ်ဖွဖွကုတ်ဖြစ်သည်။

'နင်တို့ . . . . . နင်တို့ဖုန်းဆက်ပြီးတော့ . . . . .'

ကန်ပေါင်ရောက်တော့ ထုံးစံအတိုင်း ရဲလေးနှင့် မေသန္တာက တစ်ခုံ၊ စောခိုင်နှင့် မိကြူကတစ်ခုံ၊ သူနှင့်သက်နှင်းကတစ်ခုံ ထိုင်ဖြစ်သည်။ အခုထိသူ နှင့် သက်နှင်းတစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြသေး။ သက်နှင်း က ကျွန်းများဘက်ကို ကြည့်လို့နေသည်။

ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးက သက်နှင်း၏ ဆံနွယ်တို့က ကျီစယ်နေကြသည်။

သက်နှင်း၏ ဆံနွယ်တို့ထံမှ တဆင့်လေညင်းက Shampoo ရနံ့ကို ယူဆောင်လာကာ သူ၏နှာဝကို လာကျီစယ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



နှာဝမှ ရနံ့တို့က နဂိုက တဒိုင်းဒိုင်းခုန်နေခဲ့သော ရင်ကိုပို၍ အခုန်မြန်အောင် ကျီစယ်ပြန်သည်။

'သက်နှင်း'

'. . . . . .'

'ဟို စာအုပ်ဖတ်ပြီးပြီလား'

သက်နှင်းက ခေါင်းငုံ့နေရင်းက ခေါင်းညိတ်လိုက်သဖြင့် ခေါင်းကချိုးထားသလို ခပ်ကျိုးကျိုးအနေအထားကြီး ဖြစ်လို့သွားသည်။

'ဟို . . . . ဖတ်ပြီးပြီပေါ့နော်'

သူ၏အမေးကြောင့် သက်နှင်း မျက်နှာမှာ ရှက်ပန်းတစ်ပွင့် ပွင့်သည်။ ပန်းဆီရောင်ရင့်ရင့် သက်နှင်းခေါင်းမညိတ် ခေါင်းမခါဘဲ အသာနေနေသည်။

'သက်နှင်း။ သက်နှင်းက ရက်ရာဇာတို့ဘာတို့ဆို လုပ်စရာရှိတာလုပ်တယ်နော်'

သူစကားကြောင့် သက်နှင်းအနေ သိပ်မခက်တော့တာကို သူသတိထားမိသည်။

'ဟုတ်တယ်အာကာ ဘာပဲဖြစ်ဖြစ်ပေါ့နော် ဟိုရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်းမလွယ်နဲ့ ဆိုသလိုပေါ့၊ ရှေးကတည်းက ဘာအလုပ်ပဲလုပ်လုပ် ဘာပဲ ကြံစည်စည် ရက်ရာဇာကို ရွေးခဲ့ကြတယ်လေ'

'ဩော် . . . . . . ဒီနေ့က ရက်ရာဇာနော် သက်နှင်း'

'အင်း'

'သက်နှင်းကို ကိုယ်ချစ်တယ်'

ပြန်းခနဲ ရှက်သွေးတို့က သက်နှင်းမျက်နှာကို လာရောက်နီမြန်းစေသည်။ သက်နှင်း ဒီတစ်ခါတော့ မမျှော်လင့်ဘဲ၊ မျှော်လင့်မထားပါဘဲ ရက်ရာဇာနဲ့ ပတ်သက်ပြီး ရည်းစားစကား အပြောခံလိုက်ရသည်။ ကလေးဆန်သော အာကာ၏အကြံကိုလည်း ရယ်ချင်သွားမိသည်။

'ဘာမှမဆိုင်ဘူး'

'ဆိုင်တာပေါ့၊ သက်နှင်းကို ကိုယ်ဖွင့်ပြောချင်တာကြာပြီ ရက်ရာဇာနဲ့ မကြုံကြိုက်သေးလို့၊ ကြုံပြန်တော့လည်း မဆုံဖြစ်တာများတယ်လေ'

အာကာ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော သတ္တိတို့ဖြင့် စကားကို မနားတမ်းပြောဖြစ်သည်။ သက်နှင်းက ခေါင်းကိုငုံ့လို့ထားသည်။ ကန်ရေပြင်ပေါ် ဖြတ်တိုက်လာသော လေနုအေးက သက်နှင်းတို့ကို လွင့်ပျံနေ



www.burmeseclassic.com

www.burmeseclassic.com



အောင်တိုက်သည်။

'သက်နှင်း'

'. . . . . '

'သက်နှင်းကို ကိုယ်ဘုရားပေါ်မှာ စတွေ့ကတည်းက ချစ်သွားတာ'

'. . . . . '

'သက်နှင်း သက်နှင်း ကိုယ့်ကို စိတ်ဆိုးနေလား'

သက်နှင်းခေါင်းကို ခါလိုက်ရမလား၊ ခေါင်းကိုညိတ်လိုက်ရမလား မသိ။

'ဒီနေ့ ရက်ရာဇာနော် သက်နှင်း စိတ်မဆိုးရဘူး'

'အောင်မာ'

အာကာ့ကို သက်နှင်း မျက်စောင်းထိုးဖြစ်သည်။ လူလည် . . . .။ သက်နှင်း မျက်နှာနည်းနည်းလေး ပြုံးရွှင်လာတာကို ကြည့်ပြီး သက်နှင်းလက်ကို ဖျတ်ခနဲ လာဆုပ်ကိုင်သည်။

'သက်နှင်း'

'. . . . . '

'ကိုယ်အရမ်းချစ်တယ် သက်နှင်းရာ'

'တော်ပါတော့' ဟု သက်နှင်းအော်ပစ် လိုက်ချင်သည်။ သူမ၏ ရင်ပရမ်းပတာ ခုန်လွန်းနေတာကို မသိရှာ့သလား။ 'ချစ်တယ်' ဆိုသောစကားကို အထပ်ထပ်အခါခါ ပြောလို့နေသည်။ အရည်ပျော်လုမတတ် သူမရှိန်းရှိန်း ဖိန်းဖိန်း ဖြစ်နေရတာ မသိလေရော့သလား။ သက်နှင်း သူဆုပ်ကိုင်ထားသော လက်ကိုပြန်မဆွဲမိ၊ မရုန်းမိ။

'သက်နှင်း ဒီနေ့ရက်ရာဇာလေ၊ တစ်ခုခုပြန်ပြောဦးမှပေါ့'

'ဘာမှမဆိုင်ဘူး'

ရှက်ရှက်ဖြင့် သက်နှင်း ထိုသို့ပြောဖြစ်သည်။ တဆိတ် အာကာ ဆိုသော သူလည်လွန်းသည်။ သူမ၏အချစ်တို့ကို မြင်ကုန်သည်ထင့်။

'ဟုတ်တယ် ရက်ရာဇာဆိုတာ ချစ်တယ်တို့ ဘာတို့ ပြန်ပြောရတယ်'

'အောင်မာ . . . . ဘာမှမဆိုင်ဘူး'

ဒီတစ်ခါတော့ သက်နှင်း ရှက်ရှက်ဖြင့် အာကာ့ လက်ထဲမှ သူမလက်ကိုဆွဲကာ ခုံမှထရပ်သည်။

'သက်နှင်း တစ်ခုခုပြောဦးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဗိုက်ဆာပြီ'

မဆီမဆိုင် အမြီးအမောက်မတည့်သော 'ဗိုက်ဆာပြီ' ဆိုသော စကားကို ရှက်ရှက်ဖြင့် ပြောရင်း သူမ မိကြူတို့ ဘက်ကိုလှောက်သည်။

ထိုနေ့။ ထိုနေ့က ကမ္ဘာမှာ အလှဆုံးသော ရှက်ပြုံးကို အာကာမြင်တွေ့ခဲ့ရသည်။

ဤသို့နှင့် အာကာနှင့်သက်နှင်းတို့ ချစ်သူဖြစ်ခဲ့ပြီး နောက်ပိုင်း တဖြည်းဖြည်းနှင့် စိတ်ညစ်ရသူက အာကာ။

သူ့အနေနှင့် သူမ၏ မပြီးဆုံးနိုင်သော အယူသီးမှုနှင့် ရက်ရာဇာ၊ ပြဿဒါးတို့၏ အရေးပါမှုတို့ကို သူမထံမှ မပြီးစီးနိုင်အောင် သင်ကြားရလေသည်။

ပျော်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်း ကောင်းဟု ပြောရမလောက်ပင်။ တစ်ခါတစ်ရံမှ သက်နှင်းသည်သူ့ အတွက် ကလေးတစ်ယောက်လို ချစ်စရာကောင်းသလို အဘွားအိုတစ်ယောက်လို ဖြစ်တောက် ဖြစ်တောက်ဖြင့် စိတ်ပျက်စရာကောင်းသည်။

ပြဿနာ ပထမဆုံးဖြစ်သည့်နေ့က ထီထိုးသောနေ့။

ထိုနေ့က။ ။

ထိုနေ့က 'ထီထိုးရအောင်' ဟု သက်နှင်းအဆိုကြောင့် သက်နှင်း၏ ညွှန်ကြားချက်အတိုင်း နံနက် ၉း၀၀နာရီ တိတိ သူမတို့ အခန်းရှေ့ကို သူ ရောက်သည်။

'အချိန်မှန် ဆရာကြီး ဦးအာကာရောက်ပါပြီ သက်နှင်းရေ'

မိကြူ အာပြဲကြီးဖြင့် သူ့ကို မြင်သည်နှင့် သက်နှင်းကို သတင်းပို့သည်။ တကယ်တော့ ဒီလိုအချိန်မှန်အောင် သူကမန်းကတမ်း အပြေးတစ်ပိုင်း လာခဲ့ရခြင်းဖြစ်သည်။ အပေါက်ဝမှာ ဆီးကြိုနေကျ သူမကို မတွေ့သဖြင့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ရသည်။

'လာပြီ'

ပြောရင်းသူမ လက်ထဲမှာ အရွက် (သစ်ခက်) တချို့ကို ကိုင်ရင်း ထွက်လာသည်။ သူ့ကို မြင်သည်နှင့် သက်နှင်း မျက်နှာအကြီးအကျယ် ပျက်သည်။ သူသူ့ ကိုယ်သူပြန်ကြည့်သည်။ နာရီကိုလည်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည်ကမှ မှားယွင်းခြင်းမရှိ။

'ဘာဖြစ်လို့လဲ သက်နှင်းရဲ့ . . '

မျက်နှာအပျက်ကြီး ပျက်နေသော သက်နှင်းကို သူလှမ်းမေးဖြစ်သည်။

'ဘာဖြစ်ရမှာလဲ မောင်ကလည်း တုံးလိုက်တာ'

ချစ်သူသက်တမ်းမှာ ပြောင်းလဲ ခေါ်ဝေါ်လာခဲ့သော 'မောင်' ဆိုတာက စိတ်တိုနေသော နှုတ်ခမ်းမှ ဆောင့်ဆောင့် အောင့်အောင့်ကြီး ထွက်လာသောအခါ သူ့အနေနှင့် ဘယ်လိုမှ နားဝင်ပီယံမဖြစ်တော့ပေ။

'ဘာလဲ ပြော'

သူလည်း သူမနှင့်အပြိုင်ဒေါသထွက်လာခဲ့သည်။ လေသံမာဖြင့် ပြန်အော် ပစ်လိုက်သည်။

'ဒီနေ့ထီသွားထိုးပါမယ် ဆိုနေမှ'

'အေးလေ မင်းပြောတဲ့ အချိန်အရောက်လာတာပဲ မဟုတ်လား'

'လာပါတယ် ဒါပေမဲ့ အမည်းရောင်ကြီး ဝတ်လာပြီးတော့'

'ကျွတ်'

သူနည်းနည်းတော့ စိတ်ပျက်သွားရသည်။

'ဘာဖြစ်လဲ အမည်းရောင်ဝတ်တော့'

'အမည်းရောင်က လာဘ်ပိတ်တယ်မောင်ရဲ့ ပြန်လဲဖို့ အချိန်လည်း မမီတော့ဘူး၊ ထီက ကိုးနာရီခွဲတိတိမှာ အရှေ့မျက်နှာပြုဖွင့်ထားတဲ စနေနံနဲ့ စတဲ့ ဆိုင်မှာ ထိုးရမှာသွားပါပြီ'

သက်နှင်း၏ စိတ်ပျက်လက်ပျက် ညည်းတွားနေတာကို ကြည့်ရင်းသူပါ ငိုချင်ချင်ကြီး ဖြစ်လို့သွားသည်။ အယူသီးသော သူမကို စိတ်ပျက်စွာကြည့်ရင်း နေမိသည်။ မိကြူနှင့် မေသန္တာကတော့ ဘယ်ပျောက်နေသည်ကိုမသိ။

'ဒီလိုလုပ် မောင် အင်္ကျီတစ်ထည် ဝယ်ပြီးလဲလိုက်နော် မောင်'

'ကျွတ် သက်နှင်းကလဲကွာ ဒီအတိုင်းသွားထိုးတော့ ဘာဖြစ်လဲ ကံအဓိကပဲ သူပေါက်ချင်ပေါက်မှာပဲ'

'မောင်ကလည်း လဲဆိုလဲပေးလိုက်ပြီးရော'

'မင်း အယူသီးလွန်းတယ်နော် သက်နှင်း'

သူစိတ်တိုတိုဖြင့် သက်နှင်းကို 'မင်း' တွေဘာတွေပြောပစ်လိုက်သည်။ သက်နှင်းကလည်း မခေ။



www.burmeseclassic.com

www.burmeseclassic.com



'လဲမလား? မလဲဘူးလား'

'မလဲဘူးကွာ'

'မလဲရင်ပြန်'

'သြော် ရတယ် ပြန်တယ်ကွာ'

တစ်ယောက်တစ်ခွန်း အော်ကြရင်းက သူစိတ်တိုစွာ လှည့်ပြန်ခဲ့သည်။ သိပ်အလျှော့ပေး၍မဖြစ်။ သူမ၏ အသေးအဖွဲ့ကအစ အယူသီးတတ်သော အစွဲကို ရအောင်ချွတ်မည်ဟု သူတွေးသည်။

အဆောင်ပြန်ရောက်တော့ မိကြူတို့ဆီသွားမည်ဟု ထွက်လာသော ရဲလေးနှင့် စောခိုင်က သူ့ကို မျက်လုံးပြူးဖြင့် ကြည့်သည်။

'ဟာ စာရေးဆြာ မြန်လှချည်လား'

'အေးကွာ'

သူထိုမှပြောပြီး အဆောင်ထဲဝင်တော့ နှစ်ကောင်သား ခေါင်းကိုကုတ်ရင်း ကျန်ခဲ့သည်။ သူစိတ်ညစ်လာလျှင် ဘယ်သူနဲ့မှ စကားမပြောတာကို သူတို့ သိသည်။

ခုတင်ပေါ် ပက်လက်လှန်ပြီး 'မှားသွားလား' ဆိုသောမေးခွန်းကို သူ ဖာသာသူပြန်မေး ဖြစ်သည်။

မမှား။ သက်နှင်းမှာ စွဲနေသော ထိုအစွဲတို့ကို သူချွတ်မှရသည်။ 'တန်ရင်ဆေး၊ လွန်ရင်ဘေး' ဆိုသည့်အတိုင်း လိုအပ်တာထက်ပို၍ အယူသီးလာလျှင် ဥပါဒ်ဒဏ်ကြောင့် ဥပါဒ်ဖြစ်မည်စိုးသည်။

သူလည်း သက်နှင်းကို မတွေ့ရလျှင် မနေတတ်သလို သူမကလည်း သူနှင့် မတွေ့လျှင် မနေတတ်ခဲ့ကြ။

ဒီတစ်ခါတော့ အလျှော့မပေး ဟု အာကာ သူစိတ်ကိုသူ တင်းထားသည်။

'အဲဒီလိုပဲ အစကတော့ မိကြူတို့လည်း တစ်ယောက်ကိုတစ်ယောက် ချော့ရင်းနဲ့ ပြီးသွားမယ်ထင်နေတာ၊ တစ်ယောက်တစ်ခွန်း အော်ကြ ဟစ်ကြနဲ့ ဟိုတစ်ယောက်ကပြန်သွားတယ်၊ ဒီတစ်ယောက်ကလည်း အိပ်ရာထဲဝင်အိပ်နေပြီ'

မိကြူ၏စကားဆုံးတော့ မေသန္တာက 'ချစ်လိုက်ကြတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အပြင် မရှိဘူး’ ဟုဆိုသည်။

ရဲလေးနှင့် စောခိုင်ကတစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်းပုခုံးကိုတွန့်သည်။

‘အေးဟ ဟိုကောင့်စိတ်ကိုလည်း ငါတို့သိတယ် ဒီကောင်ကကောက်ခဲတယ် ဟ၊ အဲကောက်ရင်လည်းမလွယ်ဘူး’

‘အမလေး ကျွန်မတို့ မရွှေချောကလည်း ထိုနည်းတူပါတဲ့ရှင်’

စောခိုင်၏အပြောကို မိကြူက ဆတ်ဆတ်ထိမခံ ပြန်ပြောသည်။ သဘောက သူမတို့ သူငယ်ချင်းဘက်ကတော့ ‘စမချော့နိုင်ပေါင်’ ဆိုသည့်သဘော။

‘ကဲပါ သူတို့နှစ်ယောက်ကို စေ့စပ်ပေးမဲ့ ကိစ္စမှာ တော်ကြာ မင်းတို့ပါ ရန်ဖြစ်ပြီး ကောက်နေကြဦးမယ်’

စောခိုင်တို့တစ်ယောက်ကို တစ်ယောက်မကြည်မလင်ဖြစ် တော့မည်ကို ရဲလေးကဝင်တားသည်။ မိကြူက စောခိုင်ကို မျက်စောင်းထိုးဖြစ်အောင်ထိုးလိုက်သေးသည်။

ရဲလေးကပင် စီမံကိန်းရေးဆွဲပြီး အာကာနှင့်သက်နှင်းတို့ကို ဆုံရန်ကိုလုပ်သည်။ ပြန်လည် အဆင်ပြေစေပါစေတော့ဟု။

ရဲလေးနှင့်စောခိုင်တို့ ပြန်သွားကြပြီးနောက် မိကြူနှင့်မေသန္တာက သက်နှင်းဆီရောက်လာကြသည်။

သက်နှင်းက နှုတ်ခမ်းစူတူတူဖြင့် စိတ်တိုနေဆဲ ဖြစ်သည်။ မိကြူနှင့် မေသန္တာတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

‘အပာမ်း မိသက်နှင်း’

‘ဘာလဲ’

မိကြူခေါ်က ညင်သာသလောက် သက်နှင်းပြန်ထူးသံက ဆောင့်ဆောင့်အောင့်အောင့်။ မေသန္တာက ခွီးခနဲ ရယ်သည်။

‘နင်ကလည်းဟယ် စိတ်ဆိုးမနေပါနဲ့တော့၊ သူလည်း တမင်ကြီးရွဲ့ချင် လို့ ဝတ်လာတာမှ မဟုတ်တာ’

‘. . . . . . .’

‘နောက်တစ်ပတ်စနေမှ ထိုးလည်းရတယ်မဟုတ်လား’

‘နေပါစေတော့ မိကြူရာ ငါက အကောင်းပြောလည်း သူက အကောင်းမမြင်ဘူးဟဲ့၊ ငါ့ကိုတောင် ပြောသွားလိုက်သေးတယ်’ အယူလိုးသ



www.burmeseclassic.com

www.burmeseclassic.com



လေး ဘာလေး နဲ့ နေစမ်းပါစေ မခေါ်ဘဲ ထားပစ်လိုက်ဦးမယ်'

'တကယ်လား'

'ကြည့်ထားလေ ငါကဗူးဆို ဖရုံသီးတာမဟုတ်ဘူး၊ ငါကဒီတစ်ခါ စိတ်မဆိုးဘဲ ထားလိုက်ရင် နောက်လည်းရောင့်တတ်နေဦးမှာ'

'ဒါဆို နင်က တကယ်စိတ်မဆိုးဘူး ဆိုပါတော့'

'ဘယ်မဆိုးဘဲ နေမလဲ မိသန္တာရယ် ဆိုးတာပေါ့'

'ငါသဘောပေါက်ပြီ မိသက်နှင်း၊ နင်ကစိတ်ဆိုး အာကာက ချော့ ဟိုး ဟိုး ဟိုး'

မိကြူက သူ့စကားကိုသူ သဘောကျကာ အထက်ပါအတိုင်းရယ်မောသည်။

'မဟုတ်ပါဘူး၊ ငါတကယ်စိတ်တိုတာ၊ နင်တို့စဉ်းစားကြည့်လေ၊ တကယ်ဆို အင်္ကျီလဲ ဝတ်လိုက်လို့ သူဘာဖြစ်သွားမှာမို့လဲ ထီသွားထိုးပါမယ် လို့ သေသေချာချာပြောထားရက်နဲ့ အမည်းရောင်ကြီး ဝတ်လာတယ်၊ လဲခိုင်း တော့လည်း ဂျစ်ကန်ကန်နဲ့ မုန်းဖို့ကောင်းတယ်'

'အဟမ်း အဟမ်း'

'တကယ်ချောင်းဆိုးတာနော် ကြော်ငြာဖြတ်ဝင်တာမဟုတ်ဘူး'

'မုန်းစရာကောင်းတယ်' ဆိုသော သက်နှင်း၏ အပြောကြောင့် မေသန္တာက ချောင်းလုပ်ဆိုးသည်။ ဖြတ်ထိုးဉာဏ်ကောင်းသော မိကြူက နောက်မှ လိုက်ကာ ပြောင်စပ်စပ်ဖြင့် ကြော်ငြာဝင်သည်။

'ငါတို့ကတော့ ချိန်းထားတယ် မနက်ဖြန်တနင်္ဂနွေ ကားသစ်ရုံတင် ထားတယ် သွားမှာ'

'သွားပေါ့'

'ဩော် မိန်းမ ညည်းကမလိုက်ဘူးလား၊ အာကာ့ကိုလည်း ပါအောင် ခေါ်ခဲ့ဖို့ပြောထားတယ်နော် မပြောမရှိနဲ့'

'သူပါလို့ ပိုတောင်မလိုက်ဘူး'

'တကယ်'

'ဆယ်ကယ် ဆယ်ကယ် မယုံရင်ကြည့်ထား'

တကယ့်ကို ရုပ်တည်ကြီးဖြင့် အပီအပြင်ဆိုသော သက်နှင်း၏ စကား ကြောင့်မိကြူက မေသန္တာကို ကြည့်ရင်း သက်ပြင်းကို 'ဟင်း' ခနဲချကာ ခေါင်း ကို လေးတွဲ့စွာခါသည်။ မေသန္တာကလည်း ပုခုံးကို တွန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မိသက်နှင်းရယ်၊ မလုပ်ပါနဲ့ဟဲ့ နင်ကဒီလိုကောက်နေရင် အာကာက ဘယ်နေတတ်တော့မှာလဲ၊ သူ့ခမျာ သနားပါတယ်ဟယ်'

'မသနားနိုင်ပေါင်၊ လူကိုမျက်လုံးပြူးကြီးနဲ့ အယူသီးသလေး ဘာသလေး ပြောသွားတာကျေကို မကျေနပ်ဘူး၊ ဟွန်း တော်တော် မုန်းဖို့ကောင်းတယ်'

'အဟမ်း အဟမ်း'

'ဟဲ့ မိကြူ အဲဒါကြောင့် ပြောတာပေါ့ အအေးမမိအောင် နေပါဆို နေမှ နင်ကတော့လေ'

သက်နှင်းစိတ်တိုနေသလောက် မိကြူနှင့် မေသန္တာကတော့ အခါသင့် တိုင်း ကြော်ငြာဖြတ်ဖြတ်ဝင်သည်။ မိကြူက သက်နှင်းကို ခပ်စွေစွေကြည့်ရင်း ကသူမ ရင်ဘတ်ကို သူမဖိသည်။

'အမလေး မုန်းလိုက်တာ အဲလေ မောလိုက်တာ မေသန္တာရယ်၊ ချောင်း ကလည်း ဆိုးလိုက်တာလွန်ရော'

မိကြူက ပြောင်စပ်စပ်ဖြင့် မေသန္တာကို ပြောသလိုလိုနှင့် သက်နှင်းကို မျက်စပစ်ရင်းက ဆိုသည်။

'မိကြူရယ် ငါကတော့ မနက်ဖြန် မြန်မြန်ရောက်ချင်ပြီ'

'ဘာဖြစ်လို့'

'ရုပ်ရှင်သွားကြည့်မလို့လေ တိုတိုနဲ့'

'သြော် . . . အေးဟုတ်သားပဲ၊ နင်ပြောတာနဲ့ ငါလည်း မနက်ဖြန် မြန်မြန်ရောက်ချင်လာပြီ၊ သိလား'

မေသန္တာနှင့် မိကြူကတော့ အတိုင်အဖောက်ကောင်းကောင်းဖြင့် သက် နှင်းကိုစကြသည်။ အသံကို ဆွဲကာပျစ်ချွဲချွဲ လုပ်ပြောနေကြသည်။

သက်နှင်းရယ်ချင်သော်လည်း မရယ်။ နှုတ်ခမ်းကို ကိုက်ကာ အောင့် ထားလိုက်သည်။ မောင် . . . . . . တကယ့်ကို မုန်းဖို့ကောင်းသည်။ မနက်က မောင်ကသာ အသာတကြည်နှင့် အင်္ကျီခပ်ပေါပေါ တစ်ထည်ဝယ်ကာလဲ လှယ် ဝတ်ဆင်ခဲ့လျှင် ထိုသို့ဖြစ်မည်မဟုတ်။ လူကို ဂျစ်မကန်သင့်ဘဲ ကန်သည်။ သူမ စိတ်အကြာကြီးကောက် ပစ်ဦးမည်ဟု တေးထားလိုက်သည်။

'မောင်က တီရှပ်အမည်းလေးနဲ့ ချောတော့ ချောသား' ဟု ဝင်လာ သော တွေးမိသောအတွေးကို သူမခေါင်းထဲမှ ခါထုတ်ပစ်လိုက်သည်။ သွား စမ်းပါ . . .။ သူမကိုမျက်လုံးပြူးကြီးဖြင့် 'မင်း'တွေ ဘာတွေနှင့် ပြောထား တာ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် မိကြူတို့ပြောသလိုဆို မောင်ကတော့ လိုက်လာမှာပဲ ဖြစ်သည်။ မခေါ်မပြောဘဲ ကောက်ပစ်လိုက်မည်။ နောက်ဆို 'သက်နှင်း' သဘောဟု အရာရာကို လိုက်လျှောနေစေရမည်။

'အမလေး လွမ်းလိုက်တာ အဟမ်း အဟမ်း'

မိကြူက အိပ်ရာဝင်ကို စောင်းချိတ်ခြင်းဖြင့် ကောင်းကောင်းပညာပြ လိုက်သေးသည်။ မိကြူကို သူမ 'ဒိုင်း'ခနဲ မျက်စောင်းထိုးပစ်သည်။ မိကြူက သူမကို လျှာပြန်ထုတ်ပြသည်။

'မိကြူရေ'

'ပြောမိသန္တာ'

'နင်ရော ကောက်ဦးမလား'

'ဘာလဲ'

'ဆံပင်ပြောပါတယ် ဆံပင်၊ ကောက်ကြည့်ရင် ကောင်းမလားလို့၊ ဒါပေမဲ့ မနက်ဖြန်မှ ကိုကို့ကို တိုင်ပင်ရဦးမယ်၊ သူ့သဘော'

မေသန္တာက အမြင်ကတ်စရာ ကောင်းလောက်အောင် ချွဲကာ မိကြူကိုလှမ်းပြောသည်။ သူမကို စနေမှန်း သိပါသည်။

'မကောက်နဲ့ဆို မကောက်ဘူး'

'ကောက်' ဆိုရင်ကော'

'ကောက်မှာပေါ့၊ သူ့သဘောပါဆို'

ပျစ်ချွဲချွဲ အသံများကို သက်နှင်းမကြားလို။ ခေါင်းမြီးခြုံကာ နားကို ပိတ်ထားလိုက်သည်။ မျက်လုံးများ မှိတ်ထားသော်လည်း 'မောင့်' ကို မြင်နေရဆဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



နေရထိုင်ရ တစ်မျိုးကြီးဖြစ်လို့နေသည်။ မနေ့က ဟိုနှစ်ကောင် ပြန်ရောက်ရောက်ချင်း ဒီနေ့ ရုပ်ရှင်သွားကြည့်ကြမည်။ လိုက်ဖြစ်အောင် လိုက်ခဲ့ . . . သူမကိုလည်း ရအောင်ခေါ်ဖို့ ပြောထားပြီးသား ဟုဆိုသည်။

သူ ဘယ်လိုလုပ်ရမှန်းမသိ။ တကယ်လို့ သူလိုက်သွားကာမှ သူမ ကောက်နေခဲ့လျှင်ကော။ ဒါဆိုရင်တော့ သူချော့မိပေလိမ့်မည်။ ထိုအခါ သူ အရှုံးပေးရာ ရောက်မည်။ ချော့လို့ ပျော့သွားလျှင် တော်သေးသည်။ တော်ကြာ ရောင့်တက်ကာ ပိုဆိုးနေမှာ ကြောက်ရသည်။ ဘယ်လို လုပ်ရမည်မသိ။

'မင်း ဘာမှ မလုပ်သေးဘူးလား အာကာ'

'အေးလေ ထ ထ လက်ဖက်ရည်ဆိုင်သွားရအောင်၊ ပြန်လာရင် ရေမိုးချိုး၊ ပြီးတာနဲ့ လစ်ရအောင်'

ရဲလေးနှင့် စောခိုင်က ဘာမှ မဖြစ်သလို ပုံစံဖြင့် ဆိုသည်။

'ငါ လိုက်လာခဲ့မယ်၊ လက်ဖက်ရည်ဆိုင်ကို ပြောတာနော်၊ ရုပ်ရှင်တော့ မလိုက်တော့ဘူး'

' အာ မင်းကလည်း ဘယ်လိုဖြစ်တာလဲ၊ ငါတို့က သေသေချာချာ ချိန်းထားပြီးကာမှ'

ရဲလေးက စိတ်ပျက်လက်ပျက်ဖြင့် ဆိုသည်။ စောခိုင်က 'အေးလေ' ဟု ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ ဆူညံနေကြတာလဲကွ'

အဆောင်သားတွေထဲမှာ အကြီးဆုံး ကိုလှနိုင်က အခန်းဘေးမှ ဖြတ်ရင်း ကမန်းကတန်းအော်သွားသည်။

'အစ်ကိုတို့ရုပ်ရှင်သွားကြမယ်လို့ ပြောလိုက်သေးလား'

အညာသား စိုးမော် ဘယ်အချိန်ကကြားလို့ ဘယ်လို ရောက်နေမှန်းမသိ။

'ကျုပ်တို့ ညီအစ်ကိုလည်း လိုက်မယ်လေဗျာ၊ ပျင်းလွန်းလို့'

'ပျင်းလွန်းလို့ လုပ်ပါ'

'အေးဗျာ ပျင်းလွန်းလို့'

အညာသံ ပေါက်၍ စကားမပီသော စိုးမော်ကို ရဲလေးက စသည်။

'ငါတို့က ချစ်သူတွေနဲ့ သွားကြမှာ၊ မင်းတို့ ညီအစ်ကို လိုက်လာရင် မင်းတို့ ကြောင်နေမှာပေါ့၊ မလိုက်စေချင်လို့မဟုတ်ဘူးနော်'

'ဟာဗျာ၊ ခင်ဗျားတို့ကလည်း ဘော်ဒါတွေအတွက် အပိုမရှာထားဘဲကိုးဗျ'

'အိုး ဒီရှိတာလေးတောင် ကုတ်ကပ်ပြီး ရှာထားရတာဟ'

'ပြီးရောဗျာ၊ ရှိပါစေတော့'

စိုးမော်က စိတ်ပျက်လက်ပျက်ဖြင့် စပ်ဖြီးဖြီးဆိုရင်း အလေးပြုဟန်ပြကာ ထွက်သွားသည်။

'ကဲ ကဲ တီးဆိုင်သွားရအောင် ဆရာသမား ထ'

'ဟိုကစောင့်လေ ငါအမြန်လိုက်ခဲ့မယ်'

ရဲလေးကို ပြောရင်း သူထရပ်သည်။

'အေး ရုပ်ရှင်လည်း လိုက်ရမှာနော်'

ရေချိုးခန်းထဲကို သူအဝင် စောခိုင်က နောက်မှ လိုက်အော်သည်။ သူဘာမှ ပြန်မပြောဖြစ်။

မနေ့က ဖြစ်ပျက်သမျှတွင် သူလွန်သွားသလားဟု ဘယ်နှကြိမ်မြောက်မှန်းမသိ၊ တွေးမိသည်။ တကယ်တော့ သူ့ဘက်က အလျှော့ပေးလိုက်လျှင်လည်းဖြစ်သည်။ သို့သော် ဘာမဟုတ်တာလေးကအစ အယူသီးလွန်းသော သူမ၏ အကျင့်ကိုမကြိုက်၊ ရသလောက် ဖျောက်နိုင်အောင် သူကြိုးစားရမည်။

အစွဲအလန်း ဆိုတာမျိုးက ချက်ချင်းကြီး ချွတ်ပစ်ဖို့က မလွယ်လှ။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေသာ 'ပျက်အစဉ် ပြင်ခဏ'ရမည်၊ သူမက'ပျက်အစဉ် ပြင်မရ' ဆိုသော လူမျိုး။

ခေါင်းကလည်း အင်မတန်မာသည်။ တစ်ခါ စိတ်မဆိုး စိတ်ကောက်ဖူးသည်မို့အခုလိုမျိုးကြီးကျပြန်တော့လည်း သူမနေတတ်။ တင်းလွန်းလျှင်လည်း ပြတ်တတ်သော သဘောရှိသည်။ အဲ လျှော့လိုက်ပြန်လျှင်လည်း သူမ၏ ကုမရသော ကုရခက်မည့်ရောဂါက ရင့်လာမှာ စိုးရသည်။

အခုကိစ္စက သူ့ဘက်မှ တွေးလျှင် သူမှန်သည်။ ဒီလောက် တိုးတက်နေသောခေတ်ကြီးမှာ လိုအပ်တာထက် ပို အယူသီးလွန်းနေသော နှစ်ဆယ်ရာစု သမီးပျိုတစ်ယောက်အဖြစ် သူမကို မမြင်ချင်။

အဝေးသင်ကို သူမ ယူထားသော မေဂျာက Physics။ တကယ့်ကို လက်တွေ့ကျသော သိပ္ပံဘာသာရပ်ကြီး။ သူမကို စောခိုင်လို သရဲကြောက်တတ်သောလူနှင့်သာ တွဲပေးထားလျှင် ပွဲကောင်းသွားမည်ဟု မဆီမဆိုင် တွေးဖြစ်သည်။

'ဟင်း'

စဉ်းစားရင်းဖြင့် သက်ပြင်းမောကို သူချဖြစ်သည်။

ရုပ်ရှင်သွားရန်ကို သူမတို့အခန်းထိ လိုက်သွားမည်။ သူ့အဆိုး မဖြစ်အောင် သူလိုက်လာရက်နှင့် သူမကသာ ဂဂျီဂကြောင် လုပ်လျှင် သူလှည့်ပြန်လာမည်။ ဒီတစ်ရစ်တော့ သူမကို ချစ်လွန်းလို့ သူ လျှော့ပေးလိုက်မည်။

'မိသက်နှင်း မလိုက်လို့ မရဘူးနော်'

'အဝတ်လဲတော့ မရွှေချော'

မိကြူနှင့် မေသန္တာ သက်နှင်းကို အရိပ်တကြည့်ကြည့်နှင့် ဝိုင်း၍ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ သို့သော် သက်နှင်းက တုပ်တုပ်မျှ မလှုပ် သေး။

'အေး ဟိုက လိုက်လာရဲ့သားနဲ့ နင်ကမသွားဘူးဆိုရင် နင်ဖောင်း' မှာ နော်၊ သူမလာရင် သူ့အမှားပေါ့'

'ဟုတ်တယ်၊ နင့်အမှားတော့ မဖြစ်စေနဲ့ သက်နှင်း'



www.burmeseclassic.com

www.burmeseclassic.com



မိကြူနှင့် မေသန္တာက တစ်မျိုးတင်ပြကြပြန်သည်။ တကယ်တမ်းကျ တော့လည်း 'မောင်'နှင့် စိတ်ကောက်နေရသည့် အတွက် အနေရ ထိုင်ရ ခက်လှသည်ကတော့ အမှန်ပင်။ သို့သော် ပြန်ခေါ်ရမှာ ကျပြန်တော့လည်း ရှက်စရာ။ သူမက ဖြီးလိမ်းထား ပြင်ဆင်ထားပြီးကာမှ 'မောင်' မလိုက်လာရင် သွားပြီ။

'သူပဲ လိုက်လာပါစေဦး'

သူမရှက်ရှက်ဖြင့်ဆိုတော့ မိကြူနှင့် မေသန္တာတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဝမ်းသာအားရ လက်မထောင်ကြသည်။

'ဟောတော် ဟိုက လိုက်မလာမှာတော့ မပူနဲ့၊ အာကာက နင့်လို မကောက်တတ်ဘူး'

'အေးလေ'

'ဩော် နင်တို့က ငါ့ဘက်ကမနာဘဲ သူ့ဘက်က နာတယ်ပေါ့'

ခါးထောက်က သူမဆိုတော့ ' မဟုတ်ဘူး' ဟု နှစ်ယောက် ပြုံးစိစိ ဖြင့် ဆိုကြသည်။

'ပြီးကြပြီလားဟေ့'

အောက်ထပ်လှေကား အတက်မှ အော်ရင်းတက်လာသော ရဲလေး၏ အသံကြီးကို ကြားသည်နှင့် သူမတို့သုံးယောက်သား အလုပ်ရှုပ်သွားသည်။

'သွား၊ သွား သက်နှင်း နင်အထဲဝင်၊ ဟိုကောင်ကို ငါတို့ ပညာနည်း နည်းပြလိုက်မယ်၊ သွား အမြန်'

'ပါလာလို့လား'

'ဝင်ပါဆို'

မေသန္တာက ပြောပြောဆိုဆိုဖြင့် သက်နှင်းကို အိပ်ခန်းထဲ တွန်းကာ ဝင်စေသည်။ သူမ ခန်းဆီးစလေးကို မသိမသာဟကာ 'မောင်' ပါမပါကို ချောင်းနေသည်။

'ဟောဗျာ၊ မရွှေချောတို့နှစ်ယောက်ထဲလား၊ ဟိုတစ်ယောက်ကော'

'ဘယ်တစ်ယောက်လဲ '

စောခိုင်၏ အမေးကို မိကြူက ခပ်ဆတ်ဆတ်ပြန်မေးသည်။ အာကာ က အပြစ်လုပ်ထားသော ကလေးတစ်ယောက်လို ခပ်ကုပ်ကုပ်လေးဖြင့် တောင်ကြည့်မြောက်ကြည့်လုပ်နေသည်။

တောင်ရှာ မြောက်ရှာလုပ်နေသော အာကာ့ကို ကြည့်ရင်း သက်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လို့နေသည်။ ဒီလိုကျပြန်တော့လည်း 'မောင်' သည် သနားစရာဟု သူမ တွေးဖြစ်သည်။ သူမ အဝတ်လဲရန် ဗီရိုဆီသို့ အပြေး လေးလှမ်းသည်။ မျက်နှာ ကတော့ ထူပူဆဲ မည်သို့မည်ပုံက စလို့စခေါ်ရမည်မသိ။ အပြင်မှာကတော့ မိကြူနှင့် မေသန္တာက မျက်နှာကို ချီထားဆဲ။

'မရှိဘူးလား'

မျက်နှာငယ်လေးဖြင့် အာကာက အားလျော့စွာ မေးသည်။ ဒီလို ဆို ပြန်တော့ မိကြူတို့က သနားသည်။ မိကြူနှင့် မေသန္တာ တစ်ယောက်မျက်နှာ ကို တစ်ယောက်ကြည့်ကာ မျက်ခုံးပင့်ဖြစ်ကြသည်။ ကြာကြာ ဒုက္ခမပေးရက်။

'အဝတ်လဲနေပါတယ်ရှင်၊ ကျွန်မသွားခေါ်ပေးပါ့မယ်၊ ရေအေးအေး လေး ဘာလေးသောက်ရင်း ခဏစောင့်ပါဦး'

မိကြူက ငေါ့တော့တော့ ဆိုရင်း အိပ်ခန်းဘက်ကို လှမ်းသည်။ အာကာ တစ်ယောက်မှာ ရင်များပင် ဆောင့်ဆောင့်ခုန်လျက်။ သက်နှင်းကို သူစတွေ့ စဉ် အခါကအတိုင်း။

မိကြူက အိပ်ခန်းထဲ မြန်မြန်ဝင်သည်။

'ကောင်မစုတ် ငါပြောတယ်မဟုတ်လား၊ တော်သေးတယ်၊ နင့်အလွန် ဖြစ်တော့မလို့'

'လွန်လည်း မောင်က ခွင့်လွှတ်ပြီးသား'

ပြုံးဖြီးဖြီးဖြင့်ဆိုသော သက်နှင်း၏ စကားကြောင့် မိကြူ အောင့်သက် သက်ကြီး ဖြစ်လို့သွားသည်။ 'စပလိမ်မ'ဟုလည်း မကြားတကြား ရေရွတ်သည်။ သက်နှင်းက မကြားချင်ယောင် ဆောင်နေလိုက်သည်။

သက်နှင်း အဝတ်လဲရင်း ရင်များပင်ခုန်လျက်။ ဘယ်လို စခေါ် လိုက်ရမည်မသိ။ အဝတ်လဲပြီးနောက် သူမ အခန်းအပြင်သို့ထွက်စဉ် ဝိုင်း ကြည့်နေကြသောအကြည့်တို့ကြောင့် ခြေလှမ်းပင် မှားချင်ချင်ဖြစ်သည်။

'ကဲ ကဲ မိသက်နှင်း သော့ခတ်ခဲ့ ငါတို့အောက်က စောင့်မယ်'

မိကြူတို့ လေးယောက်က ခပ်သုပ်သုပ် ဆင်းသွားကြသည်။ အခန်းထဲ မှာ အာကာနှင့် သူမနှစ်ယောက်ထဲ။

အာကာ့အနေနှင့် သူမကို မည်သို့ စခေါ်ရမည်မသိ။ သူမလည်း ထိုနည်းတူပဲဖြစ်မည်။ နှစ်ယောက်ရပ်နေသော နေရာမှမရွေ့ကြ၊ သူမကတော့ လက်နှစ်ဖက်ကို ပွတ်သပ်နေသည်။

'သော့ ရော့'



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကပ်ကပ် ထွက်လာသော အာကာ့အသံကြောင့် သူမ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သို့သော် သူမ စကားပြန်မပြောသေး။ သူမက သော့ အိမ်နှင့် သော့ကို ကိုင်ရင်း အခန်းထဲမှထွက်သည်။ အာကာက နောက်မှနေ၍ လိုက်ထွက်ရသည်။ သူမက သူ့ကို 'ရှိသည်ဟုပင်မထင်' ဆိုသော ပုံစံဖြင့် အခန်းတံခါးကို 'ဂလောက်'ခနဲနေအောင်ပိတ်သည်။ ပြီးနောက် ဘောက် ဆတ် ဘောဆတ်ဖြင့် လှေကားမှဆင်းသည်။

'သက်နှင်း'

'.........'

'သက်နှင်း'

'.........'

အာကာ စိတ်ကို အထူးလျှော့ပြီး သူမကို တမ်းတစွာ ခေါ်သည်။

သူမက မထူး။ သူ စိတ်ပျက်ချင်ချင်ကြီး ဖြစ်လို့သွားသည်။ ဆတ်ခနဲ မီသော သူမလက်ကို ဆွဲလိုက်သည်။ သူမကလက်ကိုမရုန်း။ သို့သော် သူ့ဘက် ကိုတော့ လုံးဝလှည့်မကြည့်။ ကလေးဆိုးကဲ့သို့ လုပ်နေသော သူမကို ရယ်လည်း ရယ်ချင် ဖြစ်သွားရသည်။

'သက်နှင်း မောင့်ကို စိတ်ဆိုးတုန်းလား'

'...........'

'ဒီတစ်ပတ် စနေကျရင် မောင်လာခဲ့မယ်နော်'

'...........'

အဲဒီနေ့ကျရင် အမည်းရောင် လုံးဝ ဝတ်မလာဘူး သိလား၊ မောင့်ဆံပင် အမည်းတွေရယ်၊ မျက်ခုံးမွေး အမည်းတွေကိုအဖြူရောင် ဆိုးခဲ့ဦးမယ်၊ ဟုတ်ပြီလား'

အာကာ့အပြောကြောင့် သူမက ရယ်ချင်ပက်ကျိ ဖြစ်လို့သွားသည်။ သူမ၏ နှုတ်ခမ်းကို သူမ တင်းတင်းစေ့လို့ထားသည်။ သို့သော် မျက်လုံးများကမူ ရယ်လျက်။ ဘယ်လိုမှ ဖုံးဖိထားလို့မရ။ တင်းတင်းကြီးစေ့ထားသော နှုတ် ခမ်းကို ကြည့်ရင်းက အာကာ ရင်ခုန်လွန်း၏။ အာခေါင်များပင် ခြောက်၍ လာသည်။

'ဒီလို စကားပြန်မပြောတဲ့ နှုတ်ခမ်း. . တွေ့မယ်'

စိတ်မှလည်း တေးထားလိုက်သည်။ မြေညီထပ်မှ သူတို့နှစ်ယောက် ထွက်လာတော့ မိကြူနှင့် စောခိုင်က စပ်ဖြဲဖြဲ ကြည့်သည်။ ရဲလေးနှင့် မေသန္တာ



www.burmeseclassic.com

www.burmeseclassic.com



က 'တခွိခွိ'ဖြင့်ပင် ရယ်လိုက်သေးသည်။

'ကိုရဲ'

'ပြော မေ'

'သူများတွေလို ကောက်ကြည့်ချင်တယ်'

'ဟာ မလုပ်လိုက်ပါနဲ့ မချော့တတ်ဘူး'

'ဟာ ကိုရဲကလည်း ဆံပင်ပြောတာ ဆံပင်ကောက်ချင်လို့'

'မကောက်ပါနဲ့ မေရာ'

'ဘာဖြစ်လို့ ဘာလဲ စိတ်ချဘူးလား၊ ဒါမှမဟုတ် ငွေကုန်မှာ စိုးလို့လား ပြော'

'မဟုတ်ပါဘူး စောခိုင်က သရဲကြောက်တတ်လို့'

'ဘာ'

အစပိုင်းတုန်းကတော့ခပ်ဟုတ်ဟုတ်၊ အာကာနှင့် သက်နှင်းတို့ကို စနေကြခြင်းဖြစ်သည်။ နောက်မှ ရဲလေးက 'ထ'ဖောက်သည်။ မေသန္တာမှာ မျက်နှာကြီးနီကာ ရဲလေးကို 'ကဲ ကဲ' ဟု အံကြိတ်ကာ ရဲလေးကို လိုက်ရိုက်သည်။ အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။

အာကာ စကွဲရော ဖွဲ့ရောဖြင့် လိုက်ရယ်ရင်းက ရှူးချင်ယောင်ဆောင်ကာ သူမပခုံးကို ခပ်ဖွဖွလေး ဖက်ဖြစ်သည်။ သို့သော် သူလူလည်ကျတာကို သူမသိပါသည်။ ဆတ်ခနဲ လက်ကိုပုတ်ချကာ မျက်မှောင်ကြီး ကုပ်ကာ အာကာ့ကိုကြည့်သည်။ 'မရှက်ဘူးလား' ဆိုသည့် သဘော။

'ဟဲ ဟဲ'

အာကာက မျက်နှာချိုသွေးကာ စပ်ဖြီးဖြီးဖြင့် ရယ်ပြတော့ မျက်စောင်းထိုးသည်။

တကယ်တော့ ကိုယ့်ချစ်သူ စိတ်ကောက်နေသည်ကို ချော့ရသည်က လည်းအရသာတစ်မျိုးပဲ ဖြစ်သည်။ ရင်ခုန်သံကိုပင် တစ်ဖန်နှုပ်ပျိုနေစေသည်လေ။ အာကာ နည်းနည်းတော့ ပျော်လာသည်။

သမ္မတရုံထဲမှာ ကြည့်ဖြစ်ကြသည်။ ရုပ်ရှင် စပြပါပြီဆိုကတည်းက အာကာ့စိတ်တွေ ရုပ်ရှင်ထဲမှာမရှိ။ သူမ လက်နုနုလေးကို ဆတ်ခနဲ ဆုပ်ကိုင်ခါစက သူမ ခါချသေးသည်။ တင်းကြပ်စွာ လွှတ်မပေးတမ်း ကိုင်ထားတော့မှ (သူ့အထင် အောင့်သက်သက်ဖြင့်) ငြိမ်သက်နေသည်။

လက်စလေးဆုပ်ထားလိုက်ရတော့မှပဲ သူလည်း ရုပ်ရှင်တွင် အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် အာရုံစိုက်နိုင်တော့သည်။ တစ်ချက်ချက် သူမကစိတ်ကောက်နေသည်ကို မေ့မေ့ပြီး သူ့ပခုံးစွန်းဆီ လာလာ၍မှီသည်။ ပြီးနောက် သတိရသွားဟန်ဖြင့် ဆတ်ခနဲခွာ၍သွားသည်။ ထိုသို့ဖြစ်တိုင်း သူ့ရင်မှာ ဟာဟာ၍သွားသည်။

တစ်ကနေ ပြန်စနေရသလိုမျိုး။ သူမနှင့် မသိခဲ့သလိုမျိုး နေနိုင်သော သူမပါပေ။ တစ်ခါတစ်ခါတော့ သူမ ခိုးခိုးကြည့်တာ သူသိသည်။ အမှောင်ထဲမှာ 'လက်ခနဲ' အကြည့်ချင်း ဆုံလိုက်တိုင်း သူမ 'ဖျတ်'ခနဲ လွှဲလွှဲသွားသည်။

ထိုနေ့က ရုပ်ရှင်သာပြီး၍သွားသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်တို့ကို သူကောင်းကောင်းမသိလိုက်။ သူမလည်း ထိုသို့ပဲ ဖြစ်မည်ထင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ကိုယ့် တစ်စိတ်တဲ့"
လွယ်ပါ့မလား?
တစ်ကိုယ်တည်းတောင် စိတ်နှစ်ခုဖြစ်တတ်သေးတယ်ဆိုတော့ . . .
စနေနေ့
ဒီနေ့တော့ အာကာ အစစအရာရာ သတိထားနေရသည်။ ဒီနေ့ စနေနေ့ မဟုတ်လား။ ယခင်အပတ်ကလို သူမ စိတ်ကောက်မသွားအောင် သူသတိထားရမည်။ မပွင့်တပွင့်ဖြင့် မနေ့ကလိုက်မှာခဲ့သော (စကားစ ပြောခဲ့သော) 'သေသေချာချာ ဂရုစိုက်နော်' ဆိုသော အမိန့်မဆန်၊ ရာဇသံမ ကျလေသံ မလျော့မတင်းကို သူပြန်ကြားယောင်နေမိသည်။

ရှပ်အင်္ကျီ အဖြူရောင်ကို အဖြူရောင် စွပ်ကျယ်ခံကာ သူ ဝတ်ဖြစ်သည်။ ပုဆိုးနက်ပြာကို ကိုင်ရင်းမှ သူပြန်ချသည်။ 'နက်ပြာကြီး' ဆိုပြီးမှ ဂျီကျနေလျှင် ခက်မည်။ အစိမ်းရောင် တစ်ထည်ကို ကိုင်ပြီးမှ ပြန်ချသည်။ 'စိမ်း ကားသည်' ဟု ယူဆသွားလျှင် မခက်ပါလား၊ အပြာရောင် မဟန်သေး။ တော် ကြာ ပြာယာခတ်နေဦးမည်။ တွေးမိတွေးရာတွေ တွေးရင်းက သူ့ကိုယ်သူ ရယ် ချင်သွားရသည်။ သူမ၏ အယူသီးမှုက သူ့ထံသို့ပင် ကူးစက်စပြု၍နေပြီ။

နောက်ဆုံး နီညိုရောင် ပုဆိုးလေးကိုပဲ သူဝတ်ဖြစ်သည်။ နာရီကိုလည်း အထူးသတိထားကြည့်ရသေးသည်။ စောရောက်သွားတာက ကိစ္စမရှိ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားပါက ကောက်တော်မူလျှင် စိတ်ညစ်ညစ်ဖြင့် ချော့နေရဦးမည်။ တစ်ခါ သေဖူးပြီမို့ သူပျဉ်ဖိုးကို ကောင်းကောင်းကြီး နားလည်နေပြီ ဖြစ်သည်။ ၈း၄၅ မှာ သူမတို့ အခန်းရှေ့ကို ရောက်တော့ မိကြူနှင့် မေသန္တာက သူ့ကို အထက် အောက်ကြည့်ကာ 'အားမနာ ပါးမနာ' မအောင့်နိုင် မအည်းနိုင် ဟားတိုက်၍ ရယ်ကြသည်။

အာကာ ရှက်ရှက်ဖြင့် မျက်နှာများ နီမြန်းနေရသည်။ ဒီနေ့အဖို့ အာကာသည် ကံမကောင်း။ ရယ်သံများကြောင့် သက်နှင်း အပြင်ထွက်ကြည့် သည်။ သူ့ကိုတွေ့တော့ အထက်အောက် ကြည့်သည်။ ထို့နောက် နာရီကို ကြည့်သည်။ ပြီးမှကျေနပ်သွားဟန်ဖြင့် 'ခဏစောင့်ဦး' ဟု ဆိုရင်းက မီးဖိုခန်းထဲ ဝင်သွားသည်။

သူ ဆက်တီပေါ် ထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် မိကြူနှင့် မေသန္တာ တို့က သူနှင့်မျက်နှာချင်းဆိုင် လာထိုင်ကြပြီး ပြုံးစိစိဖြင့် ထိုင်ကြည့်နေကြသည်။ မိကြူဆိုလျှင် ခုံပေါ် မေးပင်ထောက်ထားလိုက်သေးသည်။ တမင်သက်သက် ဒေါက်ဖြုတ်နေမှန်း သိသော်လည်း အာကာ ရှက်ရှက်ဖြင့်သာ ရယ်နေမိသည်။

'ကော်ဖီနဲ့ ကိတ်မုန့် သုံးဆောင်ပါဦး၊ ဘာမှ မစားခဲ့ဘူး မဟုတ်လား'

သက်နှင်းက မီးဖိုခန်းထဲမှ ဗန်းကလေးကိုင်လျက် ထွက်လာပြီး မေးခွန်းထုတ်သည်။ အာကာ ခေါင်းခါပြမိမလိုလုပ်ပြီးမှ ခေါင်းညိတ်ပြလိုက် သည်။

'အဟမ်း အဟမ်း'

'အကြားအမြင်တွေ ရကုန်ပြီ ထင်တယ်'

မိကြူနှင့် မေသန္တာက တစ်ယောက် တစ်ပေါက်စီ နှိပ်ကွပ်ကြသည်။

'ကဲ မောင့်ကို အစီအစဉ် ပြောပြမယ်နော်'

သက်နှင်းက သူ့ကို ကြည့်ရင်းဆိုသည်။ မိကြူနှင့် မေသန္တာကစလို့ ဝသွားလို့ထင်။ အလိုက်တသိ ထသွားကြသည်။

'ထီက ကိုးနာရီခွဲတိတိမှာ အရှေ့မျက်နှာပြုထားတဲ့ စနေနံနဲ့စတဲ့ ဆိုင် မှာ ထိုးရမှာ၊ ဆိုင်က သက်နှင်းရှာထားပြီးသား၊ မောင်က အဓိကကျတယ်။ သေသေချာချာ နားထောင်နော်မောင်၊ ဆိုင်ကနေ သက်နှင်းက ထီတစ်အုပ်ကို ရွေးပြီးတော့ မောင့်ကိုပေးမယ်။ အိမ်ကယူလာတဲ့ ကံ့ကော်ညွန့်ရယ်၊ ကန်စွန်း ရွက်ရယ်၊ ထောပတ် ဖျန်းထားတဲ့ဟာကို ကိုင်ထားရမယ်။ ပြီးတော့ ပါးစပ်က 'ငါပေါက်ပြီ' လို့ သုံးခါပြောရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မမောနိုင် မပန်းနိုင်သော သက်နှင်းကိုကြည့်ရင်း စားလက်စ ကိတ်မုန့်နှင်သည်။ ကော်ဖီနှင့် မျှောချနေရသည့်ကြားက နောက်ဆုံးပြော သောစကားကြောင့် ပို၍နှင်ရသည်။

'ဘာ ဘယ်လို 'ငါပေါက်ပြီ ' ဆိုတာကို သုံးခါ'

'ဟုတ်တယ်၊ ထီကိုင်ထားတဲ့ လက်ကို မြှောက်ပြီးတော့ ပြောရမှာ'

'ထီ ထီ ကိုင်ထားတဲ့လက်ကိုမြှောက်ပြီးတော့ သက်နှင်းရာ၊ မောင်'

'ဘာလဲ မောင် မလုပ်ချင်တဲ့ သဘောလား'

' မ မဟုတ်ဘူးလေ'

' မဟုတ်ရင်လုပ်ရမယ်၊ ကဲ စားပြီးပြီ မဟုတ်လား၊ လာ သွားကြရ အောင်၊ လာပါ မောင်ရဲ့'

ခြိမ်းခြောက်၍တစ်မျိုး ချော့၍တစ်ဖုံ သူမက လက်ကို ဆွဲသည်။ သူမ၏ လက်ထဲမှ စီးထားသော ကံ့ကော်ညွန့် (သူ့အထင် သစ်ရွက်စည်း) ကြီးကိုကြည့်ကာ စိတ်ပျက်သွားမိသည်။ ထောပတ်ဆီကလည်း ဆွတ်ဖျန်းထား သည်မို့ တစ်စက်ချင်း အောက်ကို 'ပေါက်' ခနဲကျနေသည်။ အင်္ကျီနှင့် ပုဆိုးများ စွန်းကုန်လျှင် ဒုက္ခ။ အခုတော့ သူမ၏ ဘယ်သူ့မှတွက် ချက်ပေးထားခြင်း မဟုတ်သော သူမဘာသာ သူမ တောင်ကြည့်မြောက်ကြည့် တွက်ကြည့်ဖြင့် မတတ်တခေါက် လုပ်ထားသည့် ခွကျကျ အစီအရင်ကို သူလုပ်ရတော့မည်။ မလုပ်ပြန်လျှင်လည်း ဘာမှမဟုတ်တာကို ဂျီကျဦးမည်။ သူ သက်ပြင်းမောကို ချဖြစ်သည်။

သူမကတော့ သူမ အတွေးနှင့်သူမ၊ နှုတ်ခမ်းများက ထရယ်မတတ် ပြုံးနေလိုက်ပုံများ၊ အာကာစိတ်ထဲမှာ သူမကို နားရင်းနှစ်ချက်ခန့် ဆင့်အုပ် ထည့်လိုက်သည်။

ထီဆိုင်၌ လူများကအထူးစည်ကားလှသည်။ (ကတော်ယောင်ယောင် ဘာယောင်ယောင်) သစ်ရွက်စီး (ဟင်းရွက်၊ ကန်စွန်းရွက်စီး) ထောပတ်ဆီ တစက်စက်ကို ကိုင်လျက် စိတ်မသက်မသာဖြင့် ရပ်နေသော သူ့ကိုကြည့် ကာ အချို့က ပြုံးကြသည်။

ထီမထိုးသော်လည်း ထီဆိုင်က လမ်းဘေးမို့ လမ်းသွားလမ်းလာ အချို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သစ်ရွက်စီးကြီးကို ကိုင်ထားသောသူ့ကို ပြုံးစိစိဖြင့် ကြည့်သွားကြသည်။ သူ့မှာ သူတို့အပြုံး၏ အဓိပ္ပာယ်ကို သိနေသဖြင့် ခံရခက်ခက်ဖြင့် ဒေါသထွက်ချင်လာသည်။

ထိုအချိန်၌ သက်နှင်းက ထီတစ်အုပ်ကိုရွေးပြီး သူ့ဆီ လှမ်းပေးသည်။ သူ မသက်တောင့် မသက်သာ စိတ်ပင်ပန်းစွာဖြင့် ဘယ်လက်နှင့် လှမ်းယူလိုက်သည်။ ထို့နောက် ဘာဆက်လုပ်ရမည်ကို သူမေ့နေသည်။ တစ်ခုခု ပြောရမည်ကိုတော့ သူသိသည်။

'မြန်မြန်လေ မောင်'

'နာရီကိုကြည့်ရင်း သက်နှင်း ခပ်လောလောပြောစဉ် အဟုတ်တကယ်ပင်ဘာပြောရမည်ကို သတိမရသေး၊ သက်နှင်းက တမင်ရွဲ့သည်အထင်နှင့် နှုတ်ခမ်းကို အနည်းငယ်စူသည်။ နာရီကိုကြည့်သည်။ သက်နှင်းကိုကြည့်ရင်း သူ ချွေးပျံလာသည်။

' မောင် 'ငါပေါက်ပြီ' သုံးခါလေ'

သက်နှင်းက အံကြိတ်ကာ ဆောင့်ဆောင့် အောင့်အောင့်ဖြင့် အလောတကြီး၊ သူ့အာရုံမှာ လက်ခနဲ၊ ဟုတ်ပြီ၊ ထီကိုင်သော လက်ကိုမြှောက်၍ သူပြောရမည်။

'ငါပေါက်ပြီ'

'ငါပေါက်ပြီ'

'ငါပေါက်ပြီ'

သုံးခါတိတိ ထီအုပ်ကိုင်ထားသောလက်ကိုမြှောက်ကာ မြှောက်ကာဖြင့် သူရွတ်သည်။ အသံကလိုတာထက် အနည်းငယ်ကျယ်သည်မို့ ထီထိုး နေသူအချို့နှင့် လမ်းသွားလမ်းလာအချို့ကကွက်ကြည့်ကွက်ကြည့်၊ တချို့က 'ဟက်' ခနဲရယ်ကြသည်။ တချို့က 'ခွီး'ခနဲ။ မအောင့်နိုင်သူ အချို့က မျက်နှာကြီး နီတွတ်နေသော သူ့ကို လက်ညှိုးထိုးကာ ဗိုက်နှိပ်ရယ်သည်။

တချို့ကတော့ သူ့ကိုယဉ်ယဉ်လေး ရူးနေသည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။

'မထင်ရဘူးနော်'

'သနားပါတယ်'

ဘေးမှ ရွယ်တူ ကောင်မလေးနှစ်ယောက်၏ ကောက်ချက်။ သူ့ရှက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ပို၍မွှန်ထူသွားစေသည်။

သက်နှင်းကိုကြည့်တော့ သူမက လိုတာရသော ကလေးနှယ် ပီတိများပင်ဖြာကာ မိန့်မိန့်ကြီး ပြုံးလျက်။ သူကတော့ ထိုအပြုံးနှင့် သူမကို ကိုင်ဆောင့်ပစ်ချင်နေသည်။

'သွားမယ်လေ'

သူ့အသံက လိုတာထက် ပိုမာသွားနိုင်သည်။ သက်နှင်း မျက်နှာကွက်ခနဲ ပျက်သွားသည်။ သို့သော် အောင်နိုင်သူမို့ ချက်ချင်းမျက်နှာကကြည်လင်ကာ ပြုံးလာသည်။ လုပ်ချင်တာ မှန်သမျှ လုပ်နေရသည်ကိုး။

'ကဲ မင်းရဲ့ သစ်ရွက်စီးကြီးက လွှင့်ပစ်လို့ မရသေးဘူးလား၊ ကိုင်ထားရဦးမှာလား'

'ရပြီမောင် လွှင့်ပစ်တော့'

သူမ၏ စကားအဆုံးမှာ ဆိုင်တစ်ဆိုင်ရှေ့မှ အမှိုက်ပုံးထဲ ထိုကန်စွန်းရွက်၊ ကံ့ကော်ရွက်တို့ကို ဆောင့်ကြီးအောင့်ကြီး အားပါးတရ လွှင့်ပစ်သည်။ ဖြစ်ချင်တော့ အမှိုက်ပုံးထဲကို မရောက်၊ အမှိုက်ပုံးနှုတ်ခမ်းနှင့်ထိကာ ပြန်ကန်ထွက်သည်။ အမှိုက်ပုံးဘေးမှာ 'ဘတ်'ခနဲ။

စိတ်တိုတိုနှင့် မမြင်ယောင်ပြုကာ လှည့်ထွက်ရန်အပြင်။

'ဟော့ ဟော့ ဒါဘာလုပ်တာလဲ'

နောက်မှအော်သံ။ သူ့ကို လားဟု သံသယရှိကြည့်ရန်မလို၊ နောက်လှည့်အကြည့် ခါးထောက်ပြီး ရပ်နေသော စားပွဲထိုးဟု ဂုဏ်ပုဒ်တပ်ကာ ယူဆရမည်ဖြစ်သော စွပ်ကျယ်ညိုညစ်ညစ်နှင့် လူရွယ်။ မျက်နှာက ဖရုံသီးလိုမျိုး။

'ပြန်ကောက်ထည့်ခဲ့'

'အမိန့်ဆန်လိုက်သမှု။ ထိုလေသံက ဒေါသတို့ကို ဆွသည်။ သို့သော် မိမိအမှားမို့ ပြန်ကောက်ကာ အမှိုက်ပုံးထဲရောက်အောင် ဆောင့်ပစ်ထည့်လိုက်လေသည်။ သူမကတော့ ထိုလူကို အားနာပြုံး ပြုံးပြသည်။ သို့သော် ထိုလူက မာနကြီးသည်ထင့်။ ပြန်ပြုံးမပြ။

'စည်း. . . ကမ်းကို မရှိဘူး'

စည်းဆိုတာကို အသံရှည်ဖြင့် ဆွဲပြီးမှ ပျစ်ပျစ်နှစ်နှစ် အော်သံကကပ် ပါလာသေးသည်။ သေချင်စော်နံစေသော နေ့တစ်နေ့ဟု အာကာမှတ်မှတ်ရရ တွေးဖြစ်သည်။

စည်းဝါးတိုက်မထားဘဲ ခပ်တည်တည်ဖြင့် ထခိုက် ထတီးသော



www.burmeseclassic.com

www.burmeseclassic.com



အပေါ် စားတီးဝိုင်း၏ ကပျက်ယပျက်နိုင်သော သံစဉ်တေးသွားလိုမျိုး တော်တော်ကြီးကိုဆိုးသည်။

တော်တန်ရုံသာ ချစ်သော ကောင်မလေးသာဖြစ်ခဲ့ပါမူ သူ'တာ့တာ' လုပ်ပြပြီးလောက်ပေပြီ။

'ဒါ ဝဋ်ကြွေးပဲ အချစ်ရယ်' ဟုသာ အားကုန် ဟစ်အော် ဆိုပစ်လိုက်ချင်သည်။

'မောင် သက်နှင်းတို့ ပေါက်မှာ သေချာတယ် သိလား'

အမယ် လုပ်နေပုံ။ သူ့ကိုယ်သူ ရုပ်တည်ကြီးနှင့် အားရပါးရ ဆိုနေသေးသည်။ နှစ်ချက်လောက်ပင် ဆောင့်ကန်ပစ်ချင်သည်။ တကယ်ဟုတ်တာလည်း မဟုတ်။ သူများတွေလို တကယ်တတ်တာလည်း မဟုတ်ဘဲနှင့် ယောင်ခြောက်ဆယ်။ မပြည့်သောအိုး။

'နော်လို့မောင်၊ သက်နှင်းတို့ ပေါက်မှာ'

'အေး ပေါက်မပေါက်တော့မသိဘူး။ ကြာရင် ဂေါက်မှာတော့ သေချာတယ် သက်နှင်းရာ. . . အဲဒီလို မဟုတ်ကဟုတ်ကတွေ မလုပ်ပါနဲ့တော့ကွာ။ သက်နှင်း တကယ်ဝါသနာပါရင် တကယ် တတ်အောင်သင်ပါလား၊ အခုဟာက သက်နှင်းက ယောင်ခြောက်ဆယ် ဖြစ်နေတယ်'

'မောင်'

သူ့စကားကို တုံ့ပြန်သော သူမ၏ 'မောင်' ဆိုတာကြီးက ဆောင့် အောင့်ခုန်ပေါက်ကာ သူ့နားစည်ကို လာရိုက်ခတ်သည်။ စစ်ကြေညာသော ခရာသံလို။ စူးစူးရှရှ။

'မောင့်ကို သက်နှင်း ဝေဖန်ဖူးလား'

'မဟုတ်ဘူးလေ သက်နှင်းရာ၊ မောင်တို့က သူစိမ်းတွေမှ မဟုတ်ကြတာ၊ ဒီလောက်တော့'

'မောင်၊ မောင့်ကို သက်နှင်းဝေဖန်ဖူးလား 'အဲဒါဖြေ''

'ကျွတ်'

အာကာ စိတ်အပျက်ကြီး ပျက်လာလေပြီ။

သူမက ကီးညှိရခက်သော ဂီတာလို အသံအက်ကြီးနှင့် အာခေါင်ခြစ်ကာ အော်သည်။ ဘေးမှ လူနှစ်ယောက် သုံးယောက်ခန့်က သူမအော်သံကြောင့် လှည့်ကြည့်သွားကြသည်။

သူ့ဘက်က မှားလားဟု သူ့ကိုယ်သူ မေးမိသည်။ သူဆက်ပြောလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်ကောက်ဦးမည်။

'မထွေးနိုင်၊ မမျိုနိုင်' ဆိုတာမျိုး။

'ပစ်ရမှာကလည်း အဆီတဝင်းဝင်း၊

စားရမှာကလည်း သဲတရှပ်ရှပ်' ဆိုတာမျိုး။

အချို့ရည်းစားတွဲတွေ ပြောပြောနေကြသော နှစ်ယောက်တစ်ဘဝ၊ နှစ်ကိုယ့်တစ်စိတ်'ဆိုတာကြီးကိုအာကာဟားတိုက်၍ပင်ရယ်ပစ်လိုက်ချင်သည်။

ဟိုကောင်တွေကို ပြောပြလျှင်လည်း 'ညှို့ယူလေကွာ၊ ညှို့မှပေါ့' ဟု အပြောခံရပေဦးမည်။

နှစ်ယောက် တစ်ဘဝ . . . နှစ်ကိုယ့် တစ်စိတ်တဲ့

လွယ်ပါ့မလား?

တစ်ကိုယ်တည်းတောင် စိတ်နှစ်ခွ ဖြစ်နေသေးတာမျိုး ဆိုတော့။

* * *

www.burmeseclassic.com

'ဟုံ . . . မင်း ညံ့တယ်လို့ ပြောတာတော့ မဟုတ်ဘူးနော်၊ ငါဆို မင်းထက်အရင် ရည်းစားထားတာပဲ၊ တစ်ခါတလေ စိတ်သဘောမတူပေမယ့် လည်း တစ်ယောက်ကို တစ်ယောက် လျှော့ပေးရတဲ့ ကဏ္ဍလေးတွေတော့ ရှိ တာပေါ့၊ တစ်ခါဆို တစ်ခါမှ စိတ်ဆိုးစိတ်ကောက်တာ မရှိဖူးဘူး'

'ငါရောပဲ'

ရဲလေး၏ ရှည်လျား၊ ထွေပြား မနေမနားသော စကားစု၏ အဆုံးတွင် စောခိုင်က ပြီးလွယ်စီးလွယ် 'ငါရောပဲ' ဟုပြောသည်။

'မင်းတို့က ငါ့ကို နှစ်သိမ့်နေတာလား၊ နှပ်ချနေတာလား'

'ရော်'

'ခက်ကုန်ပါပြီကွာ'

ဘုတေးသော သူ၏စကားကို တစ်ယောက်တစ်ပေါက် စိတ်ပျက် လက်ပျက် ဝိုင်း၍ရေရွတ်ကြသည်။

'ငါ့နေရာမှာ ဝင်ကြည့်၊ ဟိုတစ်နေ့က ထီဆိုင်မှာ ဖြစ်တဲ့ ကိစ္စကို၊ ဘယ်လောက်အရှက်ကွဲခဲ့တယ်ထင်လဲ၊ မင်းတို့သာဆို ငါ့လောက်တောင် သည်း ခံနိုင်မှာမဟုတ်ဘူး'

ငါသူနဲ့ အကြေအလည်ကို ဆွေးနွေးပြီးပြီ၊ ဝါသနာ တကယ်ကြီးတယ် ဆိုရင် သင်တန်းလေး ဘာလေးတက်၊ တကယ်တတ်အောင်လုပ်၊ ငါခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခုဟာက လိုင်းပေါင်းစုံ ပူးနေတာကွ၊ ပြီးတော့ ဘာမှမယ်မယ်ရရ လည်း မဟုတ်ဘဲနဲ့ တတ်ယောင်ကား ဖြစ်နေတာ'

သူ့စကားအဆုံးတွင် ရဲလေးက 'သက်ပြင်းမောကိုချသည်။ စောခိုင်က ခေါင်းကို ဘယ်ညာရမ်းသည်။

'အဲဒီတစ်နေ့က ထိကိုစွဆိုရင်လည်း ဘယ်သူ့ဆီမှာမှ မေးထားတာ မဟုတ်ဘူး၊ သူ့ဖာသာသူ လျှောက်တွက် လျှောက်လုပ်တာ၊ သိသိကြီးနဲ့ ခံနေရ တာကွ၊ တကယ်ခံရခက်တယ်'

'အဲဒီတော့မင်းက ဘယ်လိုစိတ်ကူးလဲ'

'အဲဒါကြောင့် ခု မင်းတို့နဲ့တိုင်ပင်တာလေ၊ ငါဘာဆက်လုပ်ရမလဲ ဆိုတာကို'

သူ့စကားကြောင့် စောခိုင်နှင့် ရဲလေးတို့ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကြသည်။ 'ဘယ်လိုလဲ' ဟူ၍။

'မင်း ဖြတ်ပစ်ရလောက်အောင်ကလည်း မင်းက အသေအလဲ ချစ်နေတဲ့ကောင်၊ ရှေ့ဒီအတိုင်းချည်းပဲ ဆက်သွားနေမယ်ဆိုရင်တော့ ရလာ မယ့် ရလဒ်တွေက မကောင်းနိုင်ဘူး'

'လောလောဆယ်တော့ စိတ်ရှည်ရှည်နဲ့ ပြုပြင်ပါဦးကွာ၊ 'ပျက်အစဉ်၊ ပြင်ခဏ' ဆိုတဲ့ ဆိုရိုးစကားလည်း ရှိနေတာပဲ၊ တစ်ခုတော့ရှိတယ်။ အစွဲဆိုတာ မျိုးက 'ခုရေတွင်းတူး၊ ခု ရေကြည်သောက်၊ ချက်ချင်းကြီး ချွတ်နိုင်ဖို့ ခဲယဉ်း တယ်၊ ငါပြောသလို စိတ်ရှည်ရှည်ထားပါ'

ဘာမှ ထူးထူးခြားခြား မရှိလှသော အကြံပြုချက်များကြောင့် သူ စိတ်အညစ်ကြီး ညစ်လို့သွားသည်။ 'ကောက်ရိုးတစ်မျှင် . . . . . . သည်လည်း သူ၏ ဒုက္ခကို ကယ်တင်ခြင်းငှာ မစွမ်း။

'အခု ဘယ်လိုဖြစ်နေလဲဆိုတော့ သက်နှင်းနဲ့ပတ်သက်ပြီး ငါ နင် တင်တင်ကြီးဖြစ်နေတယ်။ မျိုချလို့ကလည်း မရ၊ အန်လို့လည်း မရ၊ 'မထွေးနိုင်၊ မမျိုနိုင်' ဆိုတာမျိုး ဖြစ်နေတယ်'

'အာကာ မင်းဒီလို စမ်းကြည့်ပါလား'

'ဘယ်လိုလဲ'

'သူ ဥပမာ အဲဒီလို အစွဲအလမ်း အယူသီးမှု တစ်ခုခုပြောပြီဆိုရင် မင်းခါးခါးသီးသီးလုပ်ပစ်၊ နောက်ဆို မင်းရှေ့မှာ သိပ်ပြောတော့မှာ မဟုတ်ဘူး'

'အာ စောခိုင်ကလည်း ရှေ့မှာမပြောဘဲ မလုပ်ဘဲ နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာလုပ်နေရင်လည်း မထူးဘူးကွ၊ ဒီကောင်လိုချင်တာက၊ အဲဒီ အယူသီးတဲ့ အယူအဆတွေကို အမြစ်ကနေ နုတ်ပြီးတော့ကို မြေလှန်ပစ်ချင်တာ'

ရဲလေး၏ စကားအဆုံး သူ ခေါင်းညိတ်ဖြစ်သည်။ သို့သော် ဖြစ်နိုင်ဖို့ မလွယ်ကူမှန်းကိုလည်း စိတ်က အလိုလိုသိနေပြန်သည်။

'ဘယ်နည်းနဲ့ပဲ ဘယ်လိုလုပ်လုပ် ချက်ချင်းကြီးကျတော့မဖြစ်နိုင်ဘူး အာကာ'

'အေးကွာ ခက်တာက ဒီရောဂါက တော်တော်ကြီးကို ကုရခက်တဲ့ ရောဂါကွ၊ ရင့်သထက် ရင့်လာရင်တော့ ဒုက္ခမှ ဒုက္ခ အကြီးအကျယ်ပဲ'

စိတ်ညစ်နေရသည့်ကြားထဲ အားပေးသော သကောင့်သားတို့၏ စကားကြောင့် အာကာစိတ်ခတ်ကျချင်ချင်။

သက်နှင်းကို သူ အရမ်းချစ်ပါသည်။ ဖြတ်မရနိုင်တာကတော့အသေအချာပင်။ စောခိုင်ပြောသလို သူမအနေနှင့် အစွဲအလမ်းတစ်ခုခုကို သူ့ရှေ့မှ ပြောမိတိုင်း ခါးခါးသီးသီး လုပ်ပစ်လိုက်ဖို့ကလွဲ၍ သူ့တွင် နည်းလမ်း မရှိသေး။

သူ သက်ပြင်းမောကိုသာ အခါခါချဖြစ်သည်။

ဒုတိယအကြိမ် သက်နှင်းနှင့်သူ ပဋိပက္ခဖြစ်ရသည်မှာ သံပုရာသီးကိစ္စ။ တစ်ရက် သူနှင့်စောခိုင်တို့အပါအဝင် တစ်ဆောင်လုံး လှမ်းထားသမျှ ပုဆိုး၊ အင်္ကျီစသည်တို့ အခိုးခံရသည့်အပြင် သော့ခတ်မထားခဲ့သော သူ၏ အခန်းထဲမှပစ္စည်းအချို့ အခိုးခံလိုက်ရသည်။ ငွေကတော့ လူနှင့်အမြဲထားနေကျမို့ပါမသွား။

ကံဆိုးချင်တော့ တစ်ခါမှ လူ မပြတ်ဖူးသော အဆောင်က ထိုနေ့က လူပြတ်သည်။ စိတ်ညစ်ညစ်နှင့် ရှိတုန်း သူမက ပြဿနာကို သယ်လာခြင်း ဖြစ်သည်။

'ရော့ မောင် သံပုရာသီး'

'အမ် ဘာလုပ်ဖို့လဲ'

'ဟာ ဟိုတစ်နေ့က အခိုးခံရလို့ဆို'

'အေးလေ အဲဒါ ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ မောင်ကလည်း တုံးလိုက်တာ သံပုရာသီးဆောင်ထားတော့ သူခိုး ခိုးလို့ မရဘူးတဲ့'

သူမလှမ်းပေးသော သံပုရာသီးအိတ်ကိုမယူဘဲ သူမကို ခပ်တည်တည်စိုက်ကြည့်ပစ်လိုက်တော့ သူမက နားမလည်သလို၊ အံ့အားသင့်သလို ပြန်ကြည့်သည်။ သူနည်းနည်းတော့ စိတ်ပျော့ချင်ချင် ဖြစ်သွားသည်။ မဖြစ်သေး တစ်ခါတည်း အပြတ်ရှင်းမှရမည်။ ဒါပေမယ့် သိပ်ကြမ်းလို့ကတော့ မရ၊ စိတ်ကောက်နေပြန်ရင်လည်း ဒုက္ခ။

'မောင် ကြားဖူးတာတော့ သံပုရာသီး ဆောင်ထားရင် တို့ဆေးတွေ ဘာတွေမစွမ်းဘူးလို့ပဲ သိထားတာ၊ သက်နှင်းက အမှတ်လွဲနေတယ်'

'ကျွတ် . . . မောင်ကလည်းကွာ၊ တုံးတယ်ပြောတော့ စိတ်တိုဦးမယ်၊ တို့ဆေးသုံးတာ တောင်မရမှတော့ လက်ချည်းသက်သက် ခိုးတဲ့ သူခိုးလောက်ကတော့ အပျော့ပေါ့၊ ရော့ပါ၊ ဆောင်ထား'

'မဆောင်ဘူးကွာ'

သူမပေးသော (ကမ်းပေးသော) သံပုရာသီးအိတ်ထဲက လေထဲမှာပဲ တွဲလောင်းလောင်းလေး၊ သူမလက်ကို ခိုထားသည်။ မျက်နှာချင်းဆိုင် ထိုင်ကာ (ငြင်း)နေသော သူတို့နှစ်ယောက်ကို တချို့က လှည့်လှည့်ကြည့်သည်။ အအေးဆိုင်ထဲမှ Aircon က သူ့ရင်ကို အေးစေနိုင်ခြင်းမရှိ။ သူမမျက်နှာက ပျက်ရုံတင်မက သေး၍သွားသယောင်ယောင် ထင်ရသည်။ ဒီလိုကျပြန်တော့လည်း သူစိတ်မကောင်းရပြန်။

'သက်နှင်းရာ မကြောင်စမ်းပါနဲ့၊ ဒီလို သံပုရာသီးလေး ဆောင်ထားရုံနဲ့ သူခိုးခိုးလို့ မရရင် သော့ဆိုတာ ပေါ်မလာဘူး။ ဟော ညစောင့်တို့ နေ့စောင့်တို့ဆိုတာတွေ ဘယ်လိုတော့မှာလဲ၊ ဆိုင်တွေကအစ အိမ်တွေအဆုံး သူခိုးခိုးလို့ မရအောင် သံပုရာသီးနဲ့မကဘူး၊ သံပုရာပင်ပါ စိုက်ထားကြတော့မှာပေါ့'

'မရိနဲ့နော်'

'. . . ရော်'

လေပြည်လေးနှင့် နှစ်သိမ့်ပြောပြသည့်ကြားက ဒေါထနေသော ကလေး ဆိုး ပုံစံနှင့် သူမကို သူရယ်လည်း ရယ်ချင်သွားရသည်။

'ကဲ ထားလိုက်ပါတော့၊ ဟုတ်ပြီ ဒီနေ့က စပြီး အခုသက်နှင်းပေးလိုက်တဲ့ သံပုရာသီးကိုယူ၊ အဲ ဆောင်ထားလို့ သူခိုးလုံးဝ အခိုးမခံရတော့ပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်း အာမခံလား'

'မသိဘူး၊ လာမပြောနဲ့'

'မောင် ဆိုလိုတာက. .'

'တော်ပြီ၊ ဘာမှ မပြောနဲ့တော့ '

သူမက 'ဝုန်း'ခနဲ ထရပ်ကာ လက်ထဲမှ သံပုရာသီးထုပ်လေးကို ခုံအောက်ရှိ အမှိုက်ခြင်းလေးထဲကို 'ကလုန်း' ခနဲမြည်အောင် ပစ်ထည့်သည်။ ငွေ အမြန်ရှင်းပြီး ဒေါ်စိတ်တိုနောက်သို့ သူအမီလိုက်ရသည်။ ဘေးဝိုင်းက လူများကတော့ မျက်လုံး ရောင်စုံတို့ဖြင့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ လိုက်မီချိန်မှာ သူမ နှုတ်ခမ်းက တင်းတင်းစေ့ထားသည်။ ဒီပုံစံကို သူ အလွတ်ကျက်မိပြီးသား။ သူမ တော်တော်လေး စိတ်ဆိုးနေမယ်ဆိုတာသူ ကောင်းကောင်းသိသည်။

'သက်နှင်း'

'. . . . . . . . . .'

'သက်နှင်းကလည်းကွာ'

'. . . . . . . . . .'

' ကျွတ် '

' ဘာလဲ၊ ဘာ'ကျွတ်'လဲ'

' ဟောဗျာ၊ စွာလှချည်လား'

' အခုမှ သိလား'

သူပြောသမျှကို သူမက ဘုတောသည်။ လေသံက မာမာ၊ ထို့အတူ မျက်နှာကလည်း မာမာ၊ ပခုံးနှစ်ဖက်ကို ကိုင်ကာ ခါရမ်းပစ်ဖို့ကောင်းသည်။

သူမတို့အခန်းသို့ သွားရာ လမ်းထိပ်ရောက်တော့ 'လိုက်မလာနဲ့' ဟု သူမ စိတ်ဆိုးစွာ လှည့်မကြည့်ဘဲ ဆိုသည်။

'သက်နှင်း'

သူ့ခေါ်သံကြောင့် သူမ ခြေလှမ်းတို့ တုန့်ခနဲဖြစ်သည်။

'မောင် သံပုရာသီးပင် ပြန်စိုက်လိုက်ဦးမယ် သိလား'

ချာခနဲ သူမလှည့်ကြည့်သည်။ ရယ်ချင် ပက်ကျိဟန်ကို ထိန်းထားသော်လည်း မပိရိလှ။ ချာခနဲ ပြန်လှည့်ကာ ထွက်သွားသော သူမကိုကြည့်ရင်း သူ 'ဟက်' ခနဲ ရယ်ဖြစ်သည်။

*   *   *



www.burmeseclassic.com

www.burmeseclassic.com



အာ ကာ၏ ခုနစ်အုပ်မြောက် လုံးချင်းထုတ်သည့်နေ့က မှတ်မှတ်ရရ ဖြစ်အောင် သူမကို ရွှေလက်စွပ် မောင်းကွင်းလေး ပေးခဲ့သည်။ လက်စွပ်၏ အတွင်းသားမှာ အာကာထွန်း၏ အတိုကောက်၊ အမှတ်အသားအနေနှင့် AKH ဆိုသော ထွင်းစာလုံးပါသည်။

'ဟာ မောင်ကလည်း ဒီလောက် တန်ကြေးကြီးတာမျိုး သက်နှင်း မလိုချင်ပါဘူး၊ တော်ကြာ နာမည်ရစ စာရေးဆရာဆီမှာ ခြူစားနေတဲ့သူလို့ အပြော မခံနိုင်ဘူး'

သူမကလည်း သူမခံစားချက်ဖြင့် ငြင်းဆန်သည်။

'သက်နှင်း၊ ဒီနေ့ ဘာနေ့လဲဆိုတာကိုရော သက်နှင်းမသိတာလား၊ မေ့နေတာလား'

အာကာ့အမေးကြောင့် သူမ တွေဝေလို့နေသည်။ အာကာ စိတ်ဓာတ်ကျချင်ချင် ဖြစ်သွားရသည်။ ဒီနေ့ဟာ သူမနဲ့ ချစ်သူသက်တမ်း ခုနစ်လတိတိ ပြည့်တဲ့နေ့ဆိုတာ။

'ဟာ ဟုတ်သားပဲ ကြည့်စမ်း၊ သက်နှင်းမေ့နေတာ၊ Sorry နော် မောင်၊ ကြည့်စမ်း မောင်လေ၊ အရမ်းချစ်ဖို့ ကောင်းတယ်'

နဖူးမှာ 'နွေး'ခနဲ၊ ချစ်ဖို့ကောင်းတယ်တဲ့လား။ သူ့နဖူးမှာ 'နွေး'ခနဲ ဖြစ်သွားသလို၊ ရင်ထဲမှာ 'အေး'ခနဲ။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ၊ အဲဒါမောင့်အတွက် အမှတ်တရ'

ပြောပြီး သူမဖာသာ သူမ ရှက်နေလိုက်သေးသည်။ ဒီလိုကျပြန်တော့လည်း သူမသည် တစ်ကမ္ဘာလုံးတွင် ချစ်စရာ အကောင်းဆုံး ဖြစ်လို့နေပြန်သည်။

' Once More '

ရှက်၍ငုံ့နေသော သူမကို ကြည့်ရင်းစတော့ သူမက သူ့ပခုံးကို ခပ်ဖွဖွထုရင်း ရယ်လို့နေသည်။

'ဟော့ နားမကြားဘူးလား'

'. . . . . . . . . . . .'

'တော်တော် ခွျတာတာပဲနော်၊ တစ်ခါတည်းပဲလားကွာ'

'ခွျတာစုဆောင်း သူဌေးလောင်းတဲ့'

'ဘာမှ မဆိုင်ပါလား သက်နှင်းရ'

'ရှားပါးလေ တန်ဖိုးရှိလေလေ မောင်ရဲ့'

'မီးဝေး ချိပ်မာ ဆိုတာကရော'

'ဝေး တစ်သက်သက် ဆိုလား၊ ဘာဆိုလား'

'အဲဒါဆို လာထား'

စကားတောင်စား၏ သမီးကို သူအနမ်းမိုးရွာပစ်လိုက်သည်။ ဉာဏ်နီဉာဏ်နက် များချင်ဦးဟု။

'တော်ပြီကွာ မောင်'

သူမက အသာရုန်းရင်း ဆိုသည်။ ဒီနေ့တော့ ကြုံကြိုက်တုန်း နိုပ်ကွပ်ရမည်ဟု အာကာတွေးသည်။

'သက်နှင်းက Superstatious ဖြစ်လွန်းတော့၊ သက်နှင်းကိုမောင်တစ်ခုမေးမယ်'

'မေးပါ တစ်ခုမကဘူး မေးလို့ရတယ်၊ ဒါပေမယ့် အဲဒီ Superstitious ဆိုတာကြီးတော့ ခေါင်းစဉ်မတပ်နဲ့၊ သက်နှင်းတို့ကရှေးထုံးလည်း မပယ်ဘူး၊ ဈေးသုံးလည်း မလွယ်ဘူး'

သူမက အငြင်းဘက်ကို ဦးတည်၍ စကားပြောသည်။ ဒီနေ့သာချစ်သူသက်တမ်း ခုနစ်လပြည့်တာ မဟုတ်ခဲ့ပါမူ၊ ဤကဲ့သို့လည်း စိတ်ကြည်ကြည်လင်လင် မရှိခဲ့ပါမူ သူတို့နှစ်ယောက်အတွက် ပွဲကြီးပွဲကောင်း ဖြစ်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထားပါ၊ ဒီနေ့က ခုနစ်လပြည့်၊ ချစ်သူသက်တမ်း ခုနစ်လပြည့်၊ အဲ နောက်ပြီးတော့ ကြာသပတေးနေ့လေ၊ ပိုအရေးကြီးတာက ရက်ရာဇာလေ'

'အဲဒီတော့ ဘာဖြစ်လဲ'

သူမကို နှိပ်ကွပ်စ ပြုနေမှန်းသိသဖြင့် သူမက စကားကို ခပ်မာမာပင် ဆိုသည်။ မျက်နှာကို ချိုလို့နေသည်။

'ဟိုဒင်းပေါ့၊ ကြာသပတေးဆိုတော့ ငါး၊ ချစ်သက်တမ်းက ခုနစ်လ ပြည့် ဆိုတော့ ခုနစ်၊ အဲ ငါးနဲ့ ခုနစ်နဲ့ မြှောက်တော့ (သုံးဆယ့်ငါး)၊ ဒီတော့ များများမနမ်းပါဘူး၊ သုံးဆယ့်ငါးခါထဲနမ်းမယ် . . . နော်'

' ဘာပြောတယ်၊ လူလည်မကျနဲ့၊ ဘာမှ မဆိုင်ဘူး'

' ဒီနေ့ ရက်ရာဇာလေ'

' မသိဘူး '

' မလိမ်ရဘူး ငရဲကြီးမယ်'

' ကြီးကြီးပေါ့'

' သိပ်မများဘူးလေ၊ သုံးဆယ့်ငါးခါထဲ'

' လဲသေလိုက်'

' မိန်းမ မရသေးဘူးလေ'

' လူပျိုကြီး ဘဝနဲ့ပဲ သေပေါ့'

' စိတ်ထဲက ရင်ထဲကလာတဲ့ စကားလား'

' ဟုတ်တယ်'

' သေချာလား'

' သိပ်သေချာတာပေါ့'

' ဒါဆို သုံးဆယ့်ငါးခါ'

' မောင်နော်'

အင်းလျားကန်ရေပြင်က သူတို့နှစ်ယောက်ကို ရှုက်ရှက်ဖြင့် မရဲတရဲ ကြည့်သည်။

'အကြွေးထားထားပေးရမှာလား'

'ကောင်းသားပဲ'

သူမ လွတ်ရင်ပြီးရော သဘောဖြင့် ဆိုသည်။ တော်တော် လည်သော ကလေးမပါပေ။

'အင်း အရင်းက သုံးဆယ့်ငါးခါ၊ အတိုးက နေ့ပြန်တိုးနဲ့ဆိုတော့ သုံးခါ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၊ တစ်လဆိုရင် အားပါးပါး အာကာဆိုတဲ့ကောင်တော့မောရချည်သေးရဲ့’

‘မောင်နော် မညစ်ပတ်နဲ့’

‘ဟာဗျာ ဒါဆို အကြွေးမထားနဲ့လေ’

‘ပြန်တော့မယ်’

‘အကြွေးထားမယ်ပေါ့ ’

‘နေ့ပြန်တိုးနော်’

‘သေလိုက်’

‘ရက်ရာဇာကြီးလေ’

‘ပိုကောင်းတာပေါ့’

သူမက ပြန်ချင်သော်လည်း လက်ဆွဲထားသော သူ့ကြောင့် ထိုင်ရမလို၊ ထရမလို ဖြစ်လို့နေသည်။ သူမက ရယ်လည်းရယ်ချင်၊ ရှက်လည်း ရှက်ဖြစ်လို့နေသည်။ သူမ ရှုး သူမ ပတ်သည်ကိုး။

‘ပြန်ပါမယ်ဆို’

‘ပြန်ချင်ရင် အကြွေးဆပ်’

‘ဘယ်တုန်းက ယူထားလို့လဲ’

‘အဲဒီလို မျက်နှာမပြောင်နဲ့လေ ကွယ်’

‘သေလိုက်ပါလား’

‘ OK ဒါပေမယ့် သေခါနီးဆိုတော့ ရိက္ခာတော့ ယူသွားဦးမှ’

‘ တော်ပြီ ပြန်မယ်’

ဒီတစ်ခါတော့ သူမ ဇွတ်ရုန်းထသည်။ ရုတ်တရက် သူကိုင်ထားရာမှ လွတ်ထွက်သွားသည်။ သူမက ခပ်သွက်သွက်ပင် ထကာ အပြန်လမ်းကို ဦးတည်သည်။

‘ဟေ့ နေအုံးလေ၊ ဒီနေ့ ရက်ရာဇာကြီးကို’

‘. . . . . . . . . .’

‘ OK နေ့ပြန်တိုးနော်’

‘. . . . . . . . . .’

‘ဆိတ်ဆိတ်ငြိမ် (နေခြင်း) သည် ဝန်ခံခြင်းဆိုလား၊ ဘာဆိုလား’

‘မောင်နော်၊ နောက်ထပ် ဆက်ပြောရင် မောင်ပေးထားတဲ့ လက်စွပ် ချွတ်ပြီး အင်းလျားကန်ထဲ ပစ်လိုက်မယ်’

‘ မလုပ်ပါနဲ့၊ ပစ်ချင်ရင် ပြဿဒါးကျမှပစ်’



www.burmeseclassic.com

www.burmeseclassic.com



'မောင် မရှိနဲ့နော်'

'ဟောဗျာ '

ငြင်းလိုက် ပြုံးလိုက်နှင့် သူမတို့ တိုက်ခန်းရှေ့ဆီ ရောက်သည်။

'ကဲ မောင်ပြန်တော့မယ်နော်'

'ပြန်သင့်တာ ကြာပြီ'

'သုံးဆယ့်ငါးနော် '

'ဝုန်း '

သူမ တံခါးကို ဆောင့်ပိတ်သွားသည်။ အာကာ အားပါးတရကို ရယ်မောဖြစ်သည်။ နောက်ကြုံတိုင်း ပညာပေးဦးမှပဲဟုလည်း စဉ်းစားမိသည်။ တကယ်တမ်းကျတော့ သူမကို ပညာပေးချင်ခြင်း သက်သက်သာ ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထို နေ့က မနက်ပိုင်းတစ်ပိုင်းလုံး သက်နှင်းအကောင်းကြီးရှိသေးသည်။ အာကာကလည်း အာကာပင် သူမကို ကြံတိုင်းနှိပ်ကွပ်ထားမှုဆိုသော အသိက ဆွ ဆွပေးနေသည်မို့ အမြဲ နှိပ်ကွပ်သည်။ ဥပမာ 'အကြွေး မဆပ်သေးဘူးလား' ဆိုတာမျိုး။ 'အတိုးသတ်ထားဦးလေ' ဆိုတာမျိုး၊ ဒါက သူနှင့် သက်နှင်း နှစ် ယောက်သာ သိသော လျှို့ဝှက်ချက်ဖြစ်သည်။ မိကြူတို့က နင်တို့ ဘာပြော ကြတာလဲ' ဟု သိချင်ဇောဖြင့် မေးနေကြ။ သက်နှင်းကလည်း 'ဘာမှ မဟုတ်ပါ ဘူး၊ သူကြောင်နေတာ' ဟု စကားလွှဲနေကျ။

ထိုနေ့ မနက်ကလည်း သူ့ပါးစပ်က ရုတ်တရက် ထိုစကားအထွက်

'ဟေ့ ကောင်မလေး၊ အတိုးသတ်ထားဦးလေ၊ ဒီကကောင်က အတိုးရော၊ အရင်းပါ အဆုံးမခံနိုင်ဘူးနော်၊ ဆပ်ရင်ဆပ်၊ မဆပ်လို့ကတော့ လူသိမ်းမှာ'

'အမလေး မေသန္တာရေ ငါတို့ သက်နှင်းတော့ ငွေဘယ်လောက်များ ချေးထားလဲမသိဘူး'

'နင်ကလည်း တံုးပါ့၊ ၁၅၀၀ ပဲ နေမှာပေါ့၊ မိရွှေကြူရဲ့'

'အလကားပါဆို၊ နင်တို့ကလည်း၊ သူက စာရေးဆြာလေ၊ တွေးရ ရေးရတာများလို့ ကြောင်နေပြီ၊ နင်တို့ ဘာသိလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကြောင်တယ်ပဲ ထားပါ၊ အကြွေးရစရာ ရှိတာကတော့ မမေ့ရေးချ မမေ့ကြောင်းပါခင်ဗျား'

အဲဒါ မနက်ပိုင်း၊ အဲ နေ့လယ်ပိုင်း ကျပြန်တော့၊ ဒီကောင် အာကာကလည်း အကျင့်ပါနေပြီမို့ 'လွတ်' ဆို ပြောမိပြန်ရော။

'ကလေးမ လကုန်တော့မယ်နော်၊ အတိုး အတိုး'

မျက်နှာပြောင်စပ်စပ်နှင့် ဆိုသောအာကာ့ကို သူမကလည်း ပြုံးစိစိဖြင့် မျက်စောင်းထိုးသည်။

'ဟော့ အဲဒီကိစ္စ ငါတို့သိပြီကွ'

ရုတ်တရက် ထအော်သော ရဲလေးကြောင့် သူမ ခဏမျှကြောင်သွားသည်။ ထို့နောက် မျက်နှာကြီး ရဲတက်လာသည်။ သူ့ခေါင်းထဲမှာ 'သတိ ရှုက်ရန်'ဆိုသော သတိပေး ခေါင်းလောင်းသံ ညံထွက်သွားသည်။

'မောင်'

သူမခေါ်သံက မိုးခြိမ်းသံထက်ပင် ကျယ်လောင် စူးရှလွန်းသည်။

'မဟုတ်ဘူး သက်နှင်း သူတို့'

'ဟကောင်၊ ဘာမှ အာလူးလာဖုတ်မနေနဲ့၊ စောစောကပဲ မင်း တိုးတိုးတိတ်တိတ်ကြိတ်ပြီး ပြောပြသွားတာလေ'

' ဟုတ်ပါ့၊ ဟုတ်ပါ့'

' မောင် '

စောခိုင်၏ ချွန်တွန်းစကားအဆုံး ရဲလေးက အရောက်ပို့ပြန်သည်။ သူမကလည်း ခြိမ်းပြန်သည်။

'ဟော့ကောင်တွေ မဟုတ်ဘဲနဲ့၊ သက်နှင်းမယုံနဲ့'

မျက်နှာကြီး နီနေသော သူမကို တစ်ဖက် စပ်ဖြဲဖြဲဖြင့် ဘာတတ်နိုင်သေးလဲဟူသော ခွေးကောင်များကိုတစ်ဖက် သူ လှည့်ကာ လှည့်ကာ မျက်စိမျက်နှာပျက်ပျက်ပြောသော်လည်း သက်နှင်းကတော့ ရင်နိမ့်ချည် မြင့်ချည်ဖြင့် ဒေါသ ကောင်းကောင်း ထွက်နေလေပြီ။

'ငါတို့ကိုလည်း ပြောပြ'

'လာလာ မိကြူ အပြင်သွားရအောင်'

လှော်ပေးပြီးသည်နှင့် လေးယောက်သာ တဝုန်းဝုန်းဖြင့် ထပြေးသွားကြသည်။ အခန်းအပြင်ဘက်ဆီသို့။

'ဟော့ကောင်တွေ ဟုတ်လည်း မဟုတ်ဘဲနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ ရှုးချင်ယောင်ဆောင်မနေနဲ့'

လိုက်အော်နေသော သူ့ကို သက်နှင်းက အာခေါင်ခြစ်ကာ အထက်ပါအတိုင်းအော်သည်။ ငိုစပင် ပြုနေလေပြီ။ သူ့ရင်၌ ပူရသည်။

'မဟုတ်ပါဘူး သက်နှင်းရ'

'ဘာမဟုတ်တာလဲ၊ သွားပြန်'

သူမ ရှိုက်၍ နေလေပြီ။

'သက်နှင်း'

'ပြန်လို့ ပြောနေတယ်လေ'

'သက်နှင်း မောင်ပြောပြ'

**'ပြန်တော့ '**

ပြောရင်းသူမ အိပ်ခန်းဆီ ပြေးသည်။ အာကာ့မှာ အိပ်ခန်းဆီ လိုက်ပြေးရမှာကလည်း မဟုတ်။ ' ဝုန်း '

တံခါးကို ဆောင့်ပိတ်သည်။ သူကောင်းကောင်း ခေါင်းစားသွားသည်။ တကယ်တမ်းကျတော့ သူဘယ်သူ့ကိုမှ ပြောမပြခဲ့တာ ကျိန်ရဲသည်။

ပြဿနာဖြစ်မှန်းသိတော့မှ တံခါးပေါက်ဝမှာ ပြူတစ်ပြူတစ်လေးတွေဖြင့် မျက်နှာကိုငယ်ယောင်ပြုကာ လေးယောက်သားရပ်နေကြသည်။ သူဒေါသ ထွက်နေပြီမှန်း သိကြသည်ကိုး။

' ကဲ ဟေ့ကောင်တွေ ရှင်း၊ မင်းတို့ ခုရှင်း '

' မင်းကလည်း အေးဆေးပေါ့'

' ဘာကွ၊ ဘာအေးဆေးလဲ၊ ဟိုက ငိုနေပြီ '

' ပြဿဒါးပဲ'

' ဘာကွ မင်းမရိနဲ့နော် ရဲလေး '

' ဟောဗျာ '

သူဒေါသထွက်နေသလောက် လေးယောက်သားမျက်နှာက ပြောင်စိစိနှင့် ပြုံးစပ်စပ် ဖြစ်နေသည်။ ပြုံးစိစိနှင့် ပြောင်စပ်စပ်ဆို သူ ခံသာဦးမယ်။ ခုဟာက လေးယောက်နဲ့ တစ်ယောက်ဆိုတော့။

ထိုနေ့။

ထိုနေ့က ပြက္ခဒိန်ကို မရဲတရဲ လှန်ကြည့်ခဲ့တော့။

အမှန်ပင် ပြဿဒါး ဖြစ်လို့နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အဲ ဒီနေ့ကတော့ အာကာတစ်ယောက် ရေချိုးမှားပြီး ဖျားသည်။ တကယ်တမ်း ရောက်မလာတော့လည်း မနေနိုင်သည်မို့ သူမရန်ဖြစ်ထား သည်ကို ( မမေ့သေးသော်လည်း ) ဘွာခတ်ပြီး ရောက်လာခဲ့သည်။

'ဖျားနေလို့ဆို'

'အင်း '

'ရေချိုးမှားသွားလို့ ဟုတ်လား'

'အင်း'

'သက်သာပြီပေါ့'

'အင်း'

တကယ်တော့ သူမ အနေနှင့် စကားမရှိ စကားရှာ မေးသည့် (ကြင် နာလွန်းလို့ မေးတာလည်း ဖြစ်နိုင်သည်) 'တကယ်ဆို ပါးစပ်က မေးရင်း လက် ကလေးက နဖူးကို စမ်းဦးမှပေါ့' ဟု သူတွေးသည်။

နှစ်ယောက်သား ရပ်နေသည်က ယောကျ်ားလေး ဘော်ဒါဆောင်ရှေ့ မှာမို့သူမက ဘေးဘီကို မကြာခဏကြည့်ကာ ရှက်လို့နေသည်။

'လာလေ ဈေးဘက်သွားရအောင်၊ သွားနိုင်တယ် မဟုတ်လား'

'အင်း'

'ဒါဆို အဝတ်လဲ'



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းဈေးအနီးရှိ ဆိုင်တစ်ဆိုင်မှာ ထိုင်ဖြစ်သည်။ ထောင့်မှ ခုံလေးမှာထိုင်ပြီး နှစ်ယောက်သား စကားမပြောဖြစ်ခဲ့ကြ။ လူကလည်း အတော်လေး ရှင်းသည်။ ( ရှင်းချင်တော့လဲ သူတို့ပဲ၊ 'ဇွတ်' ဟုတော့ မယူဆစေလိုပါ)

'သက်နှင်း'

'ပြော'

'မောင်မလာတော့ သတိမရဘူးလား'

'ရလို့ လိုက်လာတာပေါ့၊ မောင်ကလည်း'

'အတိုးရော၊ အရင်းပါ တွက်လာခဲ့လား'

'အာ အရေးထဲ မောင်က နောက်နေပြန်ပြီ'

'နောက်တာ မဟုတ်ဘူး၊ အတည်ပြောတာ'

'ကျွတ်'

နာလန်ထစ လူမမာ သူ့ကို ကြည့်ရင်း သက်နှင်းက 'ကျွတ်'ဟု စုပ်သပ်ရင်း ရှက်ရှက်ဖြင့် ခေါင်းငုံ့သည်။ သူမ စိတ်ထဲမှာ လူမမာ နာလန်ထစနဲ့လည်း မတူပဲ 'အဟိ' ဟု တွေးကောင်းတွေးနေနိုင်သည်။

ထိုအချိန်မှာပဲ သူမက စဖောက်သည်။ ( ဝက်ရူးပြန်သည်ဟု မယူဆစေလိုပါ။ ထုံးစံအတိုင်း အယူသီးခြင်း (ဝါ) ရှေးထုံးတစ်ခုကို စိတ်ပါလက်ပါ တင်ပြခြင်းဟု မှတ် )

'မောင်'

'ပြော'

'နောက်တစ်ခါ ရေချိုးမမှားအောင်လေ'

'ဘာလဲ ရက်ရာဇာကြည့်ချိုးရမှာလား?'

'ကျွတ် မောင်ကလည်း'

သူမ 'ကျွတ်' ဟု စုပ်သပ်လိုက်ချိန်မှာ စားပွဲထိုးက လှမ်းကြည့်သည်။ နောက်ဆက်တွဲ 'မောင်ကလည်း' ဟုဆိုမှ ရှက်ရှက်ဖြင့် လှည့်ထွက်သည်။ ထိုအ ခါမှ သူ့ကို မခေါ်မှန်းသိလိုက်သည်ကိုး။

'ငါသားရွှေတောင်'

'သိဒယ် သိဒယ် ငါ့သားရွှေတောင်၊ ရေကိုရှောင် အောင်စံဖြိုး ရေချိုးရက်' ဆိုတာကြီးပြောမလို့ မဟုတ်လား'

'သိတယ်ပေါ့၊ သိတယ်ဆိုရင်လည်း'

'သိဒယ် သိလည်း နေ့တိုင်းချိုးတာပဲ၊ ဒါရေချိုးမှားလို့ ဖျားတာ



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးပဲ၊ တစ်သက်လုံး နေ့တိုင်းနီးပါး ချိုးလာတာ ဘာမှမဖြစ်ဖူးဘူး’

ဘာ ဆိုတာကြီးကို ဆွဲပြီး သူမကို တမင် ဆွပေးလိုက်သည်။ ဒါတွေကို အစကတော့ သူမအား ဖော်လိုလိုက်ရန် လေ့လာခဲ့ခြင်း ဖြစ်သည်။ သူယုံလည်း ယုံကြည်ပါသည်။ သို့သော် သူမကို အစွန်းမရောက်ရန်အတွက် သူ ခုတုံးလုပ်ခြင်းဖြစ်သည်။

သူမ အစွန်းရောက်လေ သူနဲ့ ဝေးလေ မဟုတ်လား။

သူ၏ ထော်လော်ကန့်လန့် အပြောကြောင့် သူမက မျက်စောင်းထိုးသည်။ သူ မမြင်ယောင်ပြုနေလိုက်သည်။

သူမ မကြာခဏ သက်ပြင်းချသည်။ နှစ်ယောက်သား ဘာမှ မပြောဖြစ်ကြသေး။

‘သက်နှင်း’

‘. . . . . . . . . . .’

‘သက်နှင်းရာ၊ ရှေးထုံးမပယ်နဲ့ ဆိုသလို ပယ်တာ့ မပယ်ဘူးပေါ့၊ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေးတယ်လေ’

‘. . . . . . . . . .’

‘တန်ဆေး လွန်ဘေးဆိုတာ  သက်နှင်း သိမှာပါ’

‘. . . . . . . . . . .’

‘သက်နှင်း’

‘. . . . . . . . . . .’

သူမ စိတ်ကောက်ပြီဆိုတာ အတွေ့အကြုံအရ သူသိလိုက်ရသည်။ ချော့ရပေဦးမည်ဟု တွေးရင်း သက်မကို ချဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ချင်တာလေ
စွဲပြီးသား အရိုးကို ဒုက္ခပေးချင်တာ မဟုတ်ဘူး။
သူများတွေနဲ့ တူစမ်းပါ ကောင်မလေးရယ်
အစွန်း မရောက်စမ်းပါနဲ့
အစွန်းရောက်တိုင်း လိုက်ညှိပေးရရင်
ဝေးရချည်ရဲ့…။

www.burmeseclassic.com

www.burmeseclassic.com



ယ တြာချေရန် လိုနေသဖြင့် 'ထပ်တရာ' ဝယ်ပေးပါဆို၍သူ 'ထပ်တစ်ရာ' ဝယ်ရန် လှည်းတန်းဈေးဘက်သို့ ဦးတည်သည်။

ဆိုင်ရောက်တော့ ကံကောင်းထောက်မစွာ နှစ်ချပ်တည်းသာကျန်သည်။ ဘယ်နှချပ်ဟု မမှာလိုက်သဖြင့်တော်သေးသည်။ သို့သော် ကျန်နေသော နှစ်ချပ်စလုံးကို သူဝယ်လာခဲ့သည်။

သူတို့ အခန်းပြန်ရောက်ချိန်မှာပဲ သူမက ပြဿနာရှာခဲ့ခြင်းဖြစ် သည်။

'မောင်ကလည်း ကြံကြံဖန်ဖန် ငါးချပ်မှာတာကို နှစ်ချပ်ထဲ ဝယ်လာတယ်'

'အာ သက်နှင်းကလည်း သက်နှင်းပြောတုန်းက ထပ်တစ်ရာပဲမှာလိုက်တာလေ၊ အရေအတွက်မပါဘူး၊ ဒါတောင် နှစ်ချပ်ထဲ ကျန်လို့ နှစ်ချပ်စလုံး ယူလာပေးတာ'

'ငါးချပ်လိုချင်တာ၊ မေ့သွားတယ်'

သူမကခေါင်းကုပ်ရင်းဆိုသည်။ နောက်တစ်ခါ သူ့ကိုသွားခိုင်းရမှာလဲ အားနာဟန်တူသည်။ သူ့အတွေးမှာ လက်ခနဲ တစ်ခုတွေးမိသည်။

'သက်နှင်း ဒီလိုလုပ်ပါလား'

'သူမက 'ဘယ်လိုလဲ' ဟူသော ပုံစံဖြင့် မေးကိုဆတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနှစ်ချပ်ကို ငါးခုဖြစ်အောင် ညှပ်လိုက်ပေါ့'

'ဟာ ဘယ်ရမလဲ မောင်ကလဲ'

' ရတယ်လေ ' ထပ်တရာ' ဖြစ်နေဖို့ရယ် ငါးခုဆိုတဲ့ အရေအတွက် ပြည့်နေဖို့ရယ် ဒါပဲ မဟုတ်လား'

'အာ မဟုတ်ဘူး ငါးခုဆို ငါးခု ပြည့်ပြည့်ဝဝပဲ လုပ်ချင်တယ်၊ ရတယ် သက်နှင်း သွားဝယ်လိုက်မယ်၊ မောင်က နားဦး'

သူတို့နှစ်ယောက် ပြောနေသမျှကို ရဲလေးတို့ လေးယောက်ကတော့ ပွဲကြည့် ပရိသတ်လုပ်ကာ နားထောင်နေကြသည်။ သူမက အခန်းထဲ ဝင်သွားသည်။

'ဟုတ်တယ်ဟ တစ်တက်တည်းလည်းကြက်သွန်ဖြူ တစ်ဥလုံးလည်း ကြက်သွန်ဖြူပဲ'

'ဟုတ်တယ် တစ်ပက်လည်း အရက်ပဲ။ တစ်ပုလင်းလုံးဆိုလည်း အရက်ပဲ'

စောခိုင်၏ ကြက်သွန်ဖြူ ဥပမာကို မိကြူက 'အရက်သမား ဥပမာ ဖြင့် ရွဲ့သည်။ ရွဲ့ပေမည်ပေါ့ စောခိုင်က အခုတလော နေ့တိုင်း အရက်သောက် သည်ဟု ရဲလေးက ချွန်ထားခဲ့သည်ကို . . .

ဒီတော့ အခြေအနေပေးတုန်း မိကြူက ဝင်ဆော်ခြင်းဖြစ်သည်။ စောခိုင်က ရဲလေးကို အံကြိတ်ရင်း ကြည့်သည်။ လက်သီးကို မသိမသာ ဆုပ်ပြ လိုက်သေးသည်။ ဒါကို မိကြူက မြင်ဖြစ်အောင်မြင်သည်။ စောခိုင်၏ ဗိုက် ခေါက်ကို ဆွဲလိမ်သည်။

ထိုအချိန်မှာ သက်နှင်းထွက်လာသည်။

'သက်နှင်း၊ အာကာပြောတာဟုတ်တယ်ဟ၊ တစ်တက်တည်းလည်း ကြက်သွန်ဖြူ တစ်ဥလုံးလည်း ကြက်သွန်ဖြူပဲ၊ အဓိကက ကြက်သွန်ဖြူ ဖြစ်နေဖို့ပဲလေ၊ အဲဒီတော့ တစ်ဖွဲ့တည်းလည်း 'ထပ်တရာ'ပဲ၊ တစ်ချပ်ချင်းလည်း ထပ်တရာပဲ၊ နင် ထပ်တရာကို ဖဲ့ပစ်ခြမ်းပစ်လို့ ထပ်တရာကနေ ပလာတာ ဖြစ်မသွားပါဘူး ဟာ၊ ဟုတ်တယ်ဟုတ်'

'အေးလေ အပင်ပန်း မခံစမ်းပါနဲ့'

မေသန္တာနှင့် မိကြူတို့၏ စကားဆုံးမှာ သက်နှင်းခေတ္တမျှ ငိုင်၍သွား သည်။ သူတို့ ပြောတာ ဟုတ်သလိုလို တော့ရှိသည်။ သူမက ဇွတ်တရွတ် ထွက်သွားပြန်လျှင်လည်း အများနှင့် တစ်ယောက်မို့ သူမမှားရာ ကျပြီးမည်၊



www.burmeseclassic.com

www.burmeseclassic.com



သူမ မမှားဟု သူ့ကိုယ်သူ အားသွင်းသည်။ သို့သော် သက်ပြင်းကို ချသည်။

'အေးလေ ဟုတ်နေတာပဲ နင်တို့ ပြောသလိုပဲ၊ ဖဲ့ညှပ်ပြီးမှပဲ လျှုတော့မယ်'

အလျှော့ပေးကာ ဆိုလိုက်ရသော်လည်း သူမ၏စိတ်တွင် အစာမကြေချင်၊ ဘာပဲပြောပြော ထပ်တရာ ငါးချပ် ပြည့်ပြည့်ဝဝကြီးကိုဝယ်ပြီး ဘယ်သူမှ မသိအောင် နောက်တစ်ခေါက်တော့ လုပ်ဖြစ်အောင်ကို လုပ်ဦးမည်ဟု စိတ်ထဲမှာ တေးသည်။

ယခုတစ်ခါက်ကိုတော့ စိတ်အဆာပြေလေး သူမလုပ်ထားလိုက်မည်။ စတိသဘောပေါ့။

အပြင်ထွက်ရန် ပြင်ပြီးမှ မအီမသာ အခန်းထဲ ပြန်ဝင်ကာ အဝတ်လဲသော သူမကို ကြည့်ကာ အာကာက သက်ပြင်းမောကို ချသည်။ စောခိုင်တို့ကလည်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက်။ သူတို့ စိတ်ထဲမှာ ဤမျှနှင့် အဆုံးသတ်သွားသည်ကို ကြိတ်၍ ကျေးဇူးတင်နေကြသည်။

အခန်းထဲမှ ပြန်ထွက်လာသော သက်နှင်းကတော့ မည်သူ့ကိုမျှ ဂရုမစိုက်အား၊ သူမ လုပ်စရာရှိသည်တို့ကိုသာ အာရုံထားကာ လုပ်လို့သွားသည်။

အာကာကတော့ သက်နှင်းကို မျက်နှာငယ်လေးနှင့်သာ ကြည့်နေရုံမှ တစ်ပါး ဘာမှမတတ်နိုင်ရှာ။ သက်ပြင်းကိုသာ အခါခါချလျက်နှင့်ပင်။

နောက်ထပ် ပြဿနာ ဖြစ်ရသည်က အအေးဆိုင်လေး တစ်ခုမှာ၊ မှန်လုံခန်းမို့ စားသောက်နေသူတို့၏အသံ၊ သီချင်းသံသဲ့သဲ့ စသည်ဖြင့်သာ အခန်းတွင်း အနည်းငယ် တိတ်ဆိတ်သယောင် ရှိနေချိန်၊ လမ်းမဘက်ကြည့်ကာ ပြုလိုက်သော သက်နှင်း၏ အပြုအမူကြောင့် သူအံ့သြသွားရသည်။ သူမ၏ ပိုက်ဆံအိတ်ကို ဆတ်ခနဲထုတ်ကာ တ'ဖုတ်ဖုတ်' ရိုက်လိုက်ခြင်း၊ နှုတ်မှလည်း 'လာဘ်' 'လာဘ်' ဟု ရွတ်လိုက်သေးသည်။

သူနောက်ပြန်လှည့်ကာ ကျောပေးထားသော လမ်းမကိုလှည့်အကြည့် အသုဘပို့သော ကားတစ်သီတစ်တန်းကြီးကို တွေ့လိုက်ရသည်။ သူမ၏ ပိုက်ဆံ အိတ်ကို ကမန်းကတန်းထုတ်ကာ ပုတ်စဉ် ရေသန့်ပုလင်းကို တိုက်မိကာ ပုလင်း လဲသည်။ ရေဗူးက ပိတ်ထားသဖြင့် ရေမစင် မဖိတ်သော်လည်း 'ဂလုန်း' ဟု



www.burmeseclassic.com

www.burmeseclassic.com



သော ပုလင်းလဲကျသံ ကျယ်ကာ အာကာ့နားမှာ မိုးကြိုးပစ်သံလိုမျိုး။

သူမကတော့ ဘာမှ မဖြစ်သည့်အလား ပုလင်းကို ကောက်ထောင်လိုက်ရင်း ဘေးဝိုင်းမှ ပြူးတိပြူးကြောင် ကြည့်နေသူများကို ပြုံးပြလိုက်သေးသည်။ သူမ ပြုံးသော ပုံစံက မိမိဧည့်ခံပွဲကို လာသော ပရိသတ်တွေကို နှုတ်ဆက်သော အပြုံးမျိုး။

'သက်နှင်း စောစောက ပိုက်ဆံအိတ်ကို ဘာလို့ ရိုက်တာလဲ'

အာကာ၏ ခပ်ဆောင့်ဆောင့် အမေးကြောင့် သူမက ငါးခူပြုံး ပြုံးသည်။ ဆရာမကြီးပုံစံမျိုး။ 'အ' ရန်ကောဆိုသော အကြည့်မျိုးဖြင့် အာကာ့ကို ကြည့်သည်။

'လာဘ်ခေါ်တာလေ မောင်ရဲ့၊ အဲဒီလို လမ်းသွားလမ်းလာရင်း ရုတ်တရက် အသုဘနဲ့ကြုံရင် အိတ်ကပ်တို့ ပိုက်ဆံအိတ်တို့ကို 'လာဘ်'လို့ ပြောပြီး ပုတ်ပေးရတာ ငွေရွှင်တယ် မောင်ရဲ့၊ မောင်လည်း နောက်ဆိုမှတ်ထား'

'ဘာပြောတယ်ကွ'

အာကာ့အသံက အတော်လေး ကျယ်လောင်၍ သွားသည်။ ဘေးဝိုင်းတွေ ထုံးစံအတိုင်း ပြူးတိပြူးကြောင် ကြည့်ကြပြန်သည်။ သူမကလည်း စောစောကလို အပြုံးမျိုးဖြင့် မအီမသာ ပြုံးပြပြန်သည်။ သူမ၏ အပြုံးက 'လူလစ်တုန်း လမ်းပေါ်က ဆယ်တန်ကို အကောက် လူမိသလို အမှတ်တမဲ့ ပြုံးမိသော အပြုံး၊ မချိသွားဖြဲဆိုတာမျိုး၊

'တိုးတိုး ပြောပါ မောင်ရဲ့'

သူမက အံကိုကြိတ်၍ ခပ်ဆောင့်ဆောင့်ဆိုသည်။

'မင်း ရူးနေပြီ သက်နှင်း၊ မင်းအဲဒီလို ပိုက်ဆံအိတ်ကို ပုတ်တော့ရော၊ သွားလိုက်တဲ့ မသာက မင်းကိုငွေရှာပေးမယ်တဲ့လား ဟင်'

'မောင်ကလည်း ရှေးထုံး. . . . '

'တော်စမ်း၊ မင်း ရူးနေပြီ'

'မောင် မလွန်နဲ့နော်'

' အရူး '

' မောင် '

အာကာ၏ 'အရူး'ဟူသော စွပ်စွဲလိုက်သည့် စကားလုံး၏အဆုံး သက် နှင်းအော်ထည့်လိုက်သော 'မောင်' ဆိုတာကြီးက စစ်ကြေညာသော ခရာသံလို စူးစူး ရှရှ . . .



www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းက အတန်ငယ်ကျယ်သွားသော သူမ၏အသံကြောင့် ဘေးဝိုင်းတွေကိုမလုံသလို ကြည့်သည်။ ဒီတစ်ခါပြုံးတော့ မပြုံးပြ၊ ဘေးဝိုင်းများကတော့ 'စိတ်ပျက်စရာပဲ' ဟူသော အကြည့်မျိုးဖြင့် ဝိုင်းကြည့်နေကြသည်။

'မင်းလုပ်တာ အဓိပ္ပာယ်မှ မရှိဘဲ၊ မင်းမရှက်ဘူးလား'

'ဘာမှ မဆိုင်ဘူး၊ သူများတွေလည်း လုပ်နေတာပဲ'

နှစ်ယောက်သား အံ့ကြိတ်ကာ အသံတိုး၍ စကားစစ်ဖြစ်နေဆဲ။

'ငါသာဆို ရှက်လွန်းလို့ သေမှာပဲ'

'သေပေါ့'

'မင်း မရိုင်းနဲ့နော်'

'မောင်ကလည်း မရွဲ့နဲ့ပေါ့'

'တောက်'

' အောင် မာ မာ ဟွန်း'

အာကာ 'တက်' ခေါက်သည်ကို သူမက 'အောင်မာမာ' ဟု မခံချိမခံသာ ဆိုသည်။ အာကာ သက်နှင်းကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်မိသည်။ သူမကလည်း ထီမထင်ပုံစံမျိုးဖြင့် ဂရုမစိုက်သလိုလုပ်နေသည်။ အာကာ စိတ်ထဲ မှာ မရိုးမရွကြီး ဖြစ်လို့လာသည်။ 'လင်အရိုက်ခံရတဲ့ မယားဆိုတာ ဒီပုံစံမျိုးပဲ နေမှာ' ဟုလည်း တွေးဖြစ်သည်။

သက်နှင်းကလည်း ဒေါသကို အလိပ်လိုက်ထွက်လို့နေသည်။ 'မယားက ပစ်ခဲ့တယ်ဆိုတာ ဒီလိုလူမျိုးပဲနေမှာ ဇီဇာကို ကြောင်လွန်းတယ်' သူမ စိတ်ထဲမှတွေးဖြစ်သည်။ သူမ သတိထားပါသည်။ မောင့်ရှေ့မှာဆိုလျှင် အရာရာကို။ ဒီကြားထဲ ထိုအသုဘက ဖြတ်သွားတော့ သူမကလည်း အကျင့်ပါနေသည်မို့ လုပ်ဖြစ်သည်။

အဲဒီ 'အသုဘ'ကြောင့်၊ 'သေချင်းဆိုး' ကြောင့်။ သူမစိတ်ထဲမှာ အရာရာကို အလိုမကျတော့။

သေချာတာကတော့ သူမနှင့်အာကာ သုံးရက်ခန့် စကားပြောဖြစ်တော့မည်မထင်၊ အာကာ့ မျက်နှာကို ခပ်တင်းတင်းကြည့်ကာ သူမ၏ မျက်နှာကိုလည်း အသားကုန်တင်းပစ်လိုက်သည်။ အလျှော့ပေးလိုက်မည်ဟုတော့ မထင်နှင့်။ အိပ်မက်တောင် မလျှော့နိုင်၊ သူမ မှန်သည်ပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား'

'ဟား ဟား ဟား'

သကောင့်သားများက အားပါးတရ ရယ်ကြသည်။ သူကတော့ ခေါင်းကိုသာ ခါနေမိသည်။

'မင်းကလည်း မင်းပဲ သူ့ဖာသာသူ ပိုက်ဆံအိတ်ပဲ ပုတ်ပုတ်၊ ဘာပဲ လုပ်လုပ်၊ လွှတ်ပေးလိုက်ပေါ့ကွ၊ နေရာတကာ လိုက်ပြောလွန်းတော့လည်း မရနိုင်ဘူးလေ'

'တော်သေးတာပေါ့ မင်းလက်ကြီးဆွဲပြီး ကူးတို့ထိ မလိုက်လို့၊ မဟုတ်ရင် မင်းတော့ ဒုက္ခ'

စောခိုင်နှင့် ရဲလေးက အရယ်တစ်ပိုင်းဖြင့် ဆိုကြသည်။

'ငါ ဘယ်လို လုပ်ရမှန်းတောင် မသိတော့ဘူး'

'အေး ငါတို့ကလည်း ဘယ်လို အကြံပေးရမှန်းကို မသိတော့ဘူး'

'ဟုတ်တယ်၊ သူတို့နှစ်ယောက်ကို ကြည့်ရင်းနဲ့ မယားစိတ် သားစိတ်ကုန်တယ်၊ ဘယ်နှယ့်ဗျာ၊ ရန်ဖြစ်ပဲ ဖြစ်နိုင်လွန်း'

သုံးယောက်သား တစ်ယောက်တစ်ခွန်းစီ ပြောပြီး ကိုယ်စီ အတွေးများဖြင့် ငြိမ်သက်သွားကြပြန်သည်။

'မင်းတို့လည်း သိနေတာပဲ ပြဿဒါးမို့လို့ အပြင်မထွက်ချင်ရတာနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မကြည့်ချင်ရတာနဲ့၊ ဟိုဟာ မလုပ်ချင်၊ ဒါမလုပ်ချင်၊ ဟော ရက်ရာဇာ ကျပြန်တော့ တစ်မျိုး၊ ကြာရင် သူမရှူးဘဲ ငါရူးတော့မှာ'

'ဟုတ်တယ်နော်'

' ဘာ ဟုတ်တယ်နော်လဲ ငါက အကောင်းပြောနေတာ'

' ဟာ ငါကလည်း အကောင်းဖော်လိုလိုက်ပေးရသေးတယ်'

ရဲလေးက ပြောရင်း ရယ်ပြန်သည်။

' တစ်ခုတော့ ရှိတာပေါ့၊ မင်းကလည်း နည်းနည်းလျှော့၊ သူက နည်းနည်းလျှော့ဆိုရင်တော့ ကောင်းမယ်၊ မင်းလည်း သိနေတာပဲ၊ တင်းလွန်းတော့လည်း ဘယ်အရာမဆို ပြတ်တတ်တဲ့ သဘောရှိတယ်လေ'

'ဟုတ်တယ် တဖြည်းဖြည်းချင်းသွားတာအကောင်းဆုံးပဲ၊ ဘယ်အရာမှ အလျင်လိုလို့မရဘူး၊ မြန်ရင် မြန်တာနဲ့အမျှ အမှားတွေ့မှာပဲ၊ အဲဒါ ထုံးစံ'

စောခိုင်နှင့် ရဲလေးက ရုပ်တည်နှင့် အကြံပြုသည်။ 'အေးကွာ၊ ဟု သက်ပြင်းနှင့် ရောရင်းပြောဖြစ်သည်။

ဟုတ်သည်ပဲလေဟု စိတ်မှာ နှလုံးသွင်းသည်။ အရိုးစွဲနေသော အရာ တစ်ခုကို ဖျောက်ဖျက်ပစ်၍ မရနိုင်သည်က များနေသည်ကိုး။

ရှေ့လျှောက် သူ အတတ်နိုင်ဆုံး သည်းခံရမည်။

သူ့ဘက်ကလျှော့လျှင်တော့ သူမဘက်ကလည်း လျှော့လာမှာပဲ ဖြစ်သည်။

တစ်ဦးနှင့် တစ်ဦး အလျှော့ပေးခြင်းဖြင့် အရာရာကို အဆင်ပြေစေနိုင်သည်။

'သက်နှင်းလောက် အယူသီးတာမျိုးတော့ မတွေ့ဖူးဘူးကွ၊ ဒါပေမယ့် တချို့လည်း အဲဒီလို အယူတော့ ရှိကြတာပဲ၊ ဥပမာ ဈေးဦးပေါက်ဆိုရင် တစ်ခါတလေ အရင်းတောင်မရဘဲ ရောင်းကြတာမျိုးလေ၊ ဈေးဦးလန်မှာကို ကြောက်ကြတာကိုး၊ ငါတော်တော်များများ တွေ့ဖူးတယ် ဈေးဦးပေါက်ကို လျှော့ရောင်းကြတာလေ'

'ဆိုင်မဖွင့်ခင်ကို စောင့်ဝယ်ရမလို ဖြစ်နေပြီ'

ရဲလေး၏ အပြောကို သူရွဲ့လိုက်သည်။ ရဲလေးက 'တကယ်ပြောတာ' ဟုရွတ်သည်။ တကယ်ကျတော့လည်း သူလည်းကြုံဖူးသည်ပဲလေ။

'တချို့ကျတော့ ဗိုက်ကြီးသည် ဈေးဆစ်ရင် လျှော့ပေးကြတယ်။ မလျှော့ရင် လာဘ်ပိတ်တယ်ဆိုပြီးတော့လေ။ အဲဒါမျိုး ငါလည်း ကြုံဖူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လည်း သိချင် သိမှာပေါ့'

စောခိုင်၏ အပြောကို သူရော ရဲလေးပါ ခေါင်းညိတ် ဖြစ်ကြ၏။

'ငါလက်ခံပါတယ်၊ ဥပမာ ပြဿဒါးရက်ကို မင်္ဂလာဆောင်တို့ အလှူတို့ ခရီးထွက်တာတို့ စသဖြင့်ပေါ့ကွာ၊ ကြီးကြီးမားမား လုပ်ငန်းတွေ မလုပ်တာ၊ ငါလက်ခံတယ်၊ အခုဟာက ဘာပဲ ဖြစ်ဖြစ်ကွာ ရုပ်ရှင်ကြည့်တာလေးက အစ ရက်ရာဇာတွေ ပြဿဒါးတွေ လုပ်နေတာကို ငါက မကျေနပ်တာ'

'ငါကိုယ်တိုင်လည်း ရက်ရာဇာမှ ဆံပင်ညှပ်တာတို့ ဘာတို့ရှိတာပဲ၊ လက်ခံသင့်သလောက်ကို လက်ခံပေါ့၊ အခု သက်နှင်းက လွန်ကို လွန်လွန်းတယ်၊ ဗုဒ္ဓဟူးနေ့ဆို လာဘ်ပိတ်မှာစိုးလို့ ခေါင်းမလျှော်ရတာနဲ့၊ လက်သည်း ခြေသည်း မညှပ်ရတာနဲ့။ သူမို့လို့ပဲ အဲဒီလောက် ရှုပ်နေတာတွေ မှတ်သားနိုင်တယ်။ ကွန်ပျူတာတောင် သူ့လောက်မှတ်နိုင်မယ် မထင်ဘူး'

'မင်းကလည်း ရှုတ်ချသလိုလိုနဲ့ ချီးမွမ်းနေပြန်ပြီ'

ရဲလေးက သူ့ကို စသည်။ 'ခွေးကောင်' ဟု စပ်ဖြဲဖြဲဖြစ်နေသော ရဲလေးကို ကြိမ်းဖြစ်သည်။

နောက်ဆုံးတော့ ထုံးစံအတိုင်း သက်ပြင်းကိုပဲချဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



'သူလာတာ နှစ်ခေါက်ရှိပြီပဲ မိသက်နှင်းရဲ့ ပြန်ခေါ်လိုက်ပါတော့'

'အေးလေ . . . နင်မခေါ်ရင် နင့်အမှားနော် မိသက်နှင်း'

'ငါ သိပါတယ်ဟဲ့ ဒီနေ့က ပြဿဒါး၊ မနေ့တုန်းကလည်း ကြားရက်ထဲမှာ မို့လို့ပါ၊ မနက်ဖြန်မှပဲ ခေါ်တော့မယ်၊ မနက်ဖြန် ရက်ရာဇာလေ'

'အမလေးဟယ် အရေးထဲ နင်ကလည်း နင်ပဲ'

'ဟော် ကြည့် နင်တို့က သူ့ဘက်ပါချင်တယ်ပေါ့လေ'

'ပါချင်တာ မဟုတ်ဘူးဟဲ့ နင်ကိုက မပြောလိုက်ချင်ဘူး'

'သွား ကိုယ့်ဖာသာကိုယ်သွားပြော၊ မနက်ဖြန် ရက်ရာဇာမှ လာခဲ့ပါလို့၊ ငါတို့ သွားမပြောပေးနိုင်ဘူး ဒါပဲ'

'ဟုတ်တယ်'

'ဟာ ဘယ်ကောင်းမှာလဲ နင်တို့ကလည်း ငါက နင်တို့ကိုပဲ အားကိုးနေရတာ၊ လိမ္မာပါတယ်ဟာ၊ ကဲ မိသန္တာ သွားပြောပေးဟာ'

' No '

' ရတယ်လေ မိကြူ နင်သွားပြောပေး'

' No No '

' နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ'

'မိကြူတော့ မသိဘူး၊ ငါကတော့ ဒီနေ့ ပြဿဒါးမို့လို့ ကြားနှစ်ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



မဝင်နိုင်ဘူး၊ ညပ်မှာစိုးလို့’

‘ ဟုတ်တယ်၊ မေသန္တာရေ၊ ငါလည်း ဒီအတိုင်းပဲ’

မိကြူရော မေသန္တာပါ ညစ်နေကြမှန်း သူမသိသည်။

သူမထွက်တွေ့ရမှာကလည်း ပြဿဒါးကြီး စိတ်ညစ်ညစ်ဖြင့် ခေါင်းကိုဖွဖြစ်သည်။

‘မိကြူရေ ငါပြန်ပြီဟေ့’

အပြင်မှ မောင့်အသံကိုကြားတော့ သူမငိုချင်သွားရသည်။ ‘ပြန်ပြီတဲ့’ သူမကိုတောင် နှုတ်ဆက်မသွား၊ ‘မိကြူ’တဲ့

‘နေဦး၊ တွေ့မယ်’ ဟု ကြိမ်းဖြစ်သည်။

‘ပြန်ပြီတဲ့၊ ကြားလား မိတက်နင်း’

‘ အေး၊ ကြားသယ် ’

မေသန္တာကို သက်နှင်းက ပြန်ရွဲ့ကာ ခပ်ဆောင့်ဆောင့်ဆိုသည်။ သက်နှင်းကို ကြည့်၍ မိကြူကခေါင်းကို ဘယ်ညာရမ်းသည်။

‘သက်နှင်း နင် သိပ်မတင်းနဲ့နော် ဟိုက အခုဆိုအောင်မြင်စ လူငယ်စာရေးဆရာဆိုတော့ ပရိသတ်ကောင်မလေးတွေက ဝိုင်းချင်ဝိုင်းနေမှာ၊ အာကာ့ရုပ်ရည်မျိုးနဲ့ဆို နောက်တစ်ယောက်က သိပ်ခဲယဉ်းမှာမဟုတ်ဘူး’

‘ဟုတ်တယ် ငါ့ကို ကိုရဲလေးက ပြောတယ်။ အာကာ့တို့ စာအုပ်တိုက ကိုလိပ်မူပြီး ရောက်လာတဲ့ မိတ်ဆက်စာတွေက အများကြီးပဲတဲ့၊ အဲ မိန်းကလေး တွေက ပိုများတယ်တဲ့၊ တစ်ခါ ပြောပြဖူးတယ်’

မိကြူနှင့် မေသန္တာ၏ စကားများက သူမ၏ ရင်ကို ဖိညှစ်လိုက်သလို မွန်းကြပ်သွားစေသည်။

မောင်ကလည်း ကြွားသလိုလို၊ အတည်လိုလိုနှင့် တစ်ခါ ပြောပြဖူးသည်။သူမ စိတ်ကောက်တော့ ‘ထမင်းရှင်တွေပါကွာ’ ဟု ပြောဖူးသည်။ သူမ ရင်ပူ သွားခဲ့သည်ကတော့ အမှန်ပင်။

‘မောင်’

မောင်သည် ထိုက်သင့်သော ဝင်ငွေနှင့် ဂုဏ်ပုဒ်ရှိကာ ချောမောဆွဲဆောင်မှုရှိသော ရုပ်ရည်နှင့် တောင့်တင်းသော ခန္ဓာကိုယ်နှင့် စွဲမက်ဖွယ်လဲဖြစ်သည်။ ထို့အပြင် ချိုသာသော ဆက်ဆံရေးလည်း ရှိသည်။

မောင့်ရင်ထဲမှာ သူမရှိပြီးသားဟာ ဇွတ်မှိတ်ယုံကြည်ထားလို့မရ၊ အခြေအနေဆိုသည်က အချိန်အခါအရ အမြဲပြောင်းလဲနေနိုင်သည်ပဲလေ။



www.burmeseclassic.com

သူမကို မောင်စိတ်ပျက်သွားမှာကိုတော့ သေမလောက်ကြောက် သည်။ မောင့်ကို သူမ စိတ်ကူးနှင့်ပင် မစွန့်လွှတ်နိုင်၊ မောင်သည်သာ အချစ်ဦး၊ အချစ်ဆုံး။

မောင်သာလျှင် သူမ၏ လက်တွဲဖော် ဖြစ်ရမည်။

ဒီကရှေ့ဆို မောင့်ကို အလျှော့ပေး၍ ဆက်ဆံရမည်။ အထူးသဖြင့် အစွဲအလမ်းတွေကို မောင့်ရှေ့မှာ ဘာဆိုဘာမှမလုပ်ဖြစ်အောင် သတိထားရမည်။

'ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ' မောင့်ကွယ်ရာမှာကျမှ လုပ်ချင်တာကို လုပ်မည်။

ဘာပဲပြောပြော မောင့်ကို သူမ ချစ်သည်လေ။

'မောင်'

'ပြော'

'ဓမ္မာ သော က အင်း၀ ရာဇာ အိမ်ထောင်ဘက် အသက် မရှည်ရာတဲ့'

'အင်း'

အာကာစိတ်ညစ်သွားရသည်။ 'အင်း' ဆိုတာကို သူ စိတ်ပျက် လက်ပျက်ကြီး 'အင်း' ပေးလိုက်ရသည်။ အဆင်ပြေတာကမှ နှစ်ရက်နှင့် တစ်ပိုင်း သူမက ဖောက်လာပြီ။

'စိတ်ရှည်ကွ' ဟု သူ့ကိုယ်သူ အားပေးလိုက်သည်။

'မောင်နှင့် သက်နှင်းက အိမ်ထောင်ရန်ဘက်ထဲမှာ မပါဘူးနော်'

'ဒါပေါ့'

'စောခိုင်နဲ့ မိကြူရော၊ ကိုရဲလေးနဲ့ မေသန္တာရော ရန်ဘက်မဟုတ်ကြဘူး၊ ဖူးစာရေးနတ်က တော်တယ်နော်၊ သင့်ရာ သင့်ရာလေးတွေ ရွေးတွဲပေးတတ်တယ်'

'ဒါပေါ့ သက်နှင်းရ ဒီအလုပ်နဲ့ လုပ်စားလာတာကြာပြီဆိုတော့ အံတိုနေပြီပေါ့၊ ဟိုတလောကတောင် အဲဒီမြားနတ်မောင်နဲ့ ဆုံသေးတယ်၊ သွားစိုက်ဆိုင်မှာလေ၊ အံတိုလွန်းလို့တဲ့ လာပြတာ'



www.burmeseclassic.com

www.burmeseclassic.com



'မောင်ကတော့ လုပ်ပြီ'

'တကယ်' 'ဦးသာ စိန်ပန်း ဒါန်းလှကိုရှာ မိတ်ဘက်ဆိုတာကိုတောင် မောင်တောင် သင်ပေးလိုက်သေးတယ်။ သူက ဓမ္မာ သောက အင်းဝ ရာဇာ အိမ်ထောင်ဘက် အသက်မရှည်ရာ ဆိုတာကိုပဲ သိတာလေ'

'ပိုပြီ'

'ကမ္ဘာ့ ရန်ဘက်ဆိုတာ 'ဦးညို ခေမာ သုတ ဝေရီ စီစီ ရန်ဘက်' လို့ သင်ပေးလိုက်သေးတယ်'

'မောင် ရိနေတာတော့ မဟုတ်ပါဘူးနော်'

'စောစောကတော့ ရှယ်ရန်ဘက်ပေါ့၊ သူက ကမ္ဘာ့ရန်ကိုး။ ရိုးရိုးဇွန်း မတပ်တဲ့ ရန်ဘက်က 'ဦး ဝေ စံ ကူး ရေ ဗူး တောသူ ရန်သူ တဲ့'

'မြွားနတ်မောင်က မောင်နဲ့တွေ့တော့ အုံးစားသွားမှာပေါ့'

'ဒါပေါ့ သက်နှင်းနဲ့ မတွေ့လို့ တော်သေးတယ်၊ သက်နှင်းနဲ့သာဆို ရွာသာကြီးကို ရောက်မှာသေချာတယ်'

'သွား'

သက်နှင်းက သူ့လက်မောင်းအိုးကို ခပ်ဖွဖွထုသည်။ အခုတလော သက်နှင်းဘက်က တော်တော်ကြီးလျှော့တာ သူသိသည်။ သူ့ဘက်ကလည်း လျှော့သည်ပဲလေ။

'မောင် သက်နှင်းမသိတာတွေတောင် သိနေတယ်နော်'

'ဘယ်ကလာ သက်နှင်းလောက် မစုံတာ အမှန်ပဲ၊ ဒါတွေက ရှေးထုံး စစ်စစ်တွေ၊ ဒါပေမယ့်'

'ရိပါ ရိပါ'

'ဟောဗျာ မရိပါဘူး၊ အတည်ပြောတာ'

လမ်းလျှောက်ရင်းကငြင်းခုန်လာကြသည်။ နေ့လယ်ဘက်ကြီး။ ထို အချိန်မှာ အသုဘပို့သော ကားတန်းကြီး ဖြတ်၍သွားသည်။ သူက သက်နှင်း ကို ကြည့်သည်။

သက်နှင်းကလည်း သူ့ကိုကြည့်သည်။ သက်နှင်းအကြည့်က လုပ်ချင် သောအရာကို မလုပ်လိုက်ရသဖြင့် အောင့်အည်းထားရသော ပုံစံမျိုး၊ သက်နှင်း ကို ကြည့်ရင်းက သူရယ်ဖြစ်သည်။

သက်နှင်းက 'ဘာရယ်တာလဲ' ဟု သက်ပြင်းချရင်း၊ မျက်စောင်းထိုး ရင်း လူကိုတွန်းရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



'လာဘ်လွဲသွားတယ်ပေါ့၊ ဟုတ်လား ဟား ဟား

အားပါးတရ ရယ်ရင်းပြောသော သူ့စကားကြောင့် သက်နှင်းမျက်နှာ တစ်ခုလုံး နီမြန်းကာ သွားသည်။

အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ခပ်နာနာ ဖိကိုက်ထားသည့် သက်နှင်း။ တစ်မျိုး ချစ်စရာ ကောင်းလို့နေသည်။

' စိတ်မကောက်ရဘူးနော်'

' ကောက်ပါဘူး ဘာဖြစ်လို့လဲ'

' ဒီနေ့ ရက်ရာဇာလေ'

' သေလိုက်ပေါ့'

' ဟောဗျာ ခက်ပြီ'

' တော်ပြီကွာ မောင် တခြားအကြောင်းပဲပြော၊ အဲဒီရက်ရာဇာ အကြောင်းမပြောနဲ့'

' ဟုတ်ပြီ အဲဒီ ရက်ရာဇာအကြောင်း မပြောတော့ဘူး'

' မပြောနဲ့'

' ရက်ရာဇာဆိုတာကို မပြောဘူး '

' မောင်နော် '

ရိုးပါသည်။ သို့သော် နှစ်ယောက်သား ရယ်ဖြစ်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒ္ဒ ပြင်ကပဲရပ်ကာ သူနားထောင်ဖြစ်သည်။ အလုပ်မသွားခင် ပြင်ဆင်နေကြရင်းက သူမက ဆရာလုပ်နေခြင်းဖြစ်သည်။

'ပြောပါဦး မိကြူရဲ့ နင့်အိပ်မက်ကို နေဦး ငါအရင်ပြောမယ် အိပ်မက်မက်တဲ့အချိန် ငါးခုရှိတယ်'

နေ့ခင်းမက်တာ

ပဌမယံမက်တာ

သန်းခေါင်ယံမက်တာ

အဲ မိုးသောက်ယံမက်တာနဲ့

အရုဏ်တက်ချိန်မှာ မက်တာဆိုပြီးတော့ အခု နင့်အိပ်မက်က ဘယ်အချိန်မက်တာလဲ ဘယ်လိုမက်တာလဲ'

'အဲ တော့ နေဦး'

'သူက မိုးသောက်ယံနဲ့ အရုဏ်တက်ချိန်မက်တဲ့ အိပ်မက်ကပဲ အကျိုးအကြောင်းယူလို့ရတာ၊ ကျန်တဲ့အချိန်မက်တဲ့ အိပ်မက်က အလကား မက်တာ ပြောပါဦး ဘယ်အချိန်လဲ'

'ငါ ငါ မမှတ်မိတော့ဘူးဟ'

'ဒါနဲ့များ'

သူမက မကျေမချမ်း ရေရွတ်သည်ကို ကြားရသည်။ နောက်က လိုက်



www.burmeseclassic.com

www.burmeseclassic.com



တက်လာသော စောခိုင်နှင့် ရဲလေး ရောက်လာချေပြီ။

'ပြီးကြပြီလားဟေ့'

ရဲလေးကအသံပြဲကြီးဖြင့် အော်သည်။

'ပြီးပြီ'

အထဲမှ ပြန်အော်သော အသံတွေ လွင့်ထွက်လာသည်။ သူတို့ သုံးယောက် ဧည့်ခန်းမှာဝင်ထိုင်ကြသည်။ ဘေးအိမ်နီးနားချင်း အခန်းတွေက စည်းကမ်းရှိသော သူတို့အားလုံးကို လေးလေးစားစားရှိကြသည်။ သူတို့က လည်း လွတ်လပ်မှုကို မည်သည့်အခါကမှ အလွဲသုံးစားမလုပ်ကြ။

သူမတို့ သုံးယောက် အဆင်သင့်ဖြစ်သည်နှင့် အားလုံး အခန်းထဲမှ ထွက်လာကြသည်။ တံခါးကိုသော့ခတ်သည်။ လမ်းကြုံသော်လည်း ကြုံသလောက်ကိုသာ အတူတူလျှောက်ဖြစ်ကြသည်သာ။

'သက်နှင်း'

'ပြော'

ရဲလေးနှင့် စောခိုင်တို့ အတွဲများက ရှေ့ဆုံးမှ သွားနှင့်ကြသည်။ သူက စချင်နေသည်မို့ သူ့စကားကို အစပျိုးသည်။

'မောင်လေ အိပ်မက်မက်လို့'

သက်နှင်းက ဆတ်ခနဲ သူ့ကို မော့ကြည့်သည်။

'ဘယ်အချိန် မက်တာလဲ'

သူမ ဒါကို မေးလိမ့်မည်ဆိုတာ သူကြိုတွက်ထားပြီးသား'

'အင်း မနက် ငါးနာရီခွဲလောက်'

'ဟင် ဒါဆို အရုဏ်တက်ချိန်ကြီးပေါ့'

'ဒါပေါ့'

သက်နှင်း၏ မျက်လုံးတွေ အရောင်တောက်လို့နေသည်မို့ သူ ရယ်ချင်နေမိသည်။

'ဘာ မက်တာလဲ'

'ဩော် ဟာ ပြောလို့မဖြစ်ဘူး'

' ဘာဖြစ်လို့လဲ'

' မမှတ်မိလို့ အဟဲ'

'. . . . . . . . . . .'

သူမက ထိုအခါမှ စိတ်ဆိုးကာ နှုတ်ခမ်းကိုစူသည်။ သူ့ခြေလှမ်းထက်



www.burmeseclassic.com

www.burmeseclassic.com



မြန်အောင် လျှောက်သည်။ သူကအမီလိုက်သည်။ ရှေးဦးစွာ ရဲလေးတို့အတွဲကို သူတို့ကျော်သည်။ ပြီးနောက် စောခိုင်တို့အတွဲ၊ နှုတ်ခမ်းစူကာ ရှေ့မှ ခပ်သွက်သွက်သွားသောသက်နှင်းနောက် အသည်းအသန် စပ်ဖြီးဖြီးဖြင့် လိုက်နေသော သူ့ကို 'ဘာဖြစ်တာလဲ' ဟု လှမ်းမေးကြသည်။

သူကလည်း လက်ညှိုးကို ကောက်ပြလိုက်သည်။

စိတ်ကောက်နေသည် ပေါ့၊ သူတို့က 'ဖြစ်ရမယ်' ဟု မျက်မှောင်ကုပ်၍ ကြည့်ကြသည်။

'သက်နှင်း'

'. . . . . . . . . .'

တကယ်ကြီးကို သူမ ကောက်သွားပေပြီ။ သူရယ်ချင်ပက်ကျိ ဖြစ်လို့သွားသည်။ ဒေါ်စိတ်တို ကောက်လည်း ကောက်လွန်းသည်။

တကယ်တော့ သူ အိပ်မက် တကယ် မက်ခဲ့ပါသည်။ အချိန်ကလည်း မနက် ၅ နာရီခွဲ အရုဏ်တက်ချိန်ကြီး၊ သက်နှင်းနှင့်သူ အကြီးအကျယ် စကားများကြသည်တဲ့။

သူမကိုတော့ ပြောမပြတော့ပါ။ သူမမှမဟုတ်၊ သူလည်း ကြားဖူးနားဝရှိပါသည်။ အရုဏ်တက်ချိန်မက်သော အိပ်မက်သည် မှန်တတ်သည်ဟု။

စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်နေသည်ကား အမှန်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဆိုတဲ့ ကောင်က
ရှောင်လေ တိုးလေပဲ

မရှောင်ဘဲ ပြေးတွေ့ရင်ကော
အင်း၊ မထူးပါဘူး။
တည့်တည့်ကြီး တိုးတာပေါ့။

ဒါပေမယ့်
ဘယ်နေရာ၊ ဘယ်အချိန်မှာ
ဘယ်လို တွေ့ရမယ်လို့မှ မသိနိုင်တော့
ပြဿနာဆိုတဲ့ ကောင်အတွက်
အကွက် ဆိုက်စမြဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပယ်ဘူး၊ လက်မခံဘူးဟု မည်သို့ပင် ဆိုသော မနက်ခင်းက အိပ်မက်ကြောင့် သူ့စိတ်တွေ သိပ်မကြည်ချင်။

သူမကို ကြည့်တော့ သူမကလည်း ထူးထူးခြားခြား ငြိမ်သက်လို့နေသည်။

အင်လျားကန်စောင်းကလည်း ထူးထူးခြားခြား ဒီနေ့မှ တိတ်ဆိတ်ခြောက်သွေ့လွန်းသည်ဟု သူထင်သည်။

မနက်ခင်းတုန်းက စိတ်ကောက်ထားသော အရှိန်များ မပြေလေသလားဟု တွေးမိတွေးရာ သူတွေးသည်။

သူမ၏ ပခုံးကို ခပ်ဖွဖွဖက်ကာ သူမ၏ခေါင်းကို သူ့ပခုံးစွန်းမှာ မှီစေသည်။ သူမက သက်မဲ့အရုပ်လို တောင့်တောင့်ကြီးမှီထားသည်။

'သက်နှင်း'

'အင်း'

'နေမကောင်းဘူးလား'

'ကောင်း ကောင်းပါတယ်'

သူမကို ကြည့်ရသည်မှာ တစ်ခုခုသေချာပေါက် လွဲချော်နေသည်ဟု သူထင်သည်။

သူမ တစ်ချက်တစ်ချက် သက်ပြင်းရှည်ကြီး ချနေတာကို သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း ဘာကြောင့်များ စိတ်မပျော်ရွှင်ပါလိမ့်ဟု တွေးသည်။ သူဆိုတဲ့ကောင်က အမြဲပျော်ရွှင်နေတတ်သည်လေ။

အင်းလျားကန် ရေပြင်ကို ကြည့်ရင်းက သက်နှင်း၏ ဘယ်လက် သူကြွယ်ကို အမှတ်တမဲ့အကြည့်

'ဟင်'

သူမ ဘယ်လက်ကို ညာလက်ဖြင့် အုပ်မိုးကာ (ရုတ်တရက်) ကိုင်လိုက်သည်။

'သက်နှင်း'

'. . . . . . . . . . .'

'မောင်ပေးထားတဲ့ လက်စွပ်ရော'

'ရှိ ရှိတယ်'

'ဘယ်မှာလဲ'

'ဟို . . .'

'သက်နှင်း'

'. . . . . . . .'

မလိမ်တတ်သော သက်နှင်း၊ အလိမ်မတတ်သော သက်နှင်း မျက်ရည်တွေ ဝေ့ဝဲကာ သူ့ကို အကြောင်သားငေးကြည့်နေသည်။

'ဘယ်ရောက်သွားတာလဲ'

'ပျောက် ပျောက်'

'ဘယ်မှာလဲ'

' ဟို လက်ဆေးရင်းနဲ့ ချောင်နေလို့ ကျွတ်ကျသွားမှာစိုးလို့ ဘေစင်မှာ ချွတ်ချထားတာ၊ အရင်ကလည်း လက်ဆေးရင် ချွတ်ပြီးမှ ဆေးတာ၊ ပြီးတော့ ပြန်စွပ်နေကျ၊ ဒီ ဒီနေ့မှ ဘယ်လိုလုပ်ပြီး မေ့သွားလဲ မသိဘူး'

သွားပြီဟု သူတွေးသည်။ ဝန်ထမ်းပေါင်း ရာချီရှိနေသော ကုမ္ပဏီကြီးက လက်ဆေးဘေစင်မှာ ကျန်ခဲ့သော လက်စွပ်။ ချစ်သူသက်တမ်း ခုနစ်လပြည့်မှာဝယ်ထားပေးသော လက်စွပ်၊ ကောက်ရိုးပုံထဲက အပ်ကမှ ကံကောင်းလျှင်ပြန်တွေ့ဦးမည်။

ခုဟာက . . . . .

'ပြန်မရှာဘူးလား'

'ရှာတယ် ဒါပေမယ့် မတွေ့ဖို့က များတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမဟန်က ဖျော့တော့တော့။ အေးပေါ့လေ။ လက်ဆေးဘေစင်ဆိုတာမျိုးက လူစုံရောက်သောနေရာ။ 'မတွေ့ဖို့ပဲ များပေမည်ပေါ့'ဟု သူတွေးသည်။ နှစ်သိမ့်တွေး၊ သို့သော် နောက်ဆက်တွဲ ပြောလိုက်သော သူမစကားကြောင့် သူ ဒေါသအထွက်ကြီး ထွက်သွားရသည်။ 'ဒီနေ့ တနင်္လာနေ့ကိုး' တဲ့။

'ဘာ သက်နှင်း ဘာပြောတယ်'

' ကျွတ် မောင်ကလည်း ဒီနေ့တနင်္လာနေ့လေမောင်ရဲ့၊ ကြောင်မသားစကားမမှန်တဲ့ တနင်္လာပျောက်တဲ့ ပစ္စည်းက မတွေ့တာများတယ်'

' ဘာ ကွ '

' မအော်ပါနဲ့ '

အမှား အမှန်ကို သူ မခွဲခြားချင်တော့။ ဒါတော့ သူမ လွန်လွန်းပြီဟု သူတွေးသည်။ ဒေါသက ခန္ဓာကိုယ်တစ်ခုလုံးမှာ ဝုန်းဒိုင်းကြဲလို့နေသည်။

'သက်နှင်းရာ မင်းနည်းနည်းလေးတောင် ရှာမကြည့်ဘူးလားကွာ'

'ရှာတော့ ရှာတာပဲ၊ ဒါပေမယ့် တွေ့မှာမှ မဟုတ်တာ'

'သက်နှင်း'

သူ့အသံက ကျယ်လောင်လွန်းသည်။ မတတ်နိုင်၊ ဘေးက ဖြတ်သွားသော အတွဲက လှည့်ကြည့်သွားသည်။

'မင်း တအားအစွန်းရောက်လွန်းနေပြီ'

'မောင် အော်မပြောနဲ့နော် '

'ဟာ ငါမအော်သင့်ဘူးလား'

'မအော်သင့်ဘူး၊ လက်စွပ်ငါးမူးသားတစ်ကွင်း ဘယ်လောက် ရှိမှာမို့လဲ၊ အခုသွားဝယ်လို့ ရတယ်'

'သက်နှင်း'

မျက်နှာမော့ထားသော အချစ်ရဆုံးသောသူ့ရှေ့မှ ကောင်မလေး သည် သူနှင့် ယူဇနာပေါင်းများစွာ ဝေးသွားသလိုမျိုး ခံစားလိုက်ရသည်။

သူမစိတ်ထဲမှာ ငါးမူးသား ရွှေလက်စွပ်ပျောက်သွား၍ ဒေါသထွက်သည်ဟု ခံယူထားသတဲ့လား။ ချစ်သူ သက်တမ်း ခုနစ်လပြည့်ဆိုတာကြီးကို သူမ မေ့နေလေရော့သလား'

သို့မဟုတ်

လုံးလုံးလျားလျား မေ့ထားသတဲ့လား ?



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမှုရောဒေါသပါ ပြည့်ကျပ်နေသော ရင်ဘတ်၌ သွေးခုန်နှုန်းက မြန်လွန်းသည်။

'တနင်္လာနေ့ ပျောက်သောပစ္စည်း ပြန်မတွေ့တတ်၍ လက်လျှော့သည်တဲ့'

ရွှေငါးမူးသား လက်စွပ် ဘယ်လောက်ရှိသည်လဲ တဲ့။

အခုသွားဝယ်လို့လည်း ရသတဲ့လား။

သူ့ရင်ဘတ်မှာ နာကျင်မှု တစ်မျိုးက လာလာဆောင့်သည်။

ဆတ်ခနဲ ထိုင်ရာက သူထသည်။သူမအတွက် ပြောစရာစကား သူ့ထံတွင် ရှိသေးသတဲ့လား။ သူ ကျောခိုင်းကာ ထွက်လာခဲ့သည်။

သူမကလည်း ရုပ်ရှင်ကားများထဲကလို 'မောင်' ဟုလိုက်မခေါ်ပါ။ သူမကပင် တစ်ပြန်တလဲ စိတ်ဆိုး၍ နေသေးသည်။

ရဲလေးတို့ စောခိုင်တို့အတွဲကတော့ အဝေးကြီးမှာမို့ သူတို့နှစ်ယောက်ကို သတိထားမိမှာ မဟုတ်။

ဘာကို စိတ်တိုရမည်မှန်းမသိ၊ ဒေါသကမပြေနိုင်သေး၊

'တောက်'

ဘာမှန်းမှန်းမသိ 'တောက်' ခေါက်ဖြစ်သည်။

သူ သူမကို တော်တော်ကြီး စိတ်ကုန်သွားသည်ကတော့ အမှန်ပင်။ တနင်္လာနေ့၊ ပျောက်သော ပစ္စည်း။

ချစ်သူသက်တမ်း ခုနစ်လပြည့် အမှတ်တရ။

သူ့အတွက်ကတော့ အမှတ်တရ ပစ္စည်း။

သူမကတော့ ရွှေငါးမူးသား လက်စွပ်၊

အချိန်မရွေး ဝယ်၍ရသော သာမန် ရွှေလက်စွပ်။

တဆိတ်။

သူ့ရင်ဘတ် နာလို့နေလွန်းသည်။

ဆို့နင့် မွန်းကြပ်စွာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မောင် ပေါ်မလာတော့လည်း သူမမျှော်မိသည်။

'ငါပြောတဲ့ စကားလွန်သွားတယ်ဟ၊ ငါလဲ မွန်ထူနေတဲ့အချိန်၊ သူကလည်း မျက်လုံးပြူး မျက်ဆံပြူးနဲ့ဆိုတော့ စိတ်တိုတိုနဲ့ ပြောမိလိုက်တယ်'

'အခု ဘယ်လိုလုပ်မလဲ အရင်ကတော့ နင်ကောက်သလောက် သူလာလာချော့နေကြ၊ အခု သူကောက်ပြီ၊ နင်လိုက်ချော့ခြေ'

'အိုး မချော့နိုင်ပါဘူး ထုံးစံမရှိစေရဘူး'

'အောင် မာမာ မှားတာက နင်လေ မိသက်နှင်းရဲ့ နင်ပဲ အရင့်သီးဆုံး စကားတွေနဲ့ ပြောပစ်လိုက်တာလေ'

'ဟုတ်တယ်၊ အာကာက အနုပညာသမားဟဲ့၊ ပိုခံစားတတ်တဲ့ သဘောရှိတယ်။ နင်က သူ့အမြတ်တနိုးနဲ့ ဘယ်အချိန်ထဝယ်ဝယ် ဝယ်လို့ရတယ်လို့ ပြောလိုက်တာ၊ သူမို့လို့ပဲ၊ ကျန်တဲ့ ရည်းစားဆိုရင်လေ ဖနောင့်နဲ့တောင် ပေါက်သွားပြီ'

တစ်ယောက် တစ်ပေါက်စီ။ တကယ်တမ်း တွေးမိတော့လည်း မောင့်ဘက်က မှန်သလိုလို။

'သက်နှင်း မှားပါပြီ မောင်ရယ်' ဟု တောင်းပန်ရမတဲ့လား၊ မတောင်းပန်နိုင်၊ တော်ကြာ မောင်က လက်ခမောင်းထခတ်နေနိုင်သည်။

သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ ဖြစ်တိုင်းမောင်က အလျှော့ပေးနေကျ၊ ဒီတစ်ခါလည်း သေချာပေါက် မောင်လာမှာပဲဖြစ်သည်။

ဒီတစ်ခါတော့ သူမ မမှုတော့ပါ။ မောင်သာ သူမတို့ တိုက်ခန်းသို့ အရောက်လာပါစေ၊ သူမ နွေးနွေးထွေးထွေး ကြိုဆိုရန် အသင့်။

တကယ်တမ်း မတွေ့ရသော ရက်များကြာလာတော့ မောင့်ကို သူမ လွမ်းသည်။

ချိုမြသောစကားသံနှင့် ရွှင်ပြသော မောင်။

ညင်သာ နူးညံ့သော မောင့်အပြုံး။

မောင့် ၏အနမ်း၊ အရာရာ သည် လွမ်းဖွယ်။

'အေး အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်မယ် မိသက်နှင်းရဲ့။ ကိုရဲလေးနဲ့ ကိုစောခိုင်ကို မေးလိုက်ရင် 'ဒီကောင် သိပ်အလုပ်များနေတယ်' ဆိုတာချည်းပဲ။ စကားလှအောင် ပြောနေတာလည်း ဖြစ်နိုင်တယ်။ နောက်ပြီး တကယ်အလုပ်များတာလည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ဘယ်လောက်ပဲ အလုပ်များများ၊ ဘယ်ယောကျ်ားလေးကမှ ကိုယ့်ချစ်သူကို ချော့ဖို့ မေ့လေ့မေ့ထ မရှိဘူး'

'အလုပ်များတယ်ဆိုတဲ့နေရာမှာ သူ့လုံးချင်းထွက်ဖို့ ဘာညာပဲ ဖြစ်ရင်တော့ ကောင်းတယ်။ လုပ်ဖော်ကိုင်ဖက် ကောင်မလေး၊ သို့မဟုတ် ညီမကလေးတွေဘာတွေနဲ့ ဖြစ်နေမှာပဲ စိုးရတယ်။ ဒီတစ်ခါ သူ သိပ်အထိ နာသွားတာဆိုတော့'

မိကြူနှင့် မေသန္တာတို့၏ စကားများက သူမနားထဲသို့ မဆန့်မပြဲ ဝင်ရောက်သည်။

ဒါကို ရင်ဘတ်က စိုးရိမ်သည်။ ထို စိုးရိမ်စိတ်နှင့်အတူ ရင်ဘတ်က ပူလာပြန်သည်။ သဝန်တိုစိတ်လား၊ မနာလို စိတ်လားမသိ၊ ဝင်လို့ လာပြန်သည်။

မောင် . . . . . .

မောင်က ထိုသို့သောလူ မဟုတ်။

မောင်သည် သစ္စာတရားကို ကိုးကွယ်သူ။

ပြီးတော့

သူမကို အရမ်းချစ်သည်။

'ဒီတစ်ခါက သိပ်အထိနာသွားသည်တဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'မောင့်ကို နာကျင်ပါစေတော့' ဟူသော သဘောမျိုး မရှိခဲ့ရိုး အမှန်၊ သူမထံ၌ အမုန်းတရားဟူသည် မောင့်အတွက် မရှိ၊ စိတ်ဆိုးသည် ဆိုသည်က လည်း ခဏ။

မောင်မချော့ခင် ပျော့နေပြီးသား မဟုတ်လား။

မောင့်ကို ကြာကြာစိတ်ဆိုးရန်အင်အား သူမမှာရှိမတဲ့လား မောင်ရေ၊ သူမ အော်ပစ်ချင်သည်။

ဒီတစ်ခါ မောင်မလာသော ရက်များက သူမကို နှိပ်စက်လွန်းသည်။ မောင်သည် သူမကို အမှန်တကယ်ပင် နာကြည်းသွားလေပြီလား။

မိကြူတို့ ပြောသလို တစ်ယောက်ယောက်၏ ရင်ခွင်မှာ သောကတို့ ဖြေဖျောက်နေမှာမျိုးကိုတော့ ဘယ်နည်းနှင့်မှ သူမ လက်မခံနိုင်။

ဘာပဲပြောပြောမောင်နှင့် ချစ်သက်တမ်းတစ်နှစ်ပြည့်ရန် ရက်သတ္တပတ်လောက်သာလိုသည်။

သူမကပဲ မှားပါပြီဟု မာန်မာနတွေ ခဝါချကာ မောင့်ဆီ သွားရမည်လား။ သို့မဟုတ် ကိုရဲလေးနှင့် ကိုစောခိုင်တို့ကိုပဲ အကူအညီ တောင်းရမည်လား။

မောင် . . . . . . . . . .

'တကယ်ပဲ နာကြည်းသွားလေပြီလား' ဟူသော အတွေးက သူမကို မောပန်း မွန်းကြပ်စေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါတို့ ထင်တောင် ထင်မထားဘူး၊ တော်တော်ကြီးကို စိတ်မာပါလား'

'စိတ်မာတာ မဟုတ်ဘူးရဲလေး၊ စိတ်နာတာ၊ ငါအမြတ်တနိုးနဲ့ ပေးထားတဲ့ ပစ္စည်းတစ်ခုကို သာမန် လမ်းဘေးမှာ ကောက်ဝယ်လို့ရတဲ့ ပုံစံမျိုး ချိုးတာကို ငါမခံချင်တာ။ ထားပါ။ တနလ်ာနေ့ပျောက်တဲ့ပစ္စည်း ပြန်မတွေ့နိုင်ဘူးဆိုတဲ့ သူ့အယူကို ငါလက်ခံပါတယ်။ ရွှေငါးမူးသား လက်စွပ်ကို အခုထဝယ်လည်း ရတယ်ဆိုတာက ရင့်လွန်းပါတယ်ကွာ'

ပြောရင်း သူ့မျက်ရည်များပင်ဝေ့ဝဲလို့လာသည်။ ရက်စက်လိုက်ပါဘိ။ ရဲလေးနှင့် စောခိုင်က မျက်နှာငယ်လေးဖြင့် သူ့ကို ငေးကြည့်နေကြသည်။

'သူလည်း မင်းသိမှာ ကြောက်နေရက်က သိသွားတော့ အများမှားအယွင်းယွင်းတွေ ဖြစ်သွားတယ်ထင်ပါရဲ့ကွာ၊ ဒီတစ်ခါတော့ . . . '

'တော်ပါပြီကွာ . . . . . . . '

ရဲလေး၏ စကားမဆုံးခင်မှာ သူ ဖြတ်ကာ ပြောလိုက်သည်။ တကယ်တမ်းခံစားနေရသည်ကား မှန်သည်။ ညှိချင်ပါသည်။ ညှိနှိုင်းချင်လွန်းလှပါသည်။ ရမတဲ့လား။

သူမ၏ တိုက်ခန်းလေးဘက်ဆီ အလုအယက် အပြေးအလွှားသွားနေချင်သော စိတ်တို့ကို ထိန်းသိမ်းနေရသော ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



ခဲယဉ်းလှသော ဒုက္ခ။ စိတ်ကို ထိန်းသိမ်းရသော ဒုက္ခလောက် ပင်ပန်းဆင်းရဲသောဒုက္ခမျိုး ရှိအံ့မထင်။ ဘဝင် ညှိုးခဲ့သမျှ ပင်ပန်းလွန်းလှသည်။ သူမက အချစ်ခံရဆုံး အချစ်ဦး မဟုတ်ပါလား။

'ဒီလိုပဲ ဇာတ်သိမ်းတော့မှာလားကွာ၊ မင်းလည်း သူ့ကို မုန်းလို့ မရပါဘူး။ သူလည်း ဒီလိုပဲ၊ သူက မိန်းကလေးဆိုတော့ ပိုခံစားရမှာပေါ့ကွာ၊ မုန်းလို့ ခွဲခွာရတာပဲရှိတယ်။ ချစ်ရက်နဲ့ ခွဲရတယ်ဆိုတာကြီးကတော့ မဖြစ်သင့်ပါဘူးကွာ'

ရဲလေး၏ စကားကြောင့် သူတစ်ချက် မဲ့ပြုံးပြုံးဖြစ်သည်။

သက်နှင်းကို သူ အသက်လောက် ချစ်ပါသည်ဟု ဆိုလျှင် ပိုရာကျပေမည်။ သူ သက်နှင်းကို ပြောမပြတတ်လောက်အောင်ကို ချစ်ပါသည်။

ထို့ကြောင့်လဲ ဤသို့ ရင်နာနေရသည်ပေါ့။

ဒါပေမယ့် ယောကျ်ားတစ်ယောက်မှာရှိသော မာနနှင့်သိက္ခာ။

သူအမြဲ အရှုံးပေးခဲ့သည်ချည်းသာ။ သို့သော် ဒီတစ်ခေါက်က ဘယ်လိုမှသင်ပုန်းခြေလိုက်ဖို့ရာ မဖြစ်နိုင်လောက်အောင် သူမ စော်ကားလွန်းစသည်။

မျက်စိကို 'ဖျတ်ခနဲ' အမှိတ်မှာ မျက်ရည်ပူတစ်ပွင့်က ခုန်ဆင်းသည်။

'ကျွတ်' ဒီမိန်းကလေးအတွက် သူ့မျက်ရည် ကျသင့်သတဲ့လား၊ ဘယ်လိုမှ မဖြစ်သင့်။

'မင်း စာအုပ် ဒီတစ်ခါဆို ဘယ်နှစ်အုပ်မြောက်လဲ'

'ဆယ့်နှစ်အုပ်'

'ဒါဆို မင်းနဲ့ သူ ချစ်ကြတာ တစ်နှစ်ပြည့်တော့မယ်ပေါ့'

'အေး'

စိတ်မပါ လက်မပါ 'အေး' ပေးလိုက်သည်။ ခုနစ်လပြည့် ချစ်သက်တမ်းမှာ ချစ်မြတ်နိုးစွာပေးသော အမှတ်တရကို ခုနစ်လ မပြည့်ခင် ဖျောက်ပစ်နိုင်သော သူမ။ ခပ်ဆိုးဆိုး ချစ်သူ။ ဒါပေမယ့် သူ ချစ်သည်။

'ဒီတစ်ခါရော အမှတ်တရ စာအုပ်မပေးတော့ဘူးလား'

'. . . . . . . . . .'

ထပ်မံ မေးခွန်းထုတ်လာသော ရဲလေး၏ အမေးကို သူမဖြေချင်ပါ။ မဖြေဖြစ်။ ဒီတစ်ခါတော့ သူ ရင်နာနေရဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်လေးသည် ပိုင်ရှင်မဲ့နေလိမ့်မည်။

ရင်ဘတ်က အတိုင်းအတာမရှိ နာကျင်သည်။ အသက်ရှူလိုက်တိုင်း ဟာ တာတာကြီးဖြင့် အနေရ အထိုင်ရ ခက်ကာ ဆိုးရွားလွန်းလှသည်။

ချစ်သက်တမ်း တစ်နှစ်ပြည့်။

သူ့အနေနှင့်ကတော့ မှတ်မှတ်ရရ ရှိသည်။ လေးလေးနက်နက်လည်း ရှိပါသည်။

မေ့နိုင်မတဲ့လား၊ ဒီလိုရက်မျိုးကို။ ဒါပေမယ့် သူမကတော့ မေ့ကောင်း မေ့နေပါလိမ့်မည်။

အမှတ်တရ လက်စွပ်ကလေးကိုတောင် တန်ဖိုးမထားတတ်သော သူမက ချစ်သက်တမ်း တစ်နှစ်ပြည့် ဆိုတာကြီးကို အေးအေးဆေးဆေးနဲ့ မေ့ မေ့ပျောက်ပျောက်ဖြင့် ကျော်လွှားသွားလိမ့်မည်။ သူရော။ သူကတော့ လာမည့် တစ်ပတ်ဆိုသော အချိန်တို့ကို ခဲယဉ်းစွာ ဖြတ်သန်းရပေလိမ့်မည်။

ရှိပါစေ။

သူသည် ယောကျ်ားတစ်ယောက် ဖြစ်သည်လေ။

မျက်ရည် မကြွေ။

ရင် နွေ မခစေရ။

'ဟယ်တော့ ငါထင်တဲ့ အတိုင်းပဲ'

'အလန့်တကြားနဲ့ ဘာဖြစ်တာလဲ'

'ကြောင်သွားပြီလားဟင်'

သက်နှင်းကို မိကြူနှင့် မေသန္တာတို့က တစ်ယောက်တစ်ခွန်းစီ သမ ကြသည်။ သူမတို့၏ သူငယ်ချင်းမို့ အပြစ်လည်း မဆိုရက်။ သနားလည်းသနား။ သို့သော် ပြဿနာမှာက သူမတို့ သူငယ်ချင်းက အလွန်။

'မောင်နဲ့ ငါ ရန်ဖြစ်တဲ့နေ့က 13rd ရက်နေ့ကိုး'

'အဲဒါ ဘာဖြစ်လဲ'

'တုံးပါ့၊ အဲဒါ တကယ့်ပြဿဒါးနေ့ စစ်စစ်ကြီးလေ၊ ကမ္ဘာ့ Un Lucky Day လေဟာ 13rd ဂဏန်းက ကံမကောင်းတဲ့ ဂဏန်း'

'လုပ်ပြီ အခုထိ မမှတ်သေးဘူး'

'ဘာကိုလဲ'

'အဲတာတွေကြောင့် ပြဿနာတက်တာကိုလေ၊ သွားပြောပါလား၊ အာကာ့ကို အဲဒီနေ့က 13rd နေ့မို့ ဖြစ်တာပါလို့၊ စိတ်ကောက်တော် မမူပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့’

‘ပြောသင့်ရင်တော့ ပြောရမှာပဲ’

မိကြူနှင့် မေသန္တာက သက်နှင်းကို မျက်စောင်းထိုးသည်။

လွမ်းနာကျပြီး သေတော့မည့် ပုံစံ ဖြစ်နေသည့်ကြားက စွာလို့ကောင်းတုန်း။

သက်နှင်း ရယ်နေရင်းက ရုတ်ခြည်း မျက်နှာညိုးသွားရသည်။

မောင်နှင့် မတွေ့ရသည်မှာ ရက်ပေါင်း နှစ်ဆယ်ပင် ကျော်၍လာခဲ့သည်။ မောင် နေနိုင်လွန်းသည်။

သူမကရော။

သူမကတော့ အလူးအလဲ ဖြတ်သန်းခဲ့ရသည်လေ။

‘ငါ မောင်နဲ့ ချစ်သက်တမ်း တစ်နှစ်ပြည့်ကျရင် မောင်နဲ့ ထိုင်နေကျကန်ပေါင်က ခုံလေးမှာ သွားချင်တယ်၊ ငါ့ကို လိုက်ကူကြဦးနော်’

‘ပြက္ခဒိန် ကြည့်ဦးမယ်၊ ပြဿဒါးဆိုရင် လိုက်မကူနိုင်ဘူး’

မိကြူက ခပ်ဆောင့်ဆောင့်ဆိုသည်။ မေသန္တာက ပြက္ခဒိန်ကို ပြေးလှန်သည်။ ဝရုန်းသုန်းကား။

‘ဟယ် ရက်ရာဇာတော့’

ရက်ရာဇာတဲ့ သူမရင်ထဲ လှပ်ခနဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



**ရက်**ရာဇာ . . .

သူ ပြက္ခဒိန်ကို လှန်ထားရာမှ လွှတ်သည်။ သူမသာဆို ရက်ရာဇာ ကြုံကြိုက်သည်ဟု ခုန်ပေါက် မြူးတူးနေပေလိမ့်မည်။

မပေးဖြစ်သော သူ၏ ဆယ့်နှစ်အုပ်မြောက် လုံးချင်းဝတ္ထုလေးကို ကိုင်ရင်း စိတ်နှင့် ခန္ဓာလွတ်နေသူလိုမျိုး ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

အင်းလျားကန်စောင်း။

ဒါပါပဲ။ သူမနှင့်အတူ အများဆုံး သွားခဲ့သောနေရာ။ ခုံလေးက အထီးကျန်နေသော သူ့ကို ခပ်တည်တည်ကြည့်သည်။ အင်းလျားရေပြင်က လှုပ်လှုပ်ရှားရှားဖြင့် သူ့ကို ခနဲ့နေသယောင်ယောင်။

ခုံမှာ ထိုင်မိချိန် ရင်ထဲမှာ စူးခနဲ၊ နာကျင်သည်လား၊ မွန်းကြပ်သည်လား ဝေဒနာကို မခွဲခြားနိုင်တော့။

သူမကတော့ ပေါ့ပေါ့ပါးပါးလေးပဲ ရှိကောင်း ရှိနေနိုင်မည်။

သူခေါင်းကို ငုံ့ကာ ဆံပင်ထဲ လက်နှစ်ဖက်လုံးထိုးကာ ဖွနေမိသည်။ စာအုပ်လေးက သူ့ဘေးမှာ လေတိုက်သဖြင့် 'ဖလပ်' 'ဖလပ်' ဖြစ်နေသည်။

ဒီနေ့ မေ့ထားချင်သော်လည်း မမေ့၊ သက်နှင်းနှင့် ချစ်သူ့သက်တမ်း မပတ်သေးပါဘူးလေ၊ ချစ်သူသက်တမ်းဆယ့်တစ်လ ကျော်မှာပဲ ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းခဲ့ပြီပဲ။

ဆယ့်နှစ်လပြည့်၊ တစ်နှစ်ပြည့်လို့ ဘယ်ပြောနိုင်ပါ့မလဲ။

မောင်

သူမရင်တွေ မောင်နှင့် စတွေ့ခါစကလိုမျိုး ခုန်သည်။ ခုန်စမ်းပါစေ၊ မောင်။ မောင် သူမတို့ ထိုင်နေကျ ခုံလေးမှာ ခေါင်းစိုက်စိုက်လေး ထိုင်လို့၊ သနားစရာ။

‘ငါတို့ သွားမယ်နော်’

လေသံတိုးတိုးလေးဖြင့် မိကြူက ဆိုသည်။ မေသန္တာခေါင်းလိုက်ညိတ်သည်။ သူခေါင်းညိတ်ပြမိသည် ထင်သည်။

သူမ မောင်ရှိရာ ခုံလေးဆီ တစ်လှမ်းချင်း။

သူမရင်တို့က တဒိတ်ဒိတ်။

မောင်ကတော့ ခေါင်းကို ငုံ့ထားဆဲ။

ဒီရေမွှေးနံ့ကို သူ ကောင်းကောင်းကျက်မိသည်။

သက်နှင်း။

ဟုတ်ပါ့မလား ဟူသော အတွေးလည်းဝင်သည်။ နောက်ကို လှည့်မကြည့်ချင်။ ဟုတ်နေမလားနှင့် ဟုတ်ပါ့မလား၊ နှစ်ခုက သူ့ရင်ခုန်သံကို ဝုန်းဒိုင်းကြဲ နေစေသည်။

ခြေသံလေး။

ရေမွှေးနံ့ သင်းပျံ့ပျံ့။

ပြီးနောက် . . . . . ခြေသံ။

ခုံစွန်းမှာ ဖျတ်ခနဲ၊ အရိပ်တစ်ခု၊ အာကာ ခေါင်းကို လှည့်၍ ကြည့်သည်။ သက်နှင်း။

ရှိုးတို့ရှန့်တန့်အမူအရာလေးဖြင့် ခုံစွန်းမှာ ညင်သာစွာ ဝင်ထိုင်သည်။ ဆိုးသောချစ်သူ၊ ချစ်သောချစ်သူ၊ အချစ်ဆုံး ချစ်သူ၊ ကြည့် သူ့ကိုလည်း မရဲတရဲ ကြည့်လို့နေသေးသည်။

သူ စကားပြောရမှာကို ရှက်တက်တက် ဖြစ်နေသည်။ သူမကရော၊ သူမသည်လည်း ခေါင်းငုံ့ကာ လက်ဖဝါးချင်းပွတ်ကာ ထိုင်နေဆဲ။

သူ စာအုပ်လေးကို ကောက်ကိုင်လိုက်သည်။ ပိုင်ရှင်ရောက်လာပြီ ပေးလိုက်ရမည်လား။

သက်နှင်းတစ်ယောက်လည်း ရင်ခုန်လွန်း၍ မော၍ပင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်' ဟု တမ်းတလွမ်းဆွတ်စွာ ခေါ်ရင်း မောင့်ရင်ခွင်ထဲကို တိုးဝင်လိုက်ရမလား၊ သူမ ငိုချင်ချင် ဖြစ်နေသည်။ မောင်က သူမကို လုံးဝမခေါ်။

အာကာချွေးစေးများ ပြန်ကာလာသည်။ သူစာအုပ်ကို ပေးရန် မည်သို့ စကားစရမည်နည်း။ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ တွေ့ရသောအခါ သူဆွံ့အ နေမိသည်။

'ရော့'

နောက်ဆုံးတော့ 'ရော့' ဆိုတာကို ပင်ပင်ပန်းပန်းပြောရင်း သူမရှေ့ကို စာအုပ်ထိုးပေးဖြစ်သည်။

သက်နှင်းရင်မှာ လှိုက်ခနဲ။ မောင်. . . . . မောင်ရယ်။

စာအုပ်ကို လှမ်းအယူ မောင်က လက်ကိုဆွဲပြီး သိုင်းဖက်သည်။ သူမ ဝမ်းနည်းစွာနဲ့ ရှိုက်မိသည်။

ရင်ခွင်မှာ မျက်နှာအပ်ရင်း ငိုနေသော ချစ်သူကို ထွေးဖက်ထားရင်း သူကြောင်နေသည်။ ဘယ်လို နှစ်သိမ့်ရပါ့။

ရင်က တဒိန်းဒိန်းခုန်လို့။

BURMESE CLASSIC .com

သူမ၏ နဖူးပြင် နုနုကို၊ ပြီးတော့ သူ . . . . . . . . . .။

အင်လျားကန် ရေပြင်က သူတို့နှစ်ယောက်ကို အရှက်ကြီး ရှက်ကာ မျက်လွှာကို 'ဆတ်'ခနဲ ပိတ်သည်။ ထိုအရှိန်ကြောင့် ကမ်းစပ်ပေါင်ကို ရေလှိုင်းက 'ဖျန်း'ခနဲ လာရိုက်ခတ်သည်။ ရေလှိုင်းငယ် ရိုက်ခတ်သဖြင့် မြက်ပင် မရှည်တရှည်တို့နှင့် ကန်ပေါင်ကွန်ကရစ်တို့ ထိကာ ပွတ်တိုက်သည်။ ထွက်လာသော အသံကား ။

'ရှက် . . . ရှက်. . . . ရှက် ရှက် . . . ' ဟု . . .

ကြိုးစားပါဦးမည်

ပြည့်ပိုင်မှူးခိုင်

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com